# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

**ပါပဝဂ်(ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၅၀)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် Harvard Foundation 2016 Humanitarian of the Year ဆု လက်ခံရယူ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Harvard Foundation 2016 Humanitarian of the Year** ဆု လက်ခံရယူစဉ် (ဓာတ်ပုံ - MOFA )

**ဘော်စတွန် စက်တင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ Harvard University ၏ Harvard Foundation က ချီးမြှင့်သည့် Harvard Foundation 2016 Humanitarian of the Year ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Harvard University, Science Centre ၌ ကျင်းပသည်။

အခမ်းအနားတွင် Harvard Foundation ၏ Director ဖြစ်သူ Dr. S. Allen. Counter က 2016 Humanitarian of the Year ဆုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ချီးမြှင့်ပေးအပ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လေ့လာစိစစ်သုံးသပ်မှု ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အစီရင်ခံတင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်**

**"သတင်းထုတ်ပြန်ချက်"**

၁။ ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်ကို (၁၂-၈-၂၀၁၆) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို (၂၂-၈-၂၀၁၆)ရက်နေ့နှင့် (၂၃-၈-၂၀၁၆) ရက်နေ့များတွင် လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို(၂၉-၈-၂၀၁၆)ရက်နေ့နှင့် (၃၀-၈-၂၀၁၆) ရက်နေ့များတွင် လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို (၅-၉-၂၀၁၆) ရက်နေ့နှင့် (၆-၉-၂၀၁၆)ရက်နေ့များတွင် လည်းကောင်း၊ စတုတ္ထအကြိမ်အစည်းအဝေးကို (၉-၉-၂၀၁၆) ရက်နေ့တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ ကော်မရှင်အနေဖြင့် ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များအား ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထိုသို့လေ့လာစိစစ်သုံးသပ်ရာတွင် ပြည်တွင်းပညာရှင်များသာမက လိုအပ်ပါက ပြည်ပပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ကော်မရှင်အဖွဲ့ဝင်များသည် ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းတည်ရှိရာဒေသသို့ ကွင်းဆင်းလေ့လာကြည့်ရှုနိုင်ရန် (၁၅-၉-၂၀၁၆) ရက်နေ့တွင် သွားရောက်ခဲ့ရာ မြစ်ကြီးနားမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ဒီမိုကရေစီနှင့် အတိုက်အခံအင်အားစုများ

ဒီမိုကရေစီ တိုးတက်ခိုင်မာဖို့ ပြည်သူ့ကိုယ်စားလှယ် စစ်စစ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်များ၊ ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များမှတစ်ဆင့် ရွေးချယ်ဖွဲ့စည်းသည့် အစိုးရအဖွဲ့တို့ လိုအပ်သကဲ့သို့ လွှတ်တော်တွင်း၊ လွှတ်တော်ပ၌ တောင့်တင်းခိုင်မာသော အတိုက်အခံလည်း လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

တောင့်တင်းခိုင်မာသည့် အတိုက်အခံဟူသည် ပြည်သူ့ထောက်ခံမှုလည်းရှိ၊ နိုင်ငံရေးသိက္ခာ၊ လူမှုရေးသိက္ခာလည်းရှိသည့် ပါတီအဖွဲ့အစည်းများကို ဆိုလိုပါသည်။ တစ်ခေတ်တစ်ခါက လက်ဝဲယိမ်း နိုင်ငံရေးအဖွဲ့အစည်းကြီးတစ်ခုဖြစ်သော ပမညတ (ပြည်ထောင်စုမြန်မာနိုင်ငံ ညီညွတ်ရေးတပ်ပေါင်းစု) ကဲ့သို့သော အတိုက်အခံအဖွဲ့အစည်း ရှိဖူးသည်။ လွှတ်တော်ထဲတွင် အနည်းစုသာ ဖြစ်သော်လည်း လွှတ်တော်တွင်းရော လွှတ်တော်ပတွင်ပါ နိုင်ငံရေး ဩဇာကြီးကြီးနှင့် ရပ်တည်နိုင်ခဲ့ဖူးသည်။ ပြည်သူ့ထောက်ခံမှု အတော်အသင့်ရှိသလို နိုင်ငံရေးရပ်တည်ချက်တွင်လည်း တိုင်းပြည်အကျိုးစီးပွားပေါ်မှာ အခြေပြုသည်ဟု ပြည်သူတို့က ယုံကြည်ကြသည့် အကြောင်းအရင်းက အင်အားကြီးတောင့်တင်းခိုင်မာသော အတိုက်အခံနိုင်ငံရေးအင်အားစုအဖြစ် တည်ရှိနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အတိုက်အခံနိုင်ငံရေးအင်အားစုဟု ဆိုသော်လည်း အစိုးရအဖွဲ့ကို အမြဲတမ်း ဆန့်ကျင်တိုက်ခိုက် ကန့်လန့်တိုက်နေခဲ့ခြင်းမဟုတ်။

နိုင်ငံရေးအယူအဆမတူသည်များ၊ နိုင်ငံရေးရပ်တည်ချက် မတူသည်များ၊ နိုင်ငံရေးလုပ်ငန်းစဉ် မတူညီသည်များကို လွှတ်တော်တွင်းတွင်ရော၊ လွှတ်တော်ပကပါ ဆန့်ကျင်ဖော်ထုတ်ကာ ပြည်သူလူထုကို တင်ပြစည်းရုံးခဲ့ကြသော်လည်း နိုင်ငံ့အကျိုးအတွက်၊ ဒီမိုကရေစီအကျိုးအတွက် အစိုးရအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဟု ယုံကြည်ခဲ့သည့်အခါများတွင် အစိုးရအဖွဲ့အတွင်း နေရာရရှိမှုကို ပဓာနမထားဘဲ အစိုးရကိုထောက်ခံခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။

ဆိုလိုသည်မှာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှု၍ နိုင်ငံရေးသဘောထားနှင့် အယူအဆကို မှန်မှန်ကန်ကန် ရွေးချယ်လုပ်ဆောင်နိုင်သည့်အခါ နိုင်ငံရေးသိက္ခာရှိရှိ၊ နိုင်ငံရေးဩဇာရှိရှိဖြင့် ရပ်တည်နိုင်ခဲ့သည့် လွှတ်တော်တွင်း လူနည်းစုသာရှိသော နိုင်ငံရေးတပ်ပေါင်းစုကြီးဖြစ်ခဲ့သည်။

ယခုကာလလို တိုင်းပြည်ပြန်လည်ထူထောင်ရေးနှင့် ဒီမိုကရေစီ တောင့်တင်းခိုင်မာရေးစသည့် လက်ငင်းဆောင်ရွက်စရာများရှိသလို ရေရှည် မြဲမြံခိုင်မာသည့် ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ဖို့အတွက် အရေးကြီးနေသည့်အခါတွင် နိုင်ငံရေးသိက္ခာရှိရှိ အတိုက်အခံအင်အားစုများ ရှိသင့်သည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။

နိုင်ငံရေးသိက္ခာရှိဖို့ နိုင်ငံရေးဩဇာကြီးဖို့ဆိုသည်မှာ နိုင်ငံရေးသမားတို့၏ ဖြောင့်ဖြူးမှု၊ နိုင်ငံရေးကို ခုတုံးလုပ်၍ ကိုယ်ကျိုးမရှာတတ်မှု၊ ပြည်သူ့အကျိုးအတွက် မိမိကိုယ်ကျိုးကို စွန့်လွှတ်နိုင်မှုစသည့် နိုင်ငံရေးသီလများ ပြည့်စုံဖို့လိုအပ်သလို၊ ကိုယ်ရည်ကိုယ်သွေးမြင့်မြင့်၊ အစွမ်းအစရှိရှိ သူများလည်း ဖြစ်ဖို့လိုအပ်ပါမည်။ ထို့အတူ နိုင်ငံရေးပါတီ အဖွဲ့အစည်းအနေဖြင့်လည်း ပြည်သူ့အကျိုးကို ဦးထိပ်ထားသည့် နိုင်ငံရေးလမ်းညွှန်မှုများ ဖော်ထုတ်နိုင်မှု၊ နိုင်ငံရေးစေတနာ ဖြူစင်မှန်ကန်မှု၊ ခေတ်မီသော အတွေးအခေါ်နှင့် အမြော်အမြင်ကြီးမှု စသည့်အရည်အသွေးများ ပြည့်စုံရန် လိုအပ်ပါမည်။

ရေရှည်တွင် နိုင်ငံတကာနှင့်ဝင်ဆံ့၍ တိုးတက်ထွန်းကားသော မြန်မာနိုင်ငံအဖြစ် တည်ရှိနိုင်ရေးအတွက် တစ်ဦးချင်း သီလဖြူ၊ အရည်အချင်းရှိသော နိုင်ငံရေးသမားများ၊ စိတ်စေတနာမှန်ကန်ကာ အမြော်အမြင်ကြီးသော နိုင်ငံရေးပါတီအဖွဲ့အစည်းများ တိုးတက်ပေါ်ပေါက်ကာ နိုင်ငံ့အကျိုးပြုနိုင်ကြပါစေသတည်း။ ။




## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## မြန်မာ့စီးပွားရေးဘဏ်များမှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်၊ ကရင်၊ ကယား၊ ရှမ်းပြည်နယ်ဒေသများရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၂၄ ခုသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM) တို့နှင့် ပူးပေါင်း၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် MPT, MEC Tel Sim Card အသုံးပြု၍ မိုဘိုင်းဝန်ဆောင်မှု ချိတ်ဆက်ထားခြင်းဖြင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ငွေသားပေးသွင်းခြင်း၊ ထုတ်ယူခြင်း၊ ဖုန်းပြောဆိုခ ငွေဖြည့်တင်ခြင်းနှင့် အငြိမ်းစားများသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရန် ညွှန်ကြားချက်ပေးထားခြင်းဖြင့် ဘဏ်သို့ အကြိမ်ကြိမ်လာရောက်ရန်မလိုဘဲ ကိုယ်တိုင်အငြိမ်းစားလစာဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစု အငြိမ်းစားလစာဖြစ်ပါက သုံးလတစ်ကြိမ်သာ လူတွေ့စစ်ဆေးခံရန်လိုအပ်ပြီး မိမိတို့လွယ်ကူအဆင်ပြေသည့် မြန်မာ့စီးပွားရေးဘဏ်သို့မဟုတ် MMM က ခန့်အပ်ထားသော နီးစပ်ရာ ပြင်ပအေးဂျင့်များတွင် လစာကို ရိုးရှင်းလွယ်ကူစွာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူနေရပ်ကွက်များအတွင်းရှိ တာဝါတိုင်များကြောင့် အနားရှိလူများ အနှောင့်အယှက်ဖြစ်

**သာစည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ပေါ်ရပ်ကွက်ကြီးများ၌ ဆဲလ်ဖုန်းတာဝါတိုင်ကြီးများ တည်ဆောက်ထားသဖြင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများမှာ အဆိုပါဆဲလ်ဖုန်းတာဝါတိုင်ကြီးမှတစ်ဆင့် ဆိုးကျိုးများကို ခံစားနေကြရကြောင်း သိရသည်။

မြို့ပေါ် ရပ်ကွက်ကြီး ခုနစ်ရပ်ကွက်ရှိ လူနေရပ်ကွက်များထဲမှ ဆဲလ်ဖုန်းတာဝါတိုင်ကြီးများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ထံသို့ ရပ်ကွက်လူထုက လက်မှတ်ရေးထိုး၍ ကန့်ကွက်စာများ ပေးပို့ထားသော်လည်း ယနေ့ထိဖယ်ရှားပေးခြင်းမရှိသေးကြောင်း သိရသည်။



လူနေရပ်ကွက်များအတွင်း ဆဲလ်ဖုန်းတာဝါတိုင်များ စိုက်ထူရာတွင် စာချုပ်ပါစည်းကမ်းချက်(၆)ချက်ပါရှိရာ လူအများကို ကျန်းမာရေးထိခိုက်မှုမရှိစေရပါဟုလည်းကောင်း၊ စည်းကမ်းချက် (၅)တွင် အရပ်ပတ်ဝန်းကျင်အား ဆူညံမှုမရှိစေရဟုလည်းကောင်း ပါရှိသော်လည်း လက်တွေ့နယ်ပယ်တွင် စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိနေရသဖြင့် ဒေသခံရပ်ကွက်လူထုတို့က ဆဲလ်ဖုန်းတာဝါတိုင်များကို လူနေရပ်ကွက်များထဲမှ အမြန်ဆုံးဖယ်ရှားပေးရန် လိုလားနေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ဘိုးဘွားများ ရွှင်လန်းစေရန် နှုတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မုဒုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့ ဘိုးဘွားရိပ်သာခန်းမ၌ စက်တင်ဘာ ၁၆ ရက်က မုဒုံဘိုးဘွားရိပ်သာနှင့် မေတ္တာစံအိမ်ဘိုးဘွားစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဘိုးဘွားများ စိတ်ရွှင်လန်းတက်ကြွစေရန် နှုတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မှတ်မှတ်ရရ ဘိုးဘွားများ၏ ငယ်ဘဝအတွေ့အကြုံ ပြောပြရခြင်းဖြစ်ကာ ဘိုးဘွားများပျော်ရွှင်မှုရရှိစေပြီး ဘိုးဘွားအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မုဒုံမောင်မောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၈-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၃.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၄.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းနှင့်တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များအား ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်မှ ပညာရေးကဏ္ဍမြှင့်တင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့မြှင့်တင်ဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအသိုက်အဝန်းမှ တာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေး၊ ပြည်ဝင်ခွင့်ဗီဇာသက်တမ်း တိုးမြှင့်ဆောင်ရွက်ပေးရေးကိစ္စရပ်များအား ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များအား တွေ့ဆုံစဉ်**
(သတင်းစဉ်)

❋ *ရှေ့ဖုံးမှ*

ပထမဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

၅ ။ ကော်မရှင်အဖွဲ့ဝင်များသည် (၁၆-၉-၂၀၁၆) ရက်နေ့တွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တည်ရှိရာနေရာသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ရာ စီမံကိန်းဆောင်ရွက်ခဲ့သည့် China Power Investment Corporation မှ တာဝန်ရှိသူများက စီမံကိန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့်အချက်အလက်များကို ကော်မရှင်အဖွဲ့ဝင်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် စီမံကိန်းကြောင့် ရွှေ့ပြောင်းခဲ့ရသည့် အောင်မြင်သာနှင့် မလိယန်ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ဒေသခံရပ်မိရပ်ဖများ၊ ရွာသူ ရွာသားများနှင့်တွေ့ဆုံကာ ၎င်းတို့၏ သဘောထားများနှင့် ခံစားချက်များကို မေးမြန်းခဲ့ပါသည်။

၆ ။ ကော်မရှင်အဖွဲ့ဝင်များသည် (၁၇-၉-၂၀၁၆)ရက်နေ့တွင် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအတွက် Construction Power ပေးရန် တည်ဆောက်ခဲ့သည့် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ခဲ့ရာ China Power Investment Corporation မှ တာဝန်ရှိသူများက ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးပို့ရန် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

၇ ။ ကော်မရှင်အဖွဲ့ဝင်များသည် (၁၈-၉-၂၀၁၆)ရက်နေ့တွင် မြစ်ကြီးနားမြို့၌ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ သဘောထားများကို ပြည့်ပြည့်စုံစုံ ရယူမှတ်သားခဲ့ပါသည်။

၈ ။ ကော်မရှင်သည် စီမံကိန်းများဆောင်ရွက်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုး သက်ရောက်မှုများ၊ စီမံကိန်းများဆောင်ရွက်ခြင်းကြောင့် ဧရာဝတီမြစ်ရေရှည်တည်တံ့နိုင်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေနှင့် ဧရာဝတီမြစ်၏ ရေသယံဇာတများ ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများ၊ စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် သင့်-မသင့်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေး ညှိနှိုင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ၏ ခံစားချက်များနှင့် သဘောထားအမြင်များ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး လေ့လာစိစစ်သုံးသပ်မှု ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အစီရင်ခံတင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၉ ။ ထို့အပြင် ကော်မရှင်အနေဖြင့် ပထမအစီရင်ခံစာမတင်သွင်းမီ လိုအပ်ပါက နိုင်ငံတော်သမ္မတထံ ကြားဖြတ်အစီရင်ခံစာတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်**
**နေပြည်တော်**

# ရေတာရှည်၌ တစ်ပိုင်တစ်နိုင်ငါးမွေးမြူသူများ နည်းပညာလိုအပ်



**ရေတာရှည် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာအုပ်စုအတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ စတင်လုပ်ကိုင်သူများပြားလျက်ရှိပြီး နည်းပညာပိုင်းအားနည်းမှုကြောင့် ငါးသားပေါက်များ နေ့စဉ်သေဆုံးနေကြရကြောင်း သိရသည်။

"ကျွန်တော်တို့က မြန်မာမျိုးရင်းငါးခူနဲ့ အာဖရိက မျိုးစပ်ငါးခူသားပေါက်ကို ရန်ကုန်ကနေ တစ်ကောင်ကို ငွေကျပ် ၃၀ နှုန်းနဲ့မှာပြီး မွေးတာ၊ သားလောင်းလေးတွေဆိုတော့ တစ်နေ့ကို အကောင် ၁၀၀ လောက်ကိုသေနေတာ၊ အကောင်ရေ ၅၀၀၀ မှာထားတာ၊ အခုရက်ပိုင်းမှာ ၁၅၀၀ လောက်သေသွားပြီ"ဟု ဆင်ဝွေကျေးရွာနေ ငါးမွေးမြူသူတစ်ဦးက ပြောကြားသည်။

စပါးစိုက်ပျိုးသည့် တောင်သူများဖြစ်သည့်အားလျော်စွာ အပိုဝင်ငွေရရှိရန်အတွက် ငါးမွေးမြူကြခြင်းဖြစ်သော်လည်း နည်းပညာပိုင်းတွင် သိရှိသူ အလွန်နည်းပါးနေသေးကြောင်း သိရသည်။

"မိုးကာစနဲ့ဆိုတော့ အပူချိန်မြင့်တယ်၊ ငါးသားပေါက်လေးတွေက ဒဏ်မခံနိုင်ဘူး။ နောက်ငါးခူဆိုတာက အကောင်ကြီးက အကောင်သေးတွေကိုစားပစ်တာ၊ ၁၀ ပေပတ်လည်မှာ အကောင် ၃၅၀၀ ကျော်ထည့်ထားရင် ကျပ်နေတယ်၊ ခွဲထားဖို့လိုတယ်။ မြေကြီးအောက်ကို အနက်နှစ်ပေတူးလိုက်ရင် အပေါ်ကို မြေစာက တစ်ပေတက်လာမယ်။ အောက်ခံကို ဇာပိုက်ခံပြီး မွေးရမှာပါ"ဟု တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးက ပြောကြားသည်။

လက်ရှိငါးမွေးမြူသူများတွင် နှစ်လက်မအရွယ်သားပေါက် အကြီးမွေးမြူသူများ သေဆုံးမှုနည်းပါးပြီး ရက်သားအရွယ်သားပေါက်များမှာ သေဆုံးမှုများပြားနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ။

# ထွန်စက်နှင့် ထွန်ယက်ကိရိယာများ စက်စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**ပြည် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပသော Kubota ထွန်စက်နှင့် ထွန်ယက်ကိရိယာများ သက်တမ်းရှည်စွာစွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ပြည်ခရိုင် အမှတ် (၃၀) စက်မှုလယ်ယာစခန်း၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဆန်းအောင်က နိုင်ငံတော်ကပေးအပ်ထားသော Kubota စက်ကြီးများဖြင့် တောင်သူလယ်သမားများအား လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုတွင် ထိရောက်စွာ အကျိုးပြုဆောင်ရွက်ပေးနိုင်ရန်အတွက် ထွန်စက်နှင့် ထွန်ယက်ကိရိယာများကို သက်တမ်းကြာရှည်စွာ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ခရိုင်ဦးစီးမှူး၊ သာယာဝတီခရိုင်ဦးစီးမှူး၊ ပြည်ခရိုင်အတွင်းရှိစခန်းလေးခုမှ မြို့နယ်ဦးစီးဌာနမှူးနှင့် လက်တွေ့ကိုင်တွယ်အသုံးပြုနေသော ဝန်ထမ်းများ၏ တင်ပြချက်များကို တိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူးတို့က ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စိုက်ပျိုးစရိတ် ချေးငွေကျပ် ၂၇၇၀၂ သိန်း ထုတ်ချေးပြီးဖြစ်

**ကျောက်ဖြူ စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ၂၀၁၆ ခုနှစ် မိုးရာသီတွင် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက်က စတင်ထုတ်ချေးကာ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာအုပ်စု ၅၄ စု၊ လူဦးရေ ၉၂၅၄ ဦး၊ လယ် ၁၃၄၆၈ ဧကအား စုစုပေါင်းချေးငွေကျပ် ၂၇၇၀၂ သိန်းကို အပြီးအပိုင်ထုတ်ချေးပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက်က မြို့နယ်စိုက်ပျိုးဘဏ်မန်နေဂျာ ဦးအောင်နိုင်ထံမှ သိရသည်။

**အောင်လှဖြူ**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးလက်ကမ်းစာစောင်များဝေငှ

**ပျဉ်းမနား စက်တင်ဘာ ၁၈**



နေပြည်တော် ပျဉ်းမနားမြို့နယ် လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဇေလတ်မျိုးနှင့် လျှပ်စစ်ဝန်ထမ်းများသည် စက်တင်ဘာ ၁၇ ရက်က ပျဉ်းမနား အထက(၁)၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးလက်ကမ်းစာစောင်များဝေငှကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးပိုစတာအား ကျောင်းအတွင်း ဆောင်ရွက်ထားရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**

*ကျောဖုံးမှ*

ပေါ်တွင် ထုတ်လုပ်ဖြန့်ချိပေးနေမှု၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရာသီဥတု စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုလေ့လာ

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မိုးလေဝသခန့်မှန်းချက်များသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ခန့်မှန်းချက်များကို ပြည်သူတို့ထံ တိတိကျကျ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့်မှာကြားပြီး မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်နှင့် သတိပေးချက်များကို ထုတ်ပြန်ပေးခြင်း၊ မြေငလျင်သတင်း ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခြင်း၊ တိုင်းတာချက်များကို သတ်မှတ်ချိန်များတွင် တိုင်းထွာရယူခြင်း၊ မှတ်တမ်းအချက်အလက်များကို ပြည်တွင်းပြည်ပဖလှယ်ခြင်း၊ တိုင်းတာရရှိသော မှတ်တမ်းအချက်အလက်များကို မိုးလေဝသမြေပုံများ၊ ဂရပ်များပေါ်တွင် ရေးဆွဲခြင်းနှင့် နိုင်ငံတကာ မိုးလေဝသအဖွဲ့အစည်းများ၏ ခန့်မှန်းချက်များကို ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### တပ်ဆင်မည်

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်မှုကို ကြိုတင်သိရှိနိုင်ရန်အတွက် JICA အကူအညီဖြင့် မိုးလေဝသရေဒါသုံးလုံးနှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ ကို (၂၀၁၃-၂၀၁၇)ခုနှစ်အတွင်း တပ်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူရှိ မိုးလေဝသရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လက်ခံရရှိပြီး ရန်ကုန် ကမ္ဘာအေး မိုးလေဝသရေဒါမှာ ယခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကာ မန္တလေးမြို့မိုးလေဝသရေဒါသည် ၂၀၁၇ ခုနှစ် မေလ၌ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ကမ္ဘာအေး မိုးလေဝသစခန်းရှိ မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါကို တွေ့ရစဉ်**
(သတင်းစဉ်)

*ကျောဖုံးမှ*

ဝဏ္ဏ(ဝင်းက)တို့ယှဉ်ပြိုင်ရာ ဒုတိယအချီ ၁မိနစ် ၁၀ စက္ကန့်တွင် စစ်ထန် ညာဒူးတိုက်ဖြင့် ပွဲသိမ်းအနိုင်ယူ၍ လည်းကောင်း၊ နန်းတော်လေး(မန္တလေး)နှင့် ရဲနိုင်ဦး (နောင်ကုလား)ပွဲတွင် ပထမအချီ ၂ မိနစ် ၂၄ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ရခဲ့ကာ ဗိုလ်ခါချဉ် (T&T)နှင့် ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဆလိုင်းချမ်းမြေ့ကိုက ပထမအချီ ၂ မိနစ် ၀၆ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ သုံးချီနောက်ဆုံးပြိုင်ပွဲဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ကို အထူးစိတ်ဝင်စားသော ဂလင်း(ဩစတြေးလျ-သတ္တိကလပ် )နှင့် ရာဇာ(ထွန်းသွင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် တစ်ကြိမ် တစ်ခါမှ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ဖူးခြင်းမရှိသော ဂလင်းက ရာဇာ(ထွန်းသွင်)ကို ဒုတိယအချီ ၁ မိနစ် ၀၂ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

"ကျွန်တော် ရိုးရာလက်ဝှေ့ကို စပြီးသိကတည်းက စိတ်ဝင်စားခဲ့တာပါ။ စိတ်ဝင်စားတာလည်း သိပ်မကြာသေးပါဘူး။ အခုလို ပထမဆုံးပွဲ နိုင်တဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်။ ဒီပွဲ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ဖို့ သတ္တိကလပ်နဲ့ လေ့ကျင့်ခဲ့တာ နှစ်ပတ်ပဲ ရှိပါသေးတယ်။ မြန်မာတွေက တော်ကြတယ်။ သတ္တိရှိကြတယ်။ ကျွန်တော် တော်တော်ကို ကြိုးစားယှဉ်ပြိုင်ခဲ့ရတယ်။ နောက်အခုလို ရိုးရာလက်ဝှေ့ပွဲတွေနဲ့ ကြုံခဲ့ရင်တော့ ထပ်ထိုးဖို့ အစီအစဉ် ရှိပါသေးတယ်"ဟု ဩစတြေးလျနိုင်ငံသား ဂလင်းက ပြောသည်။

ဆက်လက်ပြီး လေးချီအထူးပွဲများအဖြစ် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ကျန်ကျောင်း(ဗမာ့သွေး)နှင့် အလင်းရောင် (T&T)တို့ပွဲတွင် လေးချီပြည့်သည်အထိ အသည်းမာမာ ဇွဲပါပါနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အနိုင်အရှုံးမပေါ်ဘဲ သရေကျခဲ့ကာ ချိုင်းထူး(နဂါးမာန်)နှင့် စိန်လုံးချော (ဗမာ့သွေး)တို့ပွဲမှာ တတိယအချီ ၁ မိနစ် ၂၃ စက္ကန့်အရောက်တွင် စိန်လုံးချော ဆက်လက်ယှဉ်ပြိုင် ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် ချိုင်းထူး အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးအထူး စိန်ခေါ်ပွဲအဖြစ် ထက်ထက်မင်း(ခ)နန်းခင်စိုးနှင့် ရွှေစင်မင်း (မြွေဟောက်မင်း) တို့ ပြိုင်ပွဲတွင် အတင်းဝင် အတင်းထွက် ပါဝါလက်သီးတွဲလုံးများဖြင့် သုံးခဲ့သော ရွှေစင်မင်းက ပထမအချီ ၁ မိနစ် ၅၁ စက္ကန့်မှာပင် အလဲထိုးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။

ယနေ့ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာမျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လာရောက်ကြည့်ရှုအားပေးပြီး ဂျပန်နိုင်ငံသား မြန်မာ့ရိုးရာ လက်ဝှေ့ပွဲစီစဉ်သူ မစ်ဆူဘီလည်း လာရောက်အားပေးကာ ရိုးရာလက်ဝှေ့ အားကစားသမားများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မြို့မဈေးမှ ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းရပ်ကွက်ကြီးများသို့ အဆင့်မြင့်ယာဉ်များဖြင့် ပြေးဆွဲပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီ၏ ညွှန်ကြားချက်အရ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)မှ ဦးဆောင်၍ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဝန်ကြီးဌာနရုံးများနှင့် ဝန်ထမ်းရပ်ကွက်ကြီးများသို့ သွားလာလျက်ရှိသည့် ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ၊ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် အဆင့်မြင့်ယာဉ်အသစ်များဖြင့် ယာဉ်လိုင်းပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း နေပြည်တော် မ.ထ.သ(မြို့တွင်း)ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်ထံမှ သိရသည်။

ပထမအဆင့်အနေဖြင့် ဝန်ထမ်းအိမ်ရာများသို့ အဆင့်မြင့်ယာဉ်အသစ်များဖြင့် အစားထိုး ပြေးဆွဲပေးမည်ဖြစ်ပြီး နောင်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း ပြေးဆွဲနေသော ယာဉ်များကိုလည်း အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်သည့် မင်္ဂလာသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ ဇလသိဒ္ဓိ၊ နေသိဒ္ဓိ၊ ဉာဏသိဒ္ဓိ၊ သုခသိဒ္ဓိနှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ကြီးများသို့ အဆင့်မြင့်ယာဉ်များဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။

ယာဉ်တွင်တပ်ဆင်ထားမည့် အမှတ်အသားမှာ ယာဉ်နဖူးစည်းအပြာ အောက်ခံတွင် အမှတ်(၁) ယာဉ်လိုင်း နေပြည်တော် မြို့မဈေး-ရပ်ကွက်ကြီး (၅)ရပ်ကွက် မ.ထ.သ (မြို့တွင်း)ဟုလည်းကောင်း၊ အမှတ်(၂) ယာဉ်လိုင်းတွင် နေပြည်တော်မြို့မဈေး-ဝန်ကြီးရုံးများ မ.ထ.သ (မြို့တွင်း)ဟု လည်းကောင်း အမှတ်အသား ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ဝန်ကြီးရုံးများအတွက် ယာဉ်လိုင်းတွင် နေပြည်တော် မြို့မဈေးမှ ဂိတ်အစ ယာဉ်ငါးစီး ထားရှိပြီး လက်ဝဲရစ်အနေဖြင့် စာတိုက်ကြီးမှ စ၍ ခရေအိမ်ရာ -အမှတ်(၅) အထက်တန်းကျောင်းအထိ လည်းကောင်း၊ လက်ယာရစ်အနေဖြင့် နေပြည်တော် မြို့မဈေး အမှတ်(၅) အထက်တန်းကျောင်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန စာတိုက်ကြီး နေပြည်တော် မြို့မဈေး ဂိတ်ဆုံး ပြေးဆွဲသွားမည်ဖြစ်သည်။

ဝန်ထမ်းအိမ်ရာများ ယာဉ်လိုင်းတွင် နေပြည်တော်မြို့မဈေးစုဂိတ်အစ ယာဉ် ၁၀ စီး ထားရှိပြီး လက်ဝဲရစ်အနေဖြင့် နေပြည်တော် မြို့မဈေး-မင်္ဂလာသိဒ္ဓိရပ်ကွက်မှ ချယ်ရီဈေး-ခုတင် ၅၀- နေပြည်တော်မြို့မဈေး ဂိတ်ဆုံးအထိ လည်းကောင်း၊ လက်ယာရစ်အနေဖြင့် နေပြည်တော် မြို့မဈေးမှတစ်ဆင့် ချယ်ရီဈေး- ခုတင် ၅၀ တို့မှ မင်္ဂလာသိဒ္ဓိရပ်ကွက်-နေပြည်တော် မြို့မဈေးအထိ ပြေးဆွဲသွားမည်ဖြစ်သည်။

ယာဉ်စီးခနှုန်းထားများမှာ နေပြည်တော် မြို့မဈေး-ဝန်ကြီးဌာနရုံးများ ဂိတ်စ/ဆုံး ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ အတက်/အဆင်း ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ နေပြည်တော် မြို့မဈေး-ရပ်ကွက်ကြီး (၅) ရပ်ကွက် ဂိတ်စ/ဆုံး ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ အတက်/အဆင်း ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနရုံးများနှင့် ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်ကြီးများသို့ ယာဉ် ၁၀ စီးဖြင့် တစ်စီးလျှင် ၁၅ မိနစ်ခြား၍ အသွား/အပြန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အသုံးပြုမည့်ယာဉ်များမှာ ၂၅ ယောက်စီး (HYUNDAI) အမျိုးအစားနှင့် ၁၅ ယောက်စီး (HYUNDAI) အမျိုးအစားဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ ယာဉ်လိုင်းတွင် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၁၅ မိနစ်ခြား ငါးစီးနှုန်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ၁၅ မိနစ်ခြား ငါးစီးနှုန်း ပြေးဆွဲပေးမည်ဖြစ်ပြီး အစိုးရရုံးပိတ်ရက်များနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် ပြေးဆွဲခြင်း ပြုမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်းများပြေးဆွဲခြင်းဖြင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးရုံးများ၊ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်ကြီးများသို့ သွားလာကြမည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ သွားလာမှု အဆင်ပြေမည်ဖြစ်သည်။ **ကိုကြီးကျော်(ပျဉ်းမနား)**



# မိုးသည်းထန်စွာသွန်း၍ ပေါက်ချောင်းရေများ တစ်ဟုန်ထိုးစီးဆင်း ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ခေတ္တစောင့်ဆိုင်းရ

**ပေါက် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ စက်တင်ဘာ ၁၈ ရက် နံနက် ၆ နာရီခန့်က မိုးသည်းထန်စွာရွာသွန်း၍ ပေါက်မြို့အဝင် မတူပီ-မင်းတပ်-ကျောက်ထု-ပေါက်-ပခုက္ကူ ကားလမ်းမပေါ်ရှိ ပေါက်ချောင်း ရေကျော်တံတားပေါ်၌ တောင်ကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းလာသဖြင့် ခရီးသွားမော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ခေတ္တစောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါပေါက်ချောင်းရေသည် မိုးသည်းထန်စွာရွာသွန်းသည်နှင့် တစ်ပြိုင်နက် တောင်ကျချောင်းရေများ စီးဆင်းလာပြီး ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ရေပြန်လျော့နည်းသည်အထိ သုံးနာရီခန့်ကြာ စောင့်ဆိုင်းပြီးမှ ဖြတ်သန်းသွားလာကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

# ဇေယျာသီရိမြို့နယ်၌ ကျန်းမာရေးဌာနခွဲ(အသစ်)ဆောက်လုပ်ရန် မြေနေရာလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်) ဆောက်လုပ်ရန် မြေနေရာလှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ခေတ်အေးကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ညွန့်က မြေနေရာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ဇေယျာသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံ ဆေးရုံအုပ် ဒေါက်တာတင်မိုးမိုးဝင်းထံ ပေးအပ်ကာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။




ကျေးလက်ကျန်းမာရေး ဌာနခွဲ (အသစ်) ဆောက်လုပ်ရန် လှူဒါန်းသည့် မြေနေရာအကျယ်ပေ (၁၀၀×၁၇၀) ရှိ၍ အဆိုပါမြေအား ဒေသခံကျေးရွာနေပြည်သူများ စုပေါင်းဝယ်ယူ၍ ကျန်းမာရေး ဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြစိမ်းရောင်ရန်ပုံငွေ ဒုတိယအကြိမ် ပြန်လည်ငွေထုတ်ချေး

**ရမ်းဗြဲ စက်တင်ဘာ ၁၈**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၃ ရွာတွင် တစ်နှစ်ပြည့်ပြီးဖြစ်၍ အတိုးအရင်းငွေကို ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးနိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက တစ်ရွာချင်း ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။ ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၃ ရွာတွင် စုစုပေါင်း ၁၀၉၄ ဦးအတွက် ချေးငွေ ငွေကျပ် ၄၀၁ ဒသမ ၁ သန်းကို စက်တင်ဘာလ ဒုတိယပတ်က ထုတ်ချေးပေးခဲ့သည်။ **(၁၅၇)**

# ရန်ကုန်အလုပ်သမားဆေးရုံကြီးသို့ ဆေးရုံသုံး ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သို့ Japan Medical Three Co.,Ltd. နှင့် Diplomatic Skill Trainees Organization မှ လှူဒါန်းသည့် ဆေးရုံသုံးကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ (Emergency Tool Kit) လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး၌ ယနေ့ နံနက် ၉ နာရီက ကျင်းသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ ၁၉၅၆ ခုနှစ်က စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပြီး လူမှုဖူလုံရေးဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်က အတည်ပြုထုတ်ပြန်ခဲ့ရာ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှာ စတင်ကျင့်သုံးခဲ့ပါကြောင်း၊ သို့သော် ဥပဒေ၌ ပြဋ္ဌာန်းထားသကဲ့သို့ အာမခံစနစ်ခြောက်မျိုးအနက် လက်ရှိကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်သုံးမျိုးကိုသာ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသည့် အာမခံစနစ်သုံးမျိုးကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်ဝင်ကြေးမြင့်မားလာသည်နှင့်အမျှ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ထိုက်တန်သောဝန်ဆောင်မှုကို ပြန်လည်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီးများ၊ ဆေးခန်းများအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို စာချုပ်စနစ်ဖြင့် ငှားရမ်း၍ အာမခံအလုပ်သမားများအား ဆေးကုသခြင်း၊ စာချုပ်ဆေးဆိုင်စနစ် အကောင်အထည်ဖော်ခြင်းနှင့် ဆရာဝန်များ လွတ်လပ်စွာ ခန့်ထားခြင်း စသည်ဖြင့် အသွင်ကူးပြောင်းသည့် လုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့ရှိဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုများကိုလည်း On Job Training အပြင် နိုင်ငံခြားသို့ အလုည့်ကျ ပညာတော်သင် စေလွှတ်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ ယနေ့ခေတ် ဆေးပညာသတင်းဆန်းများ၏ ကုထုံးအမျိုးမျိုးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ ဆေးကုသမှုဝန်ဆောင်မှုများ အဆင့်မြှင့်ရာတွင် လူမှုဖူလုံရေးအဖွဲ့သာမက ယခုကဲ့သို့ ပြည်တွင်း/ပြည်ပမှ အလှူရှင်များကလည်း ကူညီဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံ Medical Three Co., Ltd. နှင့် Diplomatic Skill Trainees Organization တို့ပူးပေါင်း၍ ယခုလို ကူးစက်ရောဂါကာကွယ်ပစ္စည်းများကို လာရောက်လှူဒါန်းသည့်အတွက် လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် အာမခံအလုပ်သမားများကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့အများကြီး ပေးနိုင်မည်ဖြစ်၍ လူမှုဖူလုံရေးအဖွဲ့သို့ လာရောက် လှူဒါန်းသောအလှူရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Diplomatic Skill Trainees Organization ဥက္ကဋ္ဌ ဦးရဲထွန်းက လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကာ လူမှုဖူလုံရေးအဖွဲ့သို့လှူဒါန်းသော ဆေးရုံသုံး ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ (Emergency Tool Kit) အစုံ ၈၄၀ ကိုပေးအပ်ရာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လက်ခံခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့ကလည်း လက်ခံရရှိသည့်လှူဒါန်းပစ္စည်းများအနက်မှ အစုံ ၄၀၀ ကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းလှူဒါန်းခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဆေးရုံသုံးကူးစက်ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုပ်သမားဆေးရုံကြီး အတွင်း လှည့်လည်ကြည့်ရှု၍ ဆေးကုသမှုခံယူနေကြသော အာမခံအလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း စတင်ဖွဲ့စည်း အွန်လိုင်းရုပ်သံလိုင်းများပါဝင်နိုင်ရေး စည်းမျဉ်းများ ပြန်လည်ရေးဆွဲမည်




**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုလုပ်ငန်းများ နိုင်ငံတကာနည်းတူ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရုပ်သံထုတ်လွှင့်မှုဌာနများ လိုအပ်မှုကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း(Myanmar Brocasters Association-MBA) ကို စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star ဟိုတယ်၌ပြုလုပ်သည့် အဆိုပါအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာအခန်းကဏ္ဍထဲက ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာအသင်း စတင်ဖွဲ့စည်းနိုင်တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ထူထောင်မယ်ဆိုရင် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာတွေအပြင် စတုတ္ထမဏ္ဍိုင်ကြီးဖြစ်တဲ့ သတင်းမီဒီယာတွေကလည်း နိုင်ငံရေးမှာ ပြည်သူလူထုပါဝင်နိုင်ဖို့အတွက် အလွန်အရေးကြီးပါတယ်။ ဒီသတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍမှာ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်မှုဟာလည်း အလွန်အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုကြီး တောက်လျှောက်မှာ ရုပ်သံတွေ၊ ရုပ်မြင်သံကြားနဲ့ အသံတွေက ပြောင်းလဲမှုကို သယ်ဆောင်ပေးခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တိုင်တွေဟာ အထင်အရှားရှိခဲ့ပါတယ်။ ဒီသမိုင်းမှတ်တိုင်တွေကို မေ့ပျောက်ပစ်ခဲ့လို့ မရပါဘူး။ ဒါသမိုင်းတစ်ရပ်ဖြစ်ပါတယ်။ အသင်းအဖွဲ့တစ်ခုကို ထူထောင်နိုင်တာဟာ အားကောင်းတဲ့ ဒီမိုကရေစီစနစ်တစ်ခုဖြစ်ဖို့ ရင့်ကျက်တဲ့ ဒီမိုကရေစီစနစ်တစ်ခုကို ဖြစ်ဖို့အတွက် အလားအလာကောင်းတစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ဖွဲ့စည်းရခြင်းမှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ ပေါ်ပေါက်လာမည့် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ကောင်စီတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် မီဒီယာလုပ်ငန်းများတွင် ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူလုပ်သားများနှင့် ဝန်ထမ်းများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် မီဒီယာနည်းပညာနှင့် အတတ်ပညာများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် မီဒီယာလုပ်ငန်းစဉ်များကို မီဒီယာကျင့်ဝတ်နှင့်အညီ တောင့်တင်းခိုင်မာသော စတုတ္ထမဏ္ဍိုင်တစ်ခုအဖြစ် နိုင်ငံတော်၏အကျိုးစီးပွားကို ရေးရှုသောမီဒီယာလုပ်ငန်းများ ဖြစ်လာစေရန်၊ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားနှင့် အသံလွှင့်သည့် မီဒီယာလုပ်ငန်းများကို နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် စုပေါင်းဆောင်ရွက်ကြရန်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ရန်နှင့် အသင်းနှင့်ဖြစ်စေ၊ အသင်းဝင်အချင်းချင်းဖြစ်စေ (သို့မဟုတ်) အသင်းဝင်နှင့် တတိယအဖွဲ့အစည်းများနှင့်ဖြစ်စေ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ညှိနှိုင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ရန် စသည်ဖြင့် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

"ဒီအသင်းကြီးကို အရင်အစိုးရလက်ထက်ကတည်းက ကြိုးစားခဲ့တာပါ။ အခုမှ ပြည်ထဲရေးဝန်ကြီးဌာနက တရားဝင်အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ခွင့်လက်မှတ်ရတဲ့အတွက် ခွင့်ပြုထားတဲ့ ရုပ်သံလိုင်းတွေနဲ့ FM လိုင်းတွေက ကိုယ်စားလှယ်တွေနဲ့ တရားဝင် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အားလုံးအများစုလိုလားလက်ခံတဲ့ ရုပ်သံလွှင့်ဥပဒေတစ်ခု၊ ဥပဒေကို အထောက်အကူပြုတဲ့ နည်းဥပဒေတစ်ရပ် လျင်လျင်မြန်မြန် ပေါ်ပေါက်လာဖို့အတွက်ကိုတော့ အသင်းကြီးအနေနဲ့ အတတ်နိုင်ဆုံး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကို( ကိုကို- စက်မှုတက္ကသိုလ်) ကပြောသည်။

ယခု စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ပြည်ထဲရေးဝန်ကြီးဌာနက ပြည်တွင်းအသင်းအဖွဲ့များ (ယာယီ) မှတ်ပုံတင်အမှတ် ပြည်တွင်း/ ၀၂၆၀ ဖြင့် ဩဂုတ် ၈ ရက်တွင် ယာယီမှတ်ပုံတင်လက်မှတ်ကို အသိအမှတ်ပြုထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရုပ်သံလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် MRTV ၏ လိုင်းငါးခုကို New Content Provider များသို့ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် နောင်ထပ်ပေါ်လာမည့် မီဒီယာလုပ်ငန်းများကိုလည်း ထပ်မံဖိတ်ခေါ်သွားမည်ဖြစ်သည်။ ရုပ်သံလွှင့်ခြင်းဆိုင်ရာဥပဒေအရ လိုင်စင်ယူ၍ နိုင်ငံတစ်ဝန်းလုံး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများနှင့် ဒေသဆိုင်ရာအလိုက် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအားလုံးကိုလည်း အသင်းဝင်များအဖြစ် လက်ခံသွားမည်ဖြစ်သည်။ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် သတင်းအတတ်ပညာဌာန၊ DW Akademie တို့နှင့်ပူးပေါင်းကာ ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု စတင်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်းကို မတည်လှူဒါန်းငွေများအဖြစ် ရွှေသံလွင်မီဒီယာက ငွေကျပ်သိန်း ၃၀၀၊ Forever Group က ငွေကျပ်သိန်း ၁၀၀၊ ပတ္တမြား FM က ငွေကျပ်သိန်း ၁၀၀နှင့် ချယ်ရီ FM၊ ပုံ FM နှင့် Family Eitertainment တို့က ငွေကျပ်သိန်း ၂၀ စီ စုစုပေါင်း ငွေကျပ် သိန်း ၅၀၀ ကျော်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်း-မောင်စိန်လွင်၊ မင်းသစ်**

# ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၏ လုပ်အားယှဉ်ပြိုင်ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်အနောက်ပိုင်းခရိုင်) ယာဉ်လိုင်း၏ ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပဉ္စမအကြိမ် ယာဉ်လုပ်သားများလုပ်အားယှဉ်ပြိုင်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မထသ(ဗဟို)သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်က အမှာစကားပြောကြားပြီး ယာဉ်ထွက် ရာခိုင်နှုန်းအများဆုံးဆုနှင့် ခရိုင်အဆင့်ဆု၊ ဌာနခွဲအဆင့်ဆုနှင့် ယာဉ်လိုင်းအဆင့်အလိုက် ဆုရရှိသော ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခြင်း၊ ယာဉ်လုပ်သားဝတ်စုံများ ပေးအပ်ခြင်း၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံ၊ အင်းစိန်၊ သဃ်န်းကျွန်းနှင့် မြောက်ဥက္ကလာပဆေးရုံကြီး လေးရုံတို့အား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ပဉ္စမအကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုပေးပွဲနှင့် ယာဉ်လုပ်သားဝတ်စုံပေးအပ်ပွဲ အခမ်းအနားတွင် ဆုပေါင်း ၄၁၈ ဆုအတွက် ဆုကြေးငွေကျပ် ၄၀၀၆၀၀၀၀ ၊ ယာဉ်လုပ်သား ဝတ်စုံစရိတ် ငွေကျပ် ၄၉၉၇၅၀၀ ချီးမြှင့်ပြီး ဆေးရုံလေးရုံအတွက် ဆေးရုံတစ်ရုံလျှင် ငွေကျပ် ၁၀ သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့စာကြည့်တိုက်များပေါ်ထွန်းရေး

ဒေါက်တာသီတာတင်

ယခုတလောမှာ Community ဆိုတဲ့ စကားလုံးနဲ့ တွဲဖက်ပြီး Community media (လူမှုအခြေပြုမီဒီယာ)၊ Community library (လူမှုအခြေပြုစာကြည့်တိုက်)၊ Community centre (လူမှုအခြေပြုဗဟိုဌာန) ဆိုတဲ့ ဝေါဟာရတွေကို ပြောဆိုဆွေးနွေးလာကြပါတယ်။ ဒီဝေါဟာရတွေရဲ့တစ်ခုချင်းစီရဲ့အဓိပ္ပာယ်တွေက ဆောင်ရွက်မှုလုပ်ငန်းအပေါ်မူတည်ကာ ကွဲလွဲမှုရှိပေမယ့် ရည်ရွယ်ချက်ကတော့ တူညီမှုရှိတယ်လို့ ဆိုလို့ရပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်သူ့ဆက်ဆံရေး (Public Relations) ဖြစ်သလို ဒေသခံပြည်သူတွေအတွက် ဆက်သွယ်ရေးစကြံ့ တစ်နည်းအားဖြင့် လူမှုဆက်သွယ်ရေး ပေါင်းကူးတည်ဆောက်ပေးခြင်း ဖြစ်ပါတယ်။

ပြည်သူနဲ့ ထိတွေ့ဆက်ဆံတဲ့နေရာမှာ ကွန်မြူနတီမီဒီယာကနေတစ်ဆင့် ထိတွေ့ဆက်ဆံမှုတွေပြုနိုင်သလို စာကြည့်တိုက်လုပ်ငန်းနဲ့ ကွန်မြူနတီစင်တာလို့ခေါ်တဲ့ လူမှုအခြေပြုဗဟိုဌာနတွေမှာ ဒေသခံပြည်သူနဲ့ အစုအဖွဲ့များ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နိုင်တဲ့နေရာတစ်ခု ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံမှုပြုနိုင်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကွန်မြူနတီမီဒီယာ(လူမှုအခြေပြုမီဒီယာ)ဆိုတဲ့ ဝေါဟာရလေးရဲ့လုပ်ငန်းသဘာဝကို ရှေးဦးစွာတင်ပြလိုပါတယ်။

လူမှုအခြေပြုမီဒီယာ ဆိုတာကတော့ လူမှုအသိုက်အဝန်းတစ်ခုက စတင်လုပ်ဆောင်ပြီး ကြပ်မတ်ဆောင်ရွက်တဲ့မီဒီယာပဲ ဖြစ်ပါတယ်။ လူမှုအသိုက်အဝန်းဆိုတဲ့နေရာမှာ ပထဝီဝင်နေရာဒေသအရ (သို့မဟုတ်) လူမှုအသိုက်အဝန်းရဲ့ပြယုဂ်တစ်ခု (သို့မဟုတ်) အကျိုးစီးပွားတစ်ခုခုကို ကိုယ်စားပြုတဲ့ လူမှုအသိုက်အဝန်းတစ်ခုပဲဖြစ်ပါတယ်။ မီဒီယာဆိုတဲ့နေရာမှာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာအစရှိတဲ့ မီဒီယာပုံစံမျိုးစုံတွေအနက် ကိုယ်သန်ရာကိုလုပ်ဆောင်ကြပါတယ်။ ဒါကြောင့် လူမှုအခြေပြုမီဒီယာဆိုတာ လူမှုအသိုက်အဝန်းရဲ့ဆက်သွယ်ရေးလုပ်ငန်း(Community Communication)တစ်ခုပဲဖြစ်ပါတယ်။ ဒီလူမှုအသိုက်အဝန်းပိုင် မီဒီယာတွေထဲက တစ်ခုဖြစ်တဲ့ Community Library လူမှုအသိုက်အဝန်းအခြေပြု စာကြည့်တိုက်များရဲ့အခန်းကဏ္ဍတွေကို ရေးသားတင်ပြလိုပါတယ်။

ဒီစာကြည့်တိုက်ဖြစ်ပေါ်လာပုံကတော့ ပထဝီဝင်နေရာဒေသ အဝန်းအဝိုင်းတစ်ခုမှာ ဒီဒေသရဲ့စိတ်တူကိုယ်တူသူများက စုဖွဲ့ပြီး တည်ထောင်ထားတဲ့စာကြည့်တိုက်တွေဖြစ်နိုင်သလို အများအကျိုးကိုရှေးရှုပြီး ငွေကြေး(သို့)ပစ္စည်းများထည့်ဝင်ပြီး ပရဟိတလုပ်ငန်းအဖြစ် ဆောင်ရွက်လိုသူများက သင့်တော်တဲ့နေရာတွေမှာ ဒီစာကြည့်တိုက်တွေ ဖွင့်လှစ်ကြပါတယ်။ ဒီလိုစာကြည့်တိုက်တွေ ဖွင့်လှစ်တဲ့အတွက် သက်ဆိုင်ရာ ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့နှစ်သက်တဲ့ စာအုပ်စာပေတွေကို ဖတ်ရှုရခြင်းဖြင့် အသိပညာဗဟုသုတတွေ ရရှိနိုင်ပါတယ်။ တစ်ဆက်တည်းမှာပဲ တွေးခေါ်ရှုမြင်သုံးသပ်မှု မှန်ကန်လာပြီး တိုးတက်ဖွံ့ဖြိုးမှုကို ဦးတည်လာနိုင်ပါတယ်။

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမှာ စာအုပ်စာဖတ်၊ စာအုပ်ငှားရုံမှုသာမဟုတ်ဘဲ စာကြည့်တိုက်များက လူမှုအသိုက်အဝန်းကိုတည်ဆောက်ပေးသူများ၊ မတူကွဲပြားတဲ့ ပြည်သူတွေအတွက် လူမှုအခြေပြုစုဝေးရာနေရာ၊ အနုပညာများအတွက်နေရာ၊ ဒေသခံများအတွက် တက္ကသိုလ်သဖွယ်နဲ့ လူငယ်များရဲ့အားကိုးအားထားသဖွယ် လုပ်ဆောင်ပေးနိုင်တဲ့ နေရာပဲဖြစ်ပါတယ်။ ဒီလိုနေရာတွေဖြစ်နိုင်ဖို့ လုပ်ဆောင်ရမယ့်နည်းလမ်းအချို့ကို ဒီဆောင်းပါးမှာ တင်ပြလိုပါတယ်။

**လူမှုအသိုက်အဝန်း တည်ဆောက်ပေးသူများသဖွယ် စာကြည့်တိုက်များ(Libraries as Community Builders)**

လူမှုအသိုက်အဝန်းကို တည်ဆောက်ပေးသူများအဖြစ် စာကြည့်တိုက်များက လုပ်ဆောင်ပေးနိုင်တဲ့အနေအထားကိုးခုကို ဖော်ပြလိုပါတယ်။ မြို့လယ်ကောင်နဲ့ အနီးပတ်ဝန်းကျင်မှာနေကြပြီး ဘဝကို ရုန်းကန်နေကြရသူတွေ၊ စိတ်ခံစားမှုရှိသူတွေ ပြန်လည်ရှင်သန်လာစေဖို့ အထောက်အပံ့ဖြစ်စေနိုင်တဲ့အရာတွေ လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒေသဝန်းကျင်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေရဲ့ အလွန်များပြားတဲ့ စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးခြင်းဖြင့် ပြည်သူများစွာကို ဆွဲဆောင်ပေးပါတယ်။

ဒုတိယအချက်ကတော့ လူမှုအသိုက်အဝန်းတွေကို ပညာပေးခြင်းဖြင့် ဒေသ၏သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်တဲ့ မြို့ရွာတွေ ဖြစ်ပေါ်စေနိုင်တဲ့အတွက် စာကြည့်တိုက်များက စဉ်ဆက်မပြတ် ရေရှည်တည်ရှိနေစေဖို့ အရေးပါတဲ့ပူးပေါင်းဆောင်ရွက်သူအဖြစ် လုပ်ဆောင်ပေးပါတယ်။ ဒါ့အပြင် ဒေသနဲ့ ကိုက်ညီတဲ့အပင်တွေ စိုက်ပျိုးတတ်လာရန်၊ လူမှု အသိုက်အဝန်းက ခံနိုင်ရည်ရှိပြီး ကိုယ့်အားကိုယ်ကိုးတတ်လာရန်နဲ့ မျှဝေတတ်တဲ့ယဉ်ကျေးမှုတစ်ခု ဖြစ်ပေါ်လာစေဖို့ကိုလည်း စာကြည့်တိုက်တွေက လုပ်ဆောင်ပေးနိုင်ခြင်းဖြင့် ဒေသရဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပါတယ်။

တတိယအချက်ကတော့ လူမှုအသိုက်အဝန်း တစ်နည်းအားဖြင့် ဒေသခံလူတွေရဲ့ လိုအပ်ချက်အသေးစိတ်ကို ဖြည့်ဆည်းပေးမယ့် အထူးစုဆောင်းမှုလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်တဲ့နေရာတစ်ခုပဲ ဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာ ပြည်သူ့စာကြည့်တိုက်တွေက ဒေသခံတွေလိုအပ်တဲ့ မျိုးစေ့များချေးငှားပေးရုံတင်မက သူတို့လိုအပ်တဲ့ ဒယ်အိုးမှအစ ငါးဖမ်းတံ၊ ဆိုက်ကယ်သော့အဆုံးကို စုဆောင်းထောက်ပံ့ပေးပါတယ်။

စတုတ္ထအချက်ကတော့ သမိုင်းဝင်ပစ္စည်းများ(Artifacts)၊ ပါးစပ်ပြော သမိုင်းအကြောင်းအရာများ၊ လူနည်းစုများအပါအဝင် လူမှုအသိုက်အဝန်းတစ်ခုလုံးရဲ့ ဒေသဆိုင်ရာ သုတေသနစာတမ်းငယ်များကို ထိန်းသိမ်းထားတဲ့နေရာတစ်ခုပဲဖြစ်ပါတယ်။

ပဉ္စမအချက်ကတော့ စာကြည့်တိုက်ကိုလာရောက်တဲ့ ဒေသခံတွေ အချင်းချင်းတွေ့ဆုံခြင်းဖြင့် တစ်ဦးနဲ့တစ်ဦး သိကျွမ်းနိုင်ခြင်း၊ မိတ်ဆွေအသစ်များ တိုးပွားနိုင်ခြင်း၊ မိတ်ကောင်းဆွေကောင်းများလည်း တွေ့ဆုံနိုင်ခြင်း၊ စာဖတ်သူများက ဂျာနယ်၊ သတင်းစာတို့မှာ ပါဝင်တဲ့ဖြစ်စဉ်များ၊ သူတို့ကြားသိရတဲ့ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ခြင်းများ ပြုလုပ်နိုင်ပါတယ်။

ဆဋ္ဌမအချက်ကတော့ လူမှုရေးပြဿနာများကို ဖြေရှင်းတဲ့နေရာမှာ အထောက်အပံ့ဖြစ်စေခြင်းပဲ ဖြစ်ပါတယ်။

သတ္တမအချက်အနေနဲ့ စာကြည့်တိုက်တွေက ဒီမိုကရေစီရဲ့ အရေးပါတဲ့တန်ဖိုးတွေကို ထင်ဟပ်စေနိုင်သလို တိုးတက်အောင်လည်း လုပ်ပေးနိုင်တဲ့အတွက် လူမှုအသိုက်အဝန်းရဲ့ နိုင်ငံရေးဘဝအစိတ်အပိုင်းဖြစ်ပါတယ်။

အဋ္ဌမအချက်ကတော့ စာကြည့်တိုက်တွေရဲ့ အဆောက်အအုံပုံစံက ယဉ်ကျေးမှုနဲ့နွယ်တဲ့ ဒီဇိုင်းပုံစံတွေဖြစ်နိုင်သလို မြို့အာဏာပိုင်အဖွဲ့က ခွင့်ပြုတဲ့ပုံစံမျိုးလည်း ရှိနေနိုင်ပါတယ်။ စာကြည့်တိုက်အဆောက်အအုံ ဘယ်လိုပုံစံပဲဖြစ်ဖြစ် ထူးခြားတဲ့ စံတန်ဖိုးများကို ဒေသခံပြည်သူတွေသိရှိနိုင်အောင် လုပ်ဆောင်ပေးနိုင်တဲ့နေရာတွေပဲဖြစ်ပါတယ်။

နဝမအချက်ကတော့ ဒေသရဲ့စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အငယ်စားလုပ်ငန်းများအတွက် အရေးပါတဲ့ စီးပွားရေးအရင်းအမြစ်တွေကို စာကြည့်တိုက်တွေက အထောက်အပံ့ဖြစ်စေခြင်းပါ။

**မတူကွဲပြားတဲ့ပြည်သူများအတွက် လူမှုအခြေပြုဗဟိုဌာနသဖွယ် စာကြည့်တိုက်များ**
**(Libraries as Community Centers for Diverse Populations)**

မတူကွဲပြားတဲ့ဒေသခံပြည်သူတွေအတွက် လူမှုအခြေပြုဗဟိုဌာနများအဖြစ် စာကြည့်တိုက်တွေက လုပ်ဆောင်ပေးနိုင်တဲ့လုပ်ငန်းတွေကတော့ ဒီစင်တာကို အသုံးပြုသူအနေနဲ့ ဘာသာစကားကွဲပြားမှုကြောင့် လေ့လာဖတ်ရှုရာတွင်လည်းကောင်း၊ ဆက်သွယ်ပြောဆိုရာတွင်လည်းကောင်း အခက်အခဲဖြစ်နေခြင်းမျိုးမရှိအောင် ဆောင်ရွက်ပေးထားခြင်း၊ စာကြည့်တိုက်ရှိရာဒေသကို ပြောင်းရွှေ့နေထိုင်သူ လူသစ်များအတွက် အထောက်အကူပြုသတင်းအချက်အလက်များရရှိရန်နဲ့ သူတို့ရဲ့ လူမှုအသိုက်အဝန်းအသစ်နဲ့ ဆက်သွယ်မှုအခွင့်အလမ်းရရှိနိုင်ဖို့ အထောက်အပံ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါတယ်။ စာကြည့်တိုက်မှာ လာရောက်ကြည့်ရှုလေ့လာတဲ့သူများမှာ လူမျိုး၊ ဘာသာစကားနဲ့ ယဉ်ကျေးမှုဓလေ့ ကွဲပြားရုံသာမက ကိုယ်ကာယကြံ့ခိုင်မှု အားနည်းတဲ့သူများ၊ မသန်စွမ်းသူများလည်း ပါဝင်နိုင်တာဖြစ်တဲ့အတွက် အဆိုပါပုဂ္ဂိုလ်တွေအတွက် သတင်းအချက်အလက်အရင်းအမြစ်များနှင့် အဆင်ပြေမည့် ထောက်ပံ့ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်။

အရှေ့တောင်အာရှနဲ့ အာရှနိုင်ငံတချို့မှာ တည်ဆောက်ထားတဲ့ လူမှုအခြေပြုဗဟိုဌာန အဆောက်အအုံပုံစံများကို ဖော်ပြလိုက်ပါတယ်။



စင်ကာပူနိုင်ငံရှိ လူမှုအခြေပြုဗဟိုဌာန



သီရိလင်္ကာနိုင်ငံရှိ လူမှုအခြေပြုဗဟိုဌာန

သီရိလင်္ကာနိုင်ငံအရှေ့တောင်ပိုင်း တိစ္စမဟာရာမမြို့အပြင်မှာရှိတဲ့ ရွာသစ်ကလေးမှာ ၂၀၀၄ ခုနှစ်က ဆူနာမီဒဏ်ခံစားခဲ့ကြရတဲ့ မိသားစု ၂၁၈ စုအတွက် အဆောက်အအုံသုံးခုပါဝင်တဲ့ လူမှုအခြေပြုဗဟိုဌာနကို တည်ဆောက်ပေးထားပါတယ်။ ဒီနေရာက လူမှုအခြေပြုဗဟိုဌာနအဖြစ်သာမက မူကြိုကျောင်း၊ စာကြည့်တိုက်၊ ဆေးခန်း၊ အားကစားများဖြစ်တဲ့ ခရစ်ကက်နဲ့ ဘော်လီဘောကစားနိုင်တဲ့ နေရာများ၊ ရေရှားပါးတဲ့ဒေသဖြစ်တဲ့အတွက် သောက်သုံးရေအဖြစ် မိုးရေကို စုဆောင်းမှုစနစ်နဲ့ မြေအောက်ရေလှောင်ကန်ကြီးနှစ်ခုကိုလည်း ထည့်သွင်းဆောက်လုပ်ထားပါတယ်။ ဒီအဆောက်အအုံသုံးခုကို တည်ဆောက်တဲ့နေရာမှာ ဒေသခံများကိုယ်တိုင် ဒီဇိုင်းရေးဆွဲရာတွင်လည်းကောင်း၊ တည်ဆောက်ရာတွင်လည်းကောင်း၊ ပေးအပ်ထားတဲ့ အသုံးအဆောင်ပစ္စည်းများကို စီမံဆောင်ရွက်မှုများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ တည်ဆောက်ရာတွင် ဒေသထွက်ပစ္စည်းများကို အများစုသုံးစွဲခြင်းဖြင့် ကုန်ကျမှုစရိတ်သက်သာစွာနဲ့ တည်ဆောက်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ် မတ်လအထိ စင်္ကာပူနိုင်ငံတွင် လူမှုအခြေပြုဗဟိုဌာနပေါင်း ၁၀၉ ခုရှိကြောင်း သိရှိရပါတယ်။ ဒီဌာနတွေမှာ အသက်အရွယ်ကြီးသူများအတွက် ဖျတ်လတ်သန်မာမှုရှိလာစေမည့် အစီအစဉ်များ၊ လူမှုအခြေပြု အနုပညာအစီအစဉ်များ၊ လူမှုအခြေပြု ဆွေးနွေးပွဲများ၊ မတူကွဲပြားသည့် လူမျိုးများအကြား သဟဇာတဖြစ်စေမည့် အစီအစဉ်များ၊ မိသားစုဘဝဆိုင်ရာ အစီအစဉ်များ၊ လူမှုအခြေပြု အားကစားအစီအစဉ်များ၊ လူမှုအခြေပြုအစီအစဉ်များ၊ အမျိုးသမီးများဆိုင်ရာ အစီအစဉ်များ၊ လူငယ်များဆိုင်ရာ အစီအစဉ်များနဲ့ မည်သူမဆိုပါဝင်နိုင်တဲ့အစီအစဉ်များဖြစ်တဲ့ အားကစား၊ ဟင်းချက်ခြင်း အစရှိသည်တို့ပါဝင်တဲ့ ဆောင်ရွက်မှုများကို ပြုလုပ်ကြပါတယ်။

**အနုပညာဗဟိုဌာနသဖွယ် စာကြည့်တိုက်များ**
**(Libraries as Centers for the Arts)**

အမြင်အမျိုးမျိုး ကိုယ်စားပြုပါဝင်တဲ့ စာအုပ်စာပေစုဆောင်းမှုနဲ့ ဝန်ဆောင်မှုတွေကို အထောက်အပံ့ပေးခြင်းဖြင့် ပြည်သူ့စာကြည့်တိုက်များက အနုပညာလက်ရာများအတွက် နေရာ(စင်တာ)အဖြစ် ဝန်ဆောင်မှုပေးနိုင်ပါတယ်။ ဒေသခံစာရေးဆရာတွေက စာကြည့်တိုက်တွေဟာ သူတို့ရဲ့စာအုပ်အသစ်တွေကို စင်တင်နိုင်တဲ့နေရာများအဖြစ် မျှော်လင့်ကြတာကို လူမှုအသိုက်အဝန်းများစွာမှာ တွေ့ရပါတယ်။ အနုပညာနဲ့ပတ်သက်တဲ့အစီအစဉ်တွေ ဥပမာ-ပန်းချီရေးဆွဲခြင်း၊ တီထွင်ကြံဆမှုပါဝင်တဲ့ စာပေရေးသားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အစရှိတဲ့ အနုပညာကိုလေ့လာဖော်ထုတ်မှုနဲ့ နားလည်မှုများတိုးပွားလာစေရန် အခွင့်အလမ်းပေးတဲ့ နေရာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ပေးခြင်းကြောင့် အနုပညာနဲ့ပတ်သက်ပြီး ငွေကြေးတတ်နိုင်သူတွေသာ လုပ်ဆောင်နိုင်တာမျိုးမဟုတ်တော့ဘဲ အားလုံးပါဝင်နိုင်တဲ့ပညာရပ် ဖြစ်လာစေနိုင်ပါတယ်။

စာကြည့်တိုက်များက ဒီလိုလုပ်ဆောင်ရင်း တန်းတူညီမျှမှုကို ဖန်တီးပေးနိုင်တဲ့အရာတွေပဲဖြစ်ပါတယ်။ ကဇာတ်ပွဲ၊ ရုပ်ပွဲရဲ့ လက်မှတ်တွေဈေးကြီးနေတဲ့ခေတ်မှာ စာကြည့်တိုက်တွေမှာ ပြပွဲတွေ၊ စာရေးဆရာများဖိတ်ကြားပြီး လည်ပတ်ခြင်းနဲ့ ပြပွဲကျင်းပခြင်း အစရှိတာတွေကို အခမဲ့လုပ်ဆောင်ပေးနိုင်တဲ့အတွက် ဝင်ငွေမည်မျှ နည်းစေကာမူ လာရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**တက္ကသိုလ်များသဖွယ်ဖြစ်သော စာကြည့်တိုက်များ**
**(Libraries as Universities)**

ပညာသင်ကြားစရိတ်ကြီးမြင့်လာတဲ့ ယနေ့ခေတ်ကာလမှာ ပြည်သူ့စာကြည့်တိုက်များအနေနဲ့ ပြည်သူအားလုံးအတွက် သတင်းအချက်အလက်များနဲ့ ပညာရပ်ဆိုင်ရာအကြောင်းအရာများကို အခမဲ့ရရှိနိုင်တဲ့နေရာအဖြစ်လည်း ဝန်ဆောင်ပေးနိုင်ပါတယ်။ ဒီလိုထောက်ပံ့တဲ့နေရာမှာ လူမှုစီးပွားရေးအခြေအနေအရ ခွဲခြားခြင်းမရှိဘဲ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အခြားနိုင်ငံတွေမှာရှိတဲ့ စာကြည့်တိုက် အတော်များများမှာ ဆွေးနွေးမှုအစီအစဉ်တွေ၊ သင်ကြားမှုတွေလည်း ဆောင်ရွက်ပေးသလို၊ အင်တာနက်အွန်လိုင်းမှတစ်ဆင့် ပညာရေးဆိုင်ရာသင်ကြားမှုများကို စဉ်ဆက်မပြတ် လွှင့်ထုတ်မှုပေးပါတယ်။ စာကြည့်တိုက်ကို မလာရောက်နိုင်သူများအတွက်လည်း သီးခြားအစီအစဉ်များဖြစ်တဲ့ စာတိုက်မှ စာအုပ်များ အခမဲ့ပေးပို့ခြင်းနဲ့ ဝေးလံတဲ့အရပ်ဒေသများသို့ ရွေ့လျားစာကြည့်တိုက်အဖြစ် မော်တော်ကား၊ စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်းနှင့် နွားလှည်းများကို အသုံးပြုကာ သွားရောက် ပို့ဆောင်ကြပါတယ်။

**စာကြည့်တိုက်မှာ လာရောက်ကြည့်ရှုလေ့လာတဲ့သူများမှာ ကိုယ်ကာယကြံ့ခိုင်မှု အားနည်းတဲ့သူများ၊ မသန်စွမ်းသူများလည်း ပါဝင်နိုင်တာဖြစ်တဲ့အတွက် အဆိုပါပုဂ္ဂိုလ်တွေအတွက် သတင်းအချက်အလက်အရင်းအမြစ်များနှင့် အဆင်ပြေမည့် ထောက်ပံ့ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးထား**

စာကြည့်တိုက်များဟာ စာကြည့်တိုက်အသုံးပြုသူများ လိုချင်တဲ့အကြောင်းအရာများ ဖြည့်ဆည်းပေးရုံသာမက သူတို့ကိုယ်တိုင်ဖန်တီးထားတဲ့ အကြောင်းအရာတွေကို တင်ဆက်နိုင်တဲ့နေရာလည်းဖြစ်ပါတယ်။ စာကြည့်တိုက်က ရရှိတဲ့ ဗဟုသုတတွေအပေါ်အခြေခံပြီး အမှီအခိုကင်းတဲ့ လုပ်ငန်းအသစ်တွေကို လုပ်ဆောင်နိုင်ခြင်း၊ Wikipedia ကို တည်းဖြတ် နိုင်ခြင်း၊ ဘလော့ဂ်များ(သို့မဟုတ်)Post cast ဟုဆိုတဲ့ ဒစ်ဂျစ်တယ်မီဒီယာဖိုင် အပိုင်းတွဲများမိတ္တူကူးပြီး(သို့မဟုတ်) မူလပုံစံအတိုင်း မိမိဘာသာအွန်လိုင်းမှာတင်တဲ့ အွန်လိုင်းမဂ္ဂဇင်းများပြုလုပ်ခြင်း အစရှိသည်တို့ကိုလည်း လုပ်ဆောင်နိုင်ပါတယ်။ စာကြည့်တိုက်သို့ လာရောက်ကြတဲ့သူတွေဟာ မတူကွဲပြားသူများဖြစ်တဲ့အလျောက် အချင်းချင်းထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်တဲ့အတွက် အချင်းချင်းလေ့လာမှု၊ သင်ယူမှုများလည်း ပြုလုပ်နိုင်ပါတယ်။ ဒီလိုနည်းလမ်းတွေကြောင့် Civil Discourse လို့ခေါ်တဲ့ ပြည်သူ့နီတိတွေကို တိုးတက်မှုဖြစ်စေနိုင်ပါတယ်။

**လူငယ်များ၏အားကိုးအားထားရာ စာကြည့်တိုက်များ**
**(Libraries as Champions of Youth)**

ကျူရှင်ဆရာ၊ ဆရာမ ငှားရမ်းပြီး စာသင်ကြားပေးဖို့ မတတ်နိုင်တဲ့ စာကြည့်တိုက်ပရိသတ်များအတွက် စာကြည့်တိုက်တွေက အွန်လိုင်းမှဖြစ်စေ၊ တယ်လီဖုန်းမှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ လူမှုမီဒီယာမှဖြစ်စေ ဆောင်ရွက်ပေးပါတယ်။ အခမဲ့သင်ပြခြင်း၊ အိမ်စာများကိုကူညီပေးခြင်း အစီအစဉ်များ၊ လူငယ်များအတွက် နွေရာသီစာဖတ်အစီအစဉ်နဲ့ သင်တန်းတွေကိုလည်း ဝန်ဆောင်မှုပေးပါတယ်။ ဒီလိုနည်းနဲ့ စီးပွားရေးကွာခြားမှုကြောင့် ကျောင်းသားများရဲ့ ပညာရေးဆောင်ရွက်နိုင်မှုအပေါ် သက်ရောက်နိုင်တဲ့အခြေအနေဆိုးတွေ လျော့ပါးအောင် ကူညီဆောင်ရွက်ပေးပါတယ်။ စာကြည့်တိုက်များက ကလေးများဖွံ့ဖြိုးတိုးတက်စေဖို့ အရေးပါတဲ့ မိတ်ဖက်များပဲဖြစ်ပါတယ်။

ကလေးများအနေဖြင့် စာကြည့်တိုက်မှာစုဆောင်းထားရှိတဲ့ ဗဟုသုတရဖွယ်အကြောင်းအရာများ၊ အစီအစဉ်များကို လေ့လာခြင်းဖြင့် သူတို့ရဲ့အတွေ့အကြုံများကို မျှဝေပေးခြင်း၊ သူတို့ရဲ့လူမှုအသိုက်အဝန်းတွင် ပါဝင်လာနိုင်ခြင်း၊ အနုပညာရပ်ကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ သူတို့ရဲ့ နီးစပ်တဲ့ လောကလေးနဲ့ ကမ္ဘာကြီးတစ်ခုလုံးကိုလည်း လေ့လာစမ်းစစ်ခြင်းတို့ကို ပြုလုပ်လာနိုင်ပါတယ်။ ကလေးများအတွက် ဆန်းသစ်တဲ့စာကြည့်တိုက်ဝန်ဆောင်မှုများစွာကို ပေးစွမ်းနိုင်ပါတယ်။

ဒီလိုနည်းလမ်းများဖြင့် ပြည်သူ့စာကြည့်တိုက်တွေက လူမှုအသိုက်အဝန်းနဲ့ ခိုင်မာတဲ့ဆက်သွယ်မှုရရှိနိုင်အောင် တည်ဆောက်ကြပြီး အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်များအနေဖြင့် စာအုပ်စာပေများကို ဖတ်ရှုငှားရမ်းရာ နေရာတစ်ခုသာမက ပြည်သူ့အကျိုးပြု လူမှုအခြေပြုဗဟိုဌာနများလည်း ဖြစ်လာပါတယ်။ ဒီလို လူမှုအခြေပြုဗဟိုဌာနတစ်ခုအဖြစ် ဆောင်ရွက်လာကြတဲ့ စာကြည့်တိုက်များဟာ လူမှုရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာလုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်တဲ့ နေရာများလည်း ဖြစ်လာပါတယ်။

မြန်မာနိုင်ငံမှာလည်း ပြည်သူ့စာကြည့်တိုက်များကို လူမှုအခြေပြု ဗဟိုဌာနများအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ပထမဦးဆုံးသော လူမှုအခြေပြုဗဟိုဌာနကို ၂၀-၈-၂၀၁၆ ခုနှစ်မှာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ပြည်သူ့စာကြည့်တိုက်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီပူးပေါင်းမှုအစီအစဉ်နဲ့အတူ ရွေ့လျားစာကြည့်တိုက်အဖြစ် မော်တော်ယာဉ်ဖြင့် မြောက်ပိုင်းခရိုင်ရှိ ကျောင်းများ၊ ရပ်ကွက်ရှိစာကြည့်တိုက်များနှင့် မြို့နယ်၊ ကျေးရွာများသို့ လှည့်လည်ကာ စာဖတ်၊ စာငှား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ချက်များကို အစိုးရစာကြည့်တိုက်များအတွက်သာမက လူမှုအသိုက်အဝန်းပိုင် စာကြည့်တိုက်များမှာလည်း ဆောင်ရွက်နိုင်အောင် ဒေသခံများ၊ အစိုးရနဲ့ အစိုးရမဟုတ်သည့် အစုအဖွဲ့များက ပါဝင်ဆောင်ရွက်ပေးသင့်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အားလျော်စွာ အထက်ဖော်ပြပါ စာကြည့်တိုက်ဝန်ဆောင်မှုများကို မိမိတို့စတင်ဆောင်ရွက်နိုင်တဲ့အခြေအနေမှ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ကာ ပြည်သူများအကြား အသိဉာဏ်ဗဟုသုတများတိုးပွားအောင် ပြန့်ပွားပေးခြင်းဖြင့် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအစရှိတဲ့ နယ်ပယ်အသီးသီးမှာ ပိုမိုတည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုးတက်မှုများမှတစ်ဆင့် နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ပန်းတိုင်ဖြစ်တဲ့ သာယာဝပြောတဲ့ ဒီမိုကရေစီလူ့ဘောင်သစ်ကြီးကို မလွဲဧကန်ရောက်ရှိမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# စစ်ဘေးရှောင်ပြည်သူများအတွက် အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများ စုပေါင်းလှူဒါန်း

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ စစ်ဘေးရှောင်ပြည်သူများအတွက် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ မဘသ (ဗဟို) ရန်ကုန်၊ မွန်နှင့် ကရင်တို့မှ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က မြတ်ပန်းဝတ်မှုံခန်းမဆောင် ကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဆရာတော် ဟိတဓရ မဘသ(ဗဟို)၊ ဇေတဝန်ဓမ္မာရုံကျောင်းတိုက် ဆရာတော်၊ မြနန်း ဆရာတော်၊ သရက်တောကျောင်းတိုက်ဆရာတော်တို့မှ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ သြဝါဒမိန့်ကြားခဲ့ကြသည်။ ထို့နောက် စစ်ဘေးရှောင်ပြည်သူများအတွက် စောင်အထည် ၄၅၀၀၊ ပန်းကန်အချပ် ၄၀၀၀၊ ဆပ်ပြာခဲ ၄၀၀၀၊ ဆပ်ပြာမှုန့်ထုပ် ၄၀၀၀၊ ထမင်းအိုးကြီးနှစ်လုံး၊ ခြင်ထောင်အလုံး ၂၅၀၊ ပိုက်ဖျာ ၁၁၀ ချပ်၊ ရေသန့်ကတ် ၆၀၊ စုစုပေါင်း သိန်း ၉၀ တန်ဖိုးရှိ ပစ္စည်းများကိုလှူဒါန်းခဲ့ပြီး စစ်ဘေးရှောင် ပြည်သူများကိုယ်စား မြိုင်ကြီးငူတိုက်အုပ်ဆရာတော်က လက်ခံရယူခဲ့ကာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မိန့်ကြားသည်။

အဆိုပါအခမ်းအနားသို့ မဘသ(ဗဟို)မှ ဇေတဝန်ဓမ္မာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ သောပါက၊ ဟိတဓရဆရာတော် ဦးဝိမလာဘိဝံသ၊ မြနန်းဆရာတော် ဦးသဒ္ဓမ္မ၊ သရက်တောကျောင်းတိုက်ဆရာတော် ဦးကေတုရိန္ဒ၊ မြိုင်ကြီးငူတိုက်အုပ်ဆရာတော် ဦးဉာဏိက၊ ရွှေမြတ်မျိုးကြွယ်ကျောင်းတိုက်ဆရာတော် ဦးသီရိဓမ္မနှင့် ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြိုင်ကြီးငူဒေသရှိ ရပ်မိ၊ ရပ်ဖများ၊ စစ်ဘေးရှောင်ဒေသမှ ပြည်သူများ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မုဒိတာပုံရိပ် ဘေးမဲ့ဥယျာဉ်၌ ကျွဲ၊ နွားအကောင် ၉၀ ကျော်အား ဘေးမဲ့လွှတ်

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်နီပင်စေတနာကျေးရွာ မုဒိတာပုံရိပ် ကျွဲ၊ နွားဘေးမဲ့ဥယျာဉ်၌ သုဝဏ္ဏမြို့ ရန်ကုန်သစ်ရပ်ကွက်မှ မွန်ကျောင်းဆရာတော် အရှင် ပညာသီရိ ဦးဆောင်၍ အလှူရှင်ဒါယကာ၊ ဒါယိကာမများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ကျွဲ၊ နွားကောင်ရေ ၉၀ ကျော်အား ဘေးမဲ့လွှတ်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

"သူများအသက်ကို ကယ်တင်တဲ့ အလုပ်ဟာ သူများသတ်လို့သေတဲ့ကံနဲ့ ဘယ်တော့မှ မသေနိုင်ပါဘူး။ ဒါက ဆရာတော်ကိုယ်တိုင် ယာဉ်မတော်တဆမှု သုံးကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဒီလို ကျွဲ၊ နွားတွေ ဘေးမဲ့ပေးတာ၊ လှူဒါန်းတာဟာ အလွန်ကုသိုလ်ရတဲ့ အလုပ် ဖြစ်ပါတယ်"ဟု ဆရာတော်က အခမ်းအနားတွင် မိန့်ကြားသည်။

အဆိုပါ ကျွဲ၊ နွားများသည် ဆရာတော်ထံသို့ စေတနာရှင်များက လာရောက်လှူဒါန်းထားသော ကျွဲ၊ နွားများဖြစ်ကြောင်း၊ ကျွဲ၊ နွားများကို သဘာဝ တရားရိပ်သာ ဆရာတော် အရှင်ဥတ္တမသာရက ဧက ၆၀ လှူဒါန်းထားသောမြေဧကနှင့် အရှင်ပညာသီရိကိုယ်တိုင်ဝယ်ယူထားသော ဧက ၅၀ စုစုပေါင်း ဧက ၁၁၀ အတွင်း ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း၊ ယင်း ကျွဲ၊ နွားများကို ဒေသခံ ဝန်ထမ်းခြောက်ဦးဖြင့် စောင့်ရှောက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆရာတော် အရှင်ပညာသီရိနှင့် ပရဟိတအဖွဲ့သည် ယမန်နှစ်က ရေကြီးမှုဖြစ်ပွားစဉ် ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ မြောက်ဦး အစရှိသော မြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသအချို့တို့တွင် တောင်သူများ၏ ကျွဲ၊ နွားလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကျွဲ၊ နွားအကောင် ၂၀၀ ခန့်ကို နိုင်ငံတော်မှ ဖမ်းဆီးရမိသည့် ကျွဲ၊ နွားများအား လေလံဆွဲဝယ်ယူကာ လှူဒါန်းပေးခဲ့ကြောင်း။

အဆိုပါ ကျွဲ၊ နွားများကို ဒေသခံတောင်သူလယ်သမားများအား မရောင်းရ၊ သတ်မစားရဟူသော အာမခံစာချုပ်များဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ဆရာတော်ထံသို့ ကျွဲ၊ နွားလှူဒါန်းမှုများရှိနေသဖြင့် သဘာဝတရားရိပ်သာဆရာတော်ထံ အကူအညီတောင်းခံပြီး ဆရာတော်က မြေဧက ၆၀ လှူဒါန်းခဲ့သဖြင့် ဘေးမဲ့တောတည်ထောင်ကာ ကျွဲ၊ နွားများကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျွဲ ၊ နွားနှင့် အခြားတိရစ္ဆာန်များ လှူဒါန်းလိုသူများအနေဖြင့် သုဝဏ္ဏမြို့ ရန်ကုန်သစ်ရပ်ကွက်ရှိ မွန်ကျောင်းဆရာတော် ဖုန်း-၀၉-၅၄၀၅၂၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



# မြိုင်ကြီးငူဒေသသို့ ရောက်ရှိနေသော မဲသဝေါ စစ်ဘေးရှောင်ပြည်သူများအတွက် အန္တေးထည်နှင့် အစားအသောက်များလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အအေးလွန်ကဲနိုင်သောဒေသများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအန္တေးထည်များကို ပြည်ပမှ မှာယူကာ စုစုပေါင်းအထည် ၁၆၀၀၀၀ အတွက် အမေရိကန်ဒေါ်လာ ၂ သန်းကျော် (မြန်မာကျပ်ငွေ ၂ ဒသမ ၁ ဘီလီယံ)ဖိုးကို သက်ဆိုင်ရာဒေသများသို့ လှူဒါန်းလျက်ရှိရာ ယခုအခါ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသသို့ ရောက်ရှိနေသော မဲသဝေါ စစ်ဘေးရှောင်ပြည်သူများအတွက် အန္တေးထည်စုစုပေါင်းအထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ တို့ကို စက်တင်ဘာ ၁၇ ရက် ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်တို့က အဆိုပါ စစ်ဘေးရှောင်စခန်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

စစ်ဘေးရှောင်စခန်းရှိ ဒေသခံတိုင်းရင်းသားတစ်ဦးက မိမိနေထိုင်ရာရွာ၌ လယ်ယာနှင့် နွားများကို ပစ်ထားခဲ့ရကြောင်း၊ ယခုအခြေအနေအရ ပြန်ယူ၍လည်း မဖြစ်နိုင်ကြောင်း၊ မိမိအပါအဝင် မိသားစုငါးယောက်စလုံး စစ်ဘေးရှောင်စခန်းသို့ ရောက်ရှိနေကြကြောင်း၊ စစ်ဘေးကြောင့် စိတ်ညစ်နေရကြောင်း နှင့် ယခု စစ်ဘေးရှောင်စခန်း၌ အစားအသောက်အဆင်ပြေအောင် စီစဉ်ပေးထားကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အန္တေးထည် ၃၅၀၀ ကို ဩဂုတ် ၁၈ ရက်က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် အန္တေးထည် ၃၆၅၀၀ ကို ဩဂုတ် ၂၈ ရက်က လည်းကောင်း သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများ၊ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ သီလရှင်ကျောင်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများအတွက်လည်း ပေးပို့လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး-မြန်မာစာ**

# စစ်ဘေးရှောင်စခန်းများ WFP ၏ ထောက်ပံ့ရိက္ခာများ လုံလောက်မှုမရှိသော်လည်း ရပ်ဆိုင်းမည်ကို စိုးရိမ်

**ရေး စက်တင်ဘာ ၁၈**

လက်ရှိအစိုးရလက်ထက်တွင် အမှန်တကယ် ငြိမ်းချမ်းရေးရနိုင်ပါက စစ်ဘေးရှောင် ခံစားနေရသောပြည်သူများမှာ မိမိတို့နေရပ်ဒေသများ၌ နေအိမ်များကို အမြန်ဆုံးပြန်ရောက်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိတ်အေးချမ်းမြေ့စွာ လုပ်ကိုင်လိုကြသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က ဆန်၊ ဆီ၊ ဆေးနှင့် အစားအစာများကို လူတစ်ဦးကို တစ်လလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ထောက်ပံ့နေသော်လည်း မိသားစုစားဝတ်နေရေးအတွက် လုံလောက်မှု မရှိဘဲ ထောက်ပံ့မှု ရပ်ဆိုင်းမည်ကိုလည်း စိုးရိမ်နေကြကြောင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စိန်ပေါလ်စစ်ဘေးရှောင် စခန်း တာဝန်ခံ ဒေါ်ရွှယ်ဂျားက ပြောသည်။

"အခု ဒီစစ်ဘေးရှောင်စခန်းမှာ နေခဲ့ရပေမယ့် ကိုယ်နေခဲ့တဲ့အိမ်ကိုပြန်ချင်ပါတယ်။ အိမ်ကို ပြန်ဖို့ စိတ်ဆန္ဒရှိပေမယ့် နှစ်ဖက်စလုံးကလည်း မိုင်းတွေထောင်ထားတယ်။ အစစ်အဆေးလည်း များတယ်။ ဒါကြောင့်နေရပ်ပြန်ရဖို့အတွက် အခြေအနေက မလွယ်ကူသေးဘူး ဖြစ်နေတယ်"ဟု ဒဘတ်ယန်အုပ်စု နော့ဂူကျေးရွာနေ ဒေါ်ဂျီးဂရောင်က ပြောသည်။

အဆိုပါစစ်ဘေးရှောင်စခန်း၌ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ထိ ဂျန်မိုင်တောင်း မြစ်ကြီးနားဝန်းကျင်ကျေးရွာ ၁၀ ရွာမှ တာလောကြီး၊ မလိသွယ်ယန်၊ ဦးလောက်၊ ရေကြည်၊ ဂါးရားယန်၊ နမ်ဆန်ယန်၊ ဒဘတ်ယန်၊ နော့ဂူ၊ ဟိုးကပ်၊ ဆွမ်ပရာဘွမ်ကျေးရွာများမှ အိမ်ထောင်စု ၁၀၁ စုမှ အမျိုးသား ၁၉၇ ဦး၊ အမျိုးသမီး ၂၅၅ ဦး စုစုပေါင်း ၄၅၂ ဦးထဲတွင် သက်ကြီးရွယ်အိုများ၊ မူကြိုနှင့် တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူများမှာ ၂၀၇ ဦးရှိနေရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစိုးရကျောင်း၌ ပညာသွားရောက်သင်ကြားရာတွင်လည်း ကျောင်းသုံးစာရေးကိရိယာများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**


စိန်ပေါလ်စစ်ဘေးရှောင်စခန်းရှိ ပြည်သူများအား တွေ့ရစဉ်

# တွံတေးတူးမြောင်းဘေး မြစ်ကမ်းပါးများပြိုကျနေ

**ဒလ စက်တင်ဘာ ၁၈။** ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက်အတွင်းရှိ တွံတေးတူးမြောင်း ကမ်းနားတစ်လျှောက် မြစ်ရေတိုက်စား၍ ကမ်းပြိုသည့်နေရာသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက သွားရောက်စစ်ဆေးကြသည်။ တာကြီးရပ်ကွက်တွင် အိမ်ခြေ ၁၀၁၁ လုံးကျော် လူဦးရေ ၄၀၆၇ ဦးခန့်ရှိပြီး တွံတေးတူးမြောင်း မြစ်ကမ်းပါးဘေး ဆက်တိုက်ပြိုကျပျက်စီးမှုကြောင့် ပျက်စီးသွားသော နေအိမ်ခုနစ်လုံးခန့်ရှိကြောင်း၊ မြစ်ကမ်းပါးပြိုကျမှုများကြောင့် ပြည်သူများ၏အသက်ဆုံးရှုံးမှုမရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင် ပြောသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးနှင့်အဖွဲ့သည် တာကြီးရပ်ကွက်၊ တွံတေးတူးမြောင်းဘေးတွင် နေထိုင်ကြသော အိမ်ထောင်စုများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းများဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၁၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် သွေးလှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ဖွဲ့ခွဲနှင့် ခရိုင်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၄၀၀ ဦးက စက်တင်ဘာ ၁၇ ရက်တွင် နံနက် ၇ နာရီမှ ၉ နာရီခွဲအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ရှေ့မျက်နှာစာပတ်ဝန်းကျင်၊ သူနာပြုဆောင်၊ သူနာပြုသင်တန်းကျောင်း၊ ပတ်ဝန်းကျင်နှင့် ဆရာဝန်များ အရာရှိရိပ်သာဝင်းအတွင်းရှိ ချုံနွယ်နှင့်မြက်များအား ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေတို့က လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌လည်း နံနက် ၈ နာရီမှ စတင်ကာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း စုစုပေါင်း ၁၇၃ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ခူးမောင်နှမများမိသားစုနှင့် ကြည်သာကုမ္ပဏီတို့က သွေးလှူဒါန်းသူတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ အာဟာရဖြည့်တင်းနိုင်ရန်အတွက် ကြက်ဥအလုံး ၁၀၀၀ စီကို လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က သွေးလှူဒါန်းသူများအား လှည့်လည်ကြည့်ရှု၍ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သွေးလှူဒါန်းသူတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအတွက် အာဟာရ ဖြည့်တင်းနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄၆၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု တောင်ငူ၌ သွေးလှူ

**တောင်ငူ စက်တင်ဘာ ၁၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ စီစဉ်မှုဖြင့် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း ဦးဆောင်သည့် ခရိုင်နှင့်မြို့နယ်များမှ အရာရှိ အရာခံရဲတပ်ဖွဲ့ဝင် ၇၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲအတွက် တေးသီချင်းများ

**၁။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)**

| | | |
|---|---|---|
| (က) | ဗမာ့သွေး | ဒေါ်ကြည်အောင် |
| (ခ) | သူဌေးဝါဒ | နန်းတော်ရှေ့ဆရာတင် |
| (ဂ) | မဟာ | ဇော်ဝင်းထွဋ် |
| (ဃ) | သုံးရောင်ခြယ် | စိန်ပါတီ/ထား |
| (င) | ခေတ်ဆန်းချိန် | ရွှေညာမောင် |

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | တပင်ရွှေထီး | ဒေါ်ကြည်အောင် |
| (ခ) | မြန်မာ့ဂုဏ်ရည် | ဝင်းဦး |
| (ဂ) | သီတာရတနာ | ဒေါ်ကြည်အောင် |
| (ဃ) | လှေပွဲ | မောင်ကိုကိုနှင့်အဖွဲ့ |
| (င) | ကောင်းစားတော့မည် | မအေးမိ |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**

| | | |
|---|---|---|
| (က) | မြန်မာပြည်သား | အဖွဲ့ |
| (ခ) | တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် | အဖွဲ့ |
| (ဂ) | ပြန်လည်ထူထောင်ရေး | ကိုကျော်ဆွေ |
| (ဃ) | မဟာဗန္ဓုလ | ကိုထွန်းရွှေ |

**၄။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ပုဂံမြေ | နွဲ့ယဉ်ဝင်း |
| (ခ) | ထာဝရအဓိဋ္ဌာန် | မေလှမြိုင် |
| (ဂ) | ဗိုလ်ရှုသဘင် | မြသက်မူ |
| (ဃ) | ဖွဲ့ | ပြည်လှဖေ |

## ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မြင်းခြံ စက်တင်ဘာ ၁၈**

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား ဆောင်ရွက်မည့် လုပ်ငန်းခွင်သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချမ်းမြေ၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်အေး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၅ ရက်က ကွင်းဆင်း စစ်ဆေးကြည့်ရှုရာ တင်ဒါအောင်မြင်သော Royal Zay ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာက ဆောင်ရွက်မည့်အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြင်းခြံမြို့နယ်အတွင်း နဘူးအိုင်-ဆီမီးခုံ ကျောက်ချောလမ်း (၂/၆)မိုင်၊ ခေါင်းကွဲ-ကံရွာ-အိုင်းမ ကျောက်ချောလမ်း (၁/၅)မိုင်၊ မြင်းခြံ-ဆားခါး-သံမဏိစက်ရုံ ကျောက်ချောလမ်း(၁/၅)မိုင်၊ ပေ ၅၀ နှင့်အထက် ရေကျော် ငါးစင်း၊ Box Culvert ခြောက်စင်းဆောင်ရွက်ပေးမည်ဖြစ်၍ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ ဒသမ ၃၅ သန်း အကုန်အကျခံဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

## ရန်ကုန်မြို့ မြို့လယ်ကောင်တိုက်ခန်းအတွင်း ဓားဖြင့် ထိုး၊ သံတုတ်ဖြင့် ရိုက်မှုဖြစ်



အခင်းဖြစ်ပွားသည့် တိုက်ခန်းကို တွေ့ရစဉ်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြို့ မြို့လယ်ကောင် ကျောက်တံတားမြို့နယ် အမှတ် (၃)ရပ်ကွက် ၃၅ လမ်း (အလယ်ဘလောက်) တိုက်အမှတ် ၁၇၂ သုံးလွှာ ညာဘက်ခန်း၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခန့်က အသက် ၃၀ အရွယ်ရှိ လူငယ်တစ်ဦးက ကြီးတော် တော်သူနှင့်အစ်မဝမ်းကွဲတော်စပ်သူတို့အား သံတုတ်ဖြင့်ရိုက်၊ ဓားဖြင့် ထိုးခုတ်သဖြင့် ကြီးတော်တော်စပ်သူမှာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်နှင်းပပလွင်သည် မိခင်ဖြစ်သူ ဒေါ်ကြင်မွှေးနှင့်အတူ ရှိနေစဉ် သန်လျင်မြို့နယ်နေ မောင်ဝမ်းကွဲတော်စပ်သူ မြတ်ကိုလှိုင်ရောက်ရှိလာပြီး ဒံပေါက်များဝယ်လာကြောင်း စားရန် ပြောဆိုသည့်အတွက် မိမိကိုယ်တိုင် တံခါးဖွင့်ပေးမိခဲ့ကြောင်း၊ ဒံပေါက်စားပြီး နာရီဝက်ခန့်အတူ စကားပြောကြပြီး မိမိမှာ ရေချိုးရန် ရေချိုးခန်းအတွင်း ဝင်ခဲ့ကြောင်း၊ ရေချိုးနေစဉ် အိမ်ရှေ့ခန်းမှ မိခင်ဖြစ်သူ ၏ အသံကြား၍ ထွက်ကြည့်ရာ မြတ်ကိုလှိုင်က မိခင်အားရိုက်နေရာမှ မိမိဆီသို့ရောက်လာကာ သံတုတ်ဖြင့် နှစ်ချက်ဆင့်ရိုက်ခံရပြီး ရုန်းထွက်လာစဉ် မြတ်ကိုလှိုင်က လက်ထဲရှိ ဓားဖြင့် ခုတ်ရန်ရွယ်၍ လက်ဖြင့်ဖယ်ယမ်းလိုက်သည့်အတွက် သံတုတ်ဖြင့် ထပ်မံရိုက်ခြင်းခံခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားနေစဉ် ဒေါ်နှင်းပပလွင်က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ရပ်ကွက်နေပြည်သူများ ရောက်ရှိလာ၍ ဖမ်းဆီးရန် ကြိုးပမ်းစဉ် နယ်မြေရဲစခန်းမှ လှည့်ကင်းအဖွဲ့ဝင်များ ရောက်ရှိလာကြောင်း သိရသည်။ မြတ်ကိုလှိုင်မှာ လွတ်လမ်းမရှိ တော့သည့်အတွက် တိုက်ဘေးသုံးလွှာမှ ခုန်ချထွက်ပြေးစဉ် ပြုတ်ကျ၍ ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရရှိသူ မြတ်ကိုလှိုင်အား တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးသို့ ပေးအပ်စဉ် သေဆုံးသွားသည်။ ဒေါ်ကြင်မွှေးမှာလည်း ရရှိသော ဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



တိုက်ခန်းအတွင်း အခင်းဖြစ်ပွားပြီးနောက် တွေ့ရစဉ်

၂

# ကျွန်တော်နဲ့ ဒါဝိတ်နဲ့ ဂေါလီယ



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

**''အသိကိုကျောင်းမှာရပြီး ပညာကို ဘဝကရတယ်''ဆိုတဲ့ဆောင်ပုဒ်ကို ကျွန်တော်သိပ်သဘောကျတယ်။ ကျောင်းစာဟာအရေးကြီးသလို လက်တွေ့ဘဝဟာလည်း ပဓာနဖြစ်တယ်။ ဒါကြောင့်လည်း လူငယ်တွေဟာ (book smart) ပညာရေးမှာ ထူးချွန်ဖို့လိုအပ်သလို (Street smart) ဘဝကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်စွမ်းရှိရမှာဖြစ်တယ်။ စာတော်ရုံနဲ့ ဘဝမှာမအောင်မြင်နိုင်ဘူး။ စာတွေနဲ့လက်တွေ့ကို ပေါင်းစပ်နိုင်ဖို့အရေးကြီးတယ်။**

ကျွန်တော်ဟာ (book smart) ဖြစ်တဲ့သူတစ်ယောက်၊ စာတွေအမျိုးမျိုး အကြာကြီးသင်ခွင့်ရခဲ့တယ်။ သူငယ်တန်းကစပြီး ဘွဲ့လွန်ပါရဂူဘွဲ့ရတဲ့အထိ ကုန်ခဲ့ချိန်တွေ ၂၅နှစ်ကျော်ရှိတယ်။ ကျောင်းစာကို ပြည့်ပြည့်စုံစုံသင်ခွင့်ရတယ်။ ဒါပေမယ့် မှန်တာကိုဝန်ခံရရင် (Street Smart) မဖြစ်ဘူး။ လူရည်မလည်ဘူး။ အ,တယ်လို့တောင် တချို့က ဝေဖန်ကြတယ်။ အပေါင်းအသင်းနည်းတယ်။ လူမှုဆက်ဆံမှုညံ့ဖျင်းတယ်။ ရေလိုက်ငါးလိုက် မနေတတ်ခဲ့ဘူး။ ပညာမာနကြီးမိတယ်။ မှန်တယ်ထင်ရင် မညှာမတာပြောမိတယ်။ မဟုတ်တာတွေ့ရင်လည်း ရင်ထဲမထားနိုင်ခဲ့ဘူး။ အာဏာရှိတဲ့သူအကြိုက်လည်း မပြောတတ်ခဲ့ဘူး။ ဒါတွေဟာ မိမိရဲ့အားနည်းချက်တွေပါ။ မလိမ္မာခဲ့တဲ့အဖြစ်၊ လူမှန်းသိကတည်းက စာနဲ့မွေ့လျော်ခဲ့သူမို့စာကို ချစ်တယ်။ ပညာကိုအလေးထားတယ်။ ဒါကြောင့်လည်း ပညာနဲ့ပတ်သက်လာရင် မရိုးမသားတဲ့ကိစ္စ တွေ့ရရင် စိတ်မကောင်းဖြစ်ရတယ်။ မိမိမြတ်နိုးတဲ့အရာကို ဖျက်ဆီးပစ်တာလို့ ခံစားရတယ်။ အလိမ္မာစာမှာရှိတယ်ဆိုတာကို ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့်လည်း စာဖတ်ခြင်းကို အမြဲအာရုံပြုတယ်။ လေ့လာမှုကနေ မိမိရဲ့အရည်အသွေးတွေတက်အောင် ကြိုးစားတယ်။ တလောက ကျွန်တော်ဖတ်တဲ့စာအုပ်တစ်အုပ်က ရခဲ့တဲ့အသိကို မျှဝေချင်တယ်။

စာရေးဆရာက ကနေဒါနိုင်ငံက ကမ္ဘာကျော်။ သူ့ရဲ့စာအုပ်တွေဟာ ထူးခြားတယ်။ သာမန်စဉ်းစားတဲ့ အတွေးအခေါ်တွေကို ပြောင်းလဲပေးတယ်။ အများလက်ခံထားတာတွေဟာ ရုတ်တရက်ကြည့်ရင်မှန်နေသလို ထင်ရပေမယ့် အသေအချာသုံးသပ်ရင် ပြန်စဉ်းစားသင့်တာကို သူက အမြဲသတိပေးခဲ့တယ်။ သူရေးတဲ့စာအုပ်တွေအနက် (Blink) လို့ခေါ်တဲ့ မျက်စိတစ်မှိတ်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး သမားရိုးကျတွေးခေါ်စဉ်းစားတဲ့ပုံစံ မဟုတ်ဘဲ အမှတ်မထင်တဲ့ကိစ္စကြောင့် ပြောင်းလဲမှုဟာ ချက်ချင်းမျက်စိတစ်မှိတ်မှာ ပြောင်းလဲခဲ့တာကို ရေးသားဖော်ထုတ်ခဲ့တယ်။ သူက ၁၉၈၉ ခုနှစ် ဂျာမနီနိုင်ငံကို နှစ်ခြမ်းခွဲထားတဲ့နံရံကြီး ကျိုးပျက်ခဲ့တာကို ဥပမာပေးခဲ့တယ်။ ဒီဇင်ဘာလ ၂၅ ရက်နေ့ညအထိ အခုလိုဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှမထင်ခဲ့ကြဘူး။ အင်အားကြီးလှတဲ့ ကွန်မြူနစ်စနစ်ကိုကျင့်သုံးပြီး ပြည်သူတွေကို အမျိုးမျိုးအဖုံဖုံနှိပ်စက်ခဲ့တဲ့အစိုးရ။ ဒီအစိုးရကို လက်နက်အင်အားတွေနဲ့ အထောက်အပံ့ပေးနေတဲ့ ဆိုဗီယက်ရုရှား။ တစ်ဖက်မှာတော့ လက်နက်မပြောနဲ့ အုတ်ခဲတောင်မရှိတဲ့ပြည်သူ။ ဒါပေမယ့် လျှပ်တစ်ပြက်အတွင်းမှာပဲ ဒီခိုင်ခံ့လှတဲ့ စနစ်ဆိုးကြီးဟာ ပျက်စီးခဲ့တယ်။

သူရေးတဲ့စာအုပ်တွေအနက် တလောက လက်ဆောင်ရတဲ့ စာအုပ်က ''ဒါဝိတ်နဲ့ဂေါလီယ''၊ စာအုပ်လက်ဆောင်ပေးခဲ့သူက စီအီးအိုမဂ္ဂဇင်းထုတ်လုပ်တဲ့ ဒေါက်တာသာထွန်းဦး။ ဒီခေါင်းစဉ်ကို လူအများသိကြမှာဖြစ်ပါတယ်။ အမှန်စင်စစ် ''ဒါဝိတ်နဲ့ဂေါလီယ'' အကြောင်းဟာ ခရစ်ယာန်ဘာသာ ဓမ္မဟောင်းကျမ်းစာမှာ ပါဝင်ခဲ့တာဖြစ်တယ်။ ဒါပေမယ့် ''ဒါဝိတ်နဲ့ဂေါလီယ''အကြောင်းကို မျက်မှောက်ခေတ်နေရာတိုင်းလိုလိုမှာ အသုံးချနေတာဖြစ်တယ်။ စောစောကပြောခဲ့တဲ့ ၁၉၈၉ ခုနှစ် ဂျာမနီနိုင်ငံမှာဖြစ်ခဲ့တာကို ''ဒါဝိတ်နဲ့ဂေါလီယ'' အကြောင်းနဲ့ ဆက်စပ်လို့ရနိုင်တယ်။

ဓမ္မဟောင်းကျမ်းစာထဲပါတဲ့အကြောင်းကို အရင်သိဖို့လိုတယ်။ သခင်ယေရှုခရစ်မပေါ်မီကာလ ယခုအစ္စရေးနိုင်ငံမှာ စစ်တွေဖြစ်ခဲ့တယ်။ တစ်ဖက်က အစ္စရေးလူမျိုးတွေဖြစ်ပြီး တစ်ဖက်ကတော့ ဖီလီစတိုင်းလူမျိုး။ ချောက်ကမ်းနံဘေး။ တစ်ဖက်စီမှာ စစ်တပ်တွေ စခန်းချထားကြတယ်။ တစ်ဖက်နဲ့တစ်ဖက် လှမ်းမြင်နိုင်တယ်။ ချောက်ကြီးခြားထားတာမို့ နှစ်ဖက်စလုံးက တိုက်ခိုက်ဖို့မလွယ်ဘူး။ တစ်ဖက်ရန်သူရဲကောင်းတစ်ဦး ရွေးဖို့လိုအပ်လာတယ်။ ဘုရင်ကြီးက ဂေါလီယနဲ့ရင်ဆိုင်မယ့်သူကို စည်းရုံးတဲ့အခါ တစ်ယောက်မှ ရှာမတွေ့ခဲ့ဘူး။ အမိုက်ခံပြီး ဘယ်သူမှစီးချင်းမထိုးချင်ခဲ့ဘူး။ အခုဖြစ်နေချိန်မှာ သိုးထိန်းလူငယ်တစ်ဦးဖြစ်တဲ့ ဒါဝိတ်က ကျွန်တော်ဂေါလီယနဲ့ တိုက်မယ် ကျွန်တော့်ကို ခွင့်ပြုပေးပါလို့ ဘုရင်ကြီးထံခွင့်ပန်ခဲ့တယ်။

ဘယ်သူမှရှာမရတာကို အခုလိုလိုလိုချင်ချင်တိုက်ချင်တဲ့ ဒါဝိတ်ကို ဘုရင်ကလိုအပ်တဲ့ဝတ်စုံတွေ၊ ဓားလှံတွေပေးခဲ့တယ်။ ဒါကို ဒါဝိတ်ကငြင်းဆန်ခဲ့ပြီး သူသိုးထိန်းတဲ့အခါ ဝတ်နေကျဝတ်စုံနဲ့စစ်ခင်းပါရစေလို့ ဘုရင်ကိုလျှောက်ထားခဲ့တယ်။ လက်နက်အနေနဲ့ သူသိုးထိန်းတဲ့အခါ အန္တရာယ်ပြုတဲ့ တိရစ္ဆာန်တွေကို နှိမ်နင်းဖို့ဆောင်ထားတဲ့ လေးခွနဲ့တူတဲ့ လက်နက်ကိုသာ အသုံးပြုပါရစေလို့ ဘုရင်ကြီးကိုလျှောက်တင်

**အခြေခံအားဖြင့်ကတော့ အားကြီးနေသူကို ကြောက်ရွံ့စရာမလိုဘူး။ ကိုယ်ကအားနည်းနေပေမယ့် ကိုယ့်ရဲ့အားနည်းချက်ကို အသုံးချပြီး အားသာချက်ဖြစ်အောင်လုပ်နိုင်ဖို့ သတိပေးခဲ့ကြတယ်။ ဒါကြောင့်လည်း တစ်ခါတလေ အားနည်းနေချိန်မှာ ကျွန်တော်ဟာ ဒါဝိတ်နဲ့ဂေါလီယ အကြောင်း စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့တယ်။**

ရှိရာတိုက်ဖို့ ချောက်ထဲအရင်ဆင်းရမယ်။ ဆင်းပြီးမှ အမြင့်မှာ တပ်စွဲထားတဲ့ ရန်သူကိုတိုက်ခိုက်ရမှာမို့ နှစ်ဖက်စလုံးက အကြံအိုက်နေခဲ့တယ်။ နောက်ဆုံး နှစ်ဖက်ခေါင်းဆောင်တွေက သဘောတူညီမှုတစ်ခုရခဲ့တယ်။ တစ်ဖက်နဲ့တစ်ဖက် ခက်ခက်ခဲခဲတိုက်ခိုက်နေရရင် နှစ်ဖက်စလုံးနစ်နာမယ်။ သေကျေပျက်စီးမှုလည်းများမယ်။ ဒါကြောင့် တစ်ဖက်စီသူရဲကောင်းတစ်ဦးစီရွေးချယ်ပြီး စီးချင်းထိုးစေမယ်။ အခုလိုတစ်ယောက်ချင်း အရှုံးအနိုင်ပေါ်မှုတည်ပြီး ရှုံးတဲ့တပ်ကအညံ့ခံဖို့ သဘောတူခဲ့ကြတယ်။ ဖီလီစတိုင်းဘက်က အခုလိုဆုံးဖြတ်တာကို သိပ်ကျေနပ်တယ်။ သူတို့ရဲ့ရဲမက်တွေအထဲမှာ ဂေါလီယအမည်ရှိတဲ့စစ်သူကြီးတစ်ဦးရှိတယ်။ သူဟာ ခုနစ်ပေနီးပါးမြင့်တယ်။ ကိုယ်လုံး ကိုယ်ထည်ကျစ်လျစ်ခိုင်မာတယ်။ တောင့်တင်းတယ်။ ဒီဂေါလီယကို ဘုရင်ကြီးက အင်မတန်တောင့်တင်းခိုင်မာတဲ့ဝတ်စုံဆင်ပေးတယ်။ လက်နက်အနေနဲ့ ဓားရှည်တစ်လက်၊လှံတစ်ချောင်းနဲ့ ကြီးမားလှတဲ့တင်းပုတ်တစ်ခု။ ပြီးတော့လည်း သူ့ကိုယ်ကိုကာကွယ်ဖို့ ဒိုင်းကိုလည်းဆင်ပေးတယ်။ ဂေါလီယဟာ အခုလို တစ်ဦးချင်းစီးချင်းထိုးပွဲတွေ အကြိမ်ကြိမ်လုပ်တဲ့ အတွေ့အကြုံရှိခဲ့သူ၊ အမြဲအနိုင်ရခဲ့သူ၊ တစ်ဖက်က သူရဲကောင်း ရွေးချယ်ပြီးတဲ့အခါ အစ္စရေးဘက်ကလည်း ပြီးချောက်ထဲကိုဆင်းသွားခဲ့တယ်။ တစ်ဖက်ချောက်က ဆင်းလာတာကိုမြင်လိုက်တဲ့ ဂေါလီယဟာလည်း တစ်ဖက်ကနေဆင်းလာခဲ့ပြီး ချောက်အလယ်မှာနှစ်ဦးတွေ့ဆုံကြပြီး စစ်ခင်းကြတယ်။ ထူးခြားတာက ဂေါလီယဟာတစ်ဦးတည်း ဆင်းလာတာမဟုတ်ဘဲ သူ့အရှေ့မှာ သူ့ရဲ့ဒိုင်းကြီးကိုင်မယ့် လူငယ်တစ်ဦးကိုလည်း ခေါ်လာခဲ့တယ်။ ဂေါလီယဟာ ယုံကြည်မှုအပြည့် သူ့မှာအတွေ့အကြုံရှိတယ်။ ခန္ဓာကိုယ်ဟာလည်း တောင့်တင်းခိုင်မာသလို သူ့ရဲ့လက်နက်များကိုလည်း ကျွမ်းကျွမ်းကျင်ကျင်သုံးနိုင်သူဖြစ်တယ်။ စီးချင်းထိုးမယ့် လွင်ပြင်ထဲရောက်လာတဲ့အခါ သူနဲ့စစ်ခင်းမယ့် ဒါဝိတ်ကိုတွေ့လိုက်ရတယ်။ သိုးထိန်းတဲ့သူ့ရဲ့လက်ထဲမှာ သိုးကျောင်းတဲ့အခါ အသုံးပြုတဲ့ တုတ်တစ်ချောင်းနဲ့ တစ်ဖက်ကလည်းလေးခွလက်နက်။ တစ်ယောက်နဲ့တစ်ယောက်နဲ့ အကဲခတ်နေရင်း ရုတ်တရက်ဆိုသလို ဒါဝိတ်ကသူ့ရဲ့လေးခွနဲ့ပစ်လိုက်တဲ့အခါ ဂေါလီယရဲ့ဦးခေါင်းထိပ်မှန်ပြီး ဂေါလီယဟာလဲကျသွားခဲ့တယ်။ ဒါဝိတ်ဟာလဲသွားတဲ့ ဂေါလီယအနီးကပ်လာပြီး ဂေါလီယရဲ့ ဓားကိုယူပြီးခေါင်းဖြတ်လိုက်တယ်။ စစ်ပွဲအောင်နိုင်ခဲ့တာမို့ ဖီလီစတိုင်းဘုရင်နဲ့နောက်လိုက်တွေအားလုံး အညံ့ခံခဲ့တယ်။

ဓမ္မဟောင်းကျမ်းစာမှာ ဖော်ပြခဲ့တဲ့အကြောင်းကို သင်ခန်းစာယူဖို့ ခေတ်အဆက်ဆက်မှာအားပေးခဲ့ကြတယ်။ အခြေခံအားဖြင့်ကတော့ အားကြီးနေသူကို ကြောက်ရွံ့စရာမလိုဘူး။ ကိုယ်ကအားနည်းနေပေမယ့် ကိုယ့်ရဲ့အားနည်းချက်ကိုအသုံးချပြီး အားသာချက်ဖြစ်အောင်လုပ်နိုင်ဖို့ သတိပေးခဲ့ကြတယ်။ ဒါကြောင့်လည်း တစ်ခါတလေ အားနည်းနေချိန်မှာ ကျွန်တော်ဟာ ဒါဝိတ်နဲ့ဂေါလီယ အကြောင်း စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ်အားပေးခဲ့တယ်။ ကျွန်တော်က ရိုးရိုးစဉ်းစားတာဖြစ်တယ်။ ကျွန်တော့်လိုပဲ ဒါဝိတ်နဲ့ ဂေါလီယအကြောင်း စဉ်းစားကြသူတွေဟာ အခုလိုပဲ ကောက်ချက်ချမှာဖြစ်တယ်။ ကျွန်တော့်ရဲ့ စဉ်းစားချက်တွေ ကို ဆရာကြီးရေးထားတဲ့စာအုပ်ဖတ်ပြီး ပြင်ဆင်ခဲ့ရတယ်။ သူ့ရဲ့အကြောင်းပြချက်တွေဟာ ခိုင်လုံလှတယ်။ သမားရိုးကျတွေးခေါ်မှုမဟုတ်ဘဲ ဘယ်သူမှ မစဉ်းစားတဲ့ကိစ္စကို ဖော်ထုတ်ခဲ့ပါတယ်။ သူထောက်ပြခဲ့တဲ့ အကြောင်းတွေကို ကျွန်တော်ဖောက်သည်ချချင်ပါတယ်။

အမှန်တော့ ဒါဝိတ်နဲ့စီးချင်းထိုးဖို့ သူ့တပ်တွေရှိတဲ့ ချောက်က ဆင်းလာတဲ့ဂေါလီယစိတ်ထဲမှာ သူ့လိုပဲ လက်နက်အပြည့်အစုံရှိတဲ့သူ၊ ဓားလှံတွေကိုင်တဲ့သူ၊ ကိုယ်ထည်ကို ကာကွယ်ပေးမယ့်ဝတ်စုံတွေဝတ်ထားတဲ့သူလို့ယူဆခဲ့တယ်။ တကယ်ရင်ဆိုင်တဲ့အခါ သူလုံးဝမစဉ်းစားခဲ့တဲ့အခြေအနေတစ်ရပ်ကို ရင်ဆိုင်ခဲ့ရတယ်။ လေးခွလက်နက်ကိုသာသုံးတဲ့သူ၊ အကာကွယ်လုံးဝမရှိသူ၊ ဒါကြောင့် သူယဉ်ပါးတဲ့အခြေအနေနဲ့ လုံးဝမတူတဲ့၊ လုံးဝမမျှော်လင့်ထားတဲ့အခြေအနေကို ရင်ဆိုင်ရတာမို့ ဘယ်လိုတုံ့ပြန်ရမှန်းတောင်မသိခဲ့ဘူး။ အခုလိုမထင်မှတ်တဲ့ အခြေအနေကို ရင်ဆိုင်ရပြီး ကြက်သေသေနေချိန်အတွင်းမှာပဲ ဒါဝိတ်က လေးခွကိုသုံးပြီး သူ့ကိုချေမှုန်းခဲ့တာ။ စာရေးဆရာက ကျွန်တော်မကြားဖူးတဲ့ အချက်တစ်ခုကိုလည်းဖော်ထုတ်ခဲ့တယ်။ ဂေါလီယဟာ အခုလိုသာမန်နဲ့မတူဘဲ ထွားကြိုင်းနေတာက အမှန်တော့ ရောဂါရှိလို့ဖြစ်တယ်။ သာမန်လူတွေထက်ပိုတဲ့ ဟော်မုန်းဓာတ်တွေရှိတာမို့ အရပ်ကခုနစ်ပေကျော်ခဲ့တာ။ အခုလိုခန္ဓာကိုယ်ကြီးထွားမှုနဲ့အတူ သူ့ရဲ့မျက်စိအာရုံဟာချို့တဲ့ခဲ့တယ်။ ဒါကြောင့် သူဟာ သူ့ရဲ့ဒိုင်းကြီးကိုကိုင်ဖို့ ကလေးငယ်တစ်ဦးကို ခေါ်လာခဲ့တယ်။ အမှန်တော့ ဒီကလေးဟာဒိုင်းကိုင်ရုံ သက်သက်မဟုတ်ဘဲ သူကြည်ကြည်လင်လင်မမြင်နိုင်တာကို သူ့ရဲ့ကိုယ်စားကြည့်ပေးတဲ့သူဖြစ်နေတာ။ ဒါကြောင့် ဂေါလီယဟာ ဒါဝိတ်ကိုတွေ့တွေ့ချင်း '' မင်းကငါ့ကို ခွေးထင်လို့ တုတ်နှစ်ချောင်းဆောင်ထားတာလားလို့ မေးခဲ့တယ်။ ဒါဝိတ်မှာ တုတ်တစ်ချောင်းပဲရှိတာကို သူက နှစ်ချောင်းမြင်နေတာက မျက်စိအားချို့တဲ့လို့ဖြစ်တယ်။ ဂေါလီယရဲ့အားသာချက်ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးထွားမှုဟာ သူ့ရဲ့မျက်စိကို ထိခိုက်ခဲ့တဲ့အတွက် သူ့ရဲ့အားနည်းချက်ဖြစ်ခဲ့တယ်။

စာအုပ်ထဲမှာ ဒါဝိတ်နဲ့ဂေါလီယအကြောင်းကို နိဒါန်းပျိုးပြီး မျက်မှောက်ခေတ်မှာ သမားရိုးကျတွေးခေါ်မှုတွေကို ပစ်ပယ်ပြီး၊ သူများမစဉ်းစားတဲ့အကြောင်းတွေကို တွေးပြီး ဘဝကိုရင်ဆိုင်အောင်မြင်တဲ့အကြောင်းတွေကို ဖော်ပြခဲ့ပါတယ်။ ဒီအကြောင်းတွေဖတ်ပြီး ကျွန်တော်တို့ နိုင်ငံမှာလည်း အတွေးအခေါ်အယူအဆတွေ ပြောင်းဖို့လိုအပ်ကြောင်း သတိပြုမိပါတယ်။ သမားရိုးကျစဉ်းစားတဲ့ပုံစံတွေဟာ မလုံလောက်မပြည့်စုံတော့ပါဘူး။ အတွေးအခေါ်အယူအဆတွေပြောင်းပြီး လူတစ်ဦးချင်းအနေနဲ့ဖြစ်စေ၊ အဖွဲ့အစည်းအနေနဲ့ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ဖြစ်စေ ရင်ဆိုင်သွားရမှာသာဖြစ်တယ်။

အခုခေတ်မှာ ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဖို့ အားစိုက်နေကြတယ်။ အဖြေအသစ်တွေထုတ်ဖို့ ကြိုးစားနေကြတယ်။ ပညာရေးရဲ့ဦးတည်ချက်ကို သတိရဖို့လိုအပ်ပါတယ်။ မပြည့်ဝတဲ့ဦးနှောက်ကိုဖြည့်ဆည်းပေးရုံမဟုတ်ဘဲ အရာရာကိုလက်ခံနိုင်တဲ့၊ မိမိကိုယ်မိမိ ဆင်ခြင်တတ်တဲ့ တွေးခေါ်မှုနဲ့အစားထိုးရမှာသာ ဖြစ်ပါတယ်။

## ကင်းထောက် ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်၍ နိုဝင်ဘာလအတွင်း ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရန်အတွက် တစ်ပြည်လုံးရှိ အမျိုးသားအမျိုးသမီးကင်းထောက်များ၊ ကင်းထောက်လုပ်ငန်း စိတ်ပါဝင်စားသူများ ပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ယခုနှစ်ဩဂုတ်လတွင် အသိအမှတ်ပြုပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့သည် ယခုအခါ ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့၏ တွဲဖက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်ကြီးများ တက်ရောက်အားပေးကြရန် စိတ်အားထက်သန်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ခမ်းခမ်းနားနားနှင့် စနစ်တကျဖြစ်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောသည်။

တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ်အတွက် တေးသီချင်းများ၊ ရန်ပုံငွေရရှိရေးအတွက် အထိမ်းအမှတ်ပစ္စည်းများနှင့် ပဒေသာကပွဲများဖြင့် ရန်ပုံငွေရှာဖွေရေး၊ ရာပြည့်မဂ္ဂဇင်းစာအုပ်ထုတ်ဝေရေး၊ ဈေးရောင်းပွဲတော်ကျင်းပရေး၊ ကင်းထောက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ရေးများ ဆွေးနွေးခဲ့ကြသည်။ညှိနှိုင်းဆွေးနွေးပွဲသို့ ယခင်မြန်မာနိုင်ငံ ကင်းထောက်မင်းကြီး ဦးဘဌေး (ကော်မရှင်ဥက္ကဋ္ဌဟောင်း)၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံ အမျိုးသား အမျိုးသမီး ကင်းထောက်ကြီးများ၊ ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးဗဟိုလုပ် ငန်းကော်မတီ၊လုပ်ငန်းဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။ **ကိုလတ်(သတင်းစဉ်)**



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်ဦးဆောင်၍ ရဲတပ်ဖွဲ့အင်အား ၁၅၀ ကျော်ခန့်သည် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဂဝံသံပတ်စေတီတော် ပြန်လည်တည်ထားရေးတွင် လုပ်အားဒါနပြုနေစဉ်**
**သန့်စင်(ပဲခူး)**

# ဖိလစ်ပိုင်ရှိ အဘူဆေရက်ဖ် စစ်သွေးကြွအဖွဲ့က နော်ဝေနိုင်ငံသား ဓားစာခံအားလွှတ်ပေး

**မနီလာ စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်ရှိ အစ္စလာမ္မစ် စစ်သွေးကြွအဖွဲ့သည် ၎င်းတို့ ခေါင်းဖြတ်သတ်ခဲ့သည့် ကနေဒါနိုင်ငံသားနှစ်ဦးနှင့်အတူ ဖမ်းဆီးထားခဲ့သော နော်ဝေနိုင်ငံသား ဓားစာခံတစ်ဦးကို လွှတ်ပေးလိုက်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

စနေနေ့က တောင်ပိုင်းစူးလူးပြည်နယ်တွင် အဘူဆေရက်ဖ် ဂျီဟတ်စစ်သွေးကြွအဖွဲ့က ကာ့ဂျ်တန် ဆတ်ကင်စတက်ဒ်အားလွှတ်ပေးခဲ့ကြောင်း သိရသည်။ ငွေကြေးအမြောက်အမြားဖြင့် ရွေးနုတ်ယူခဲ့ရသည်ဟူသော သတင်းအချို့လည်း ထွက်ပေါ်ခဲ့သည်။

ပြီးခဲ့သည့် တစ်နှစ်အကြာကလည်း လူလေးဦးပါဝင်သည့်အဖွဲ့တစ်ဖွဲ့ပင်လယ်အပန်းဖြေစခန်း၌ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည်။ အဘူဆေရက်ဖ်အဖွဲ့သည် လွတ်လပ်သော အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအတွက် တိုက်ခိုက်နေသည့် အကြမ်းဖက် အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။ လူလေးဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ရာတွင် ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးမှာ ဇွန်လ၌ ပြန်လွတ်မြောက်ခဲ့သည်။



အဆိုပါအဖွဲ့သည် ဓားစာခံများကို ငွေကြေးဖြင့် ရွေးနုတ်စေကာအဖွဲ့၏ ငွေကြေးအင်အား တောင့်တင်းစေရေး လုပ်ဆောင်လျက်ရှိသည်။ မစ္စတာဆတ်ကင်စတက်ဒ်သည် ဂျိုလိုကျွန်းပေါ်ရှိ ပါတီကာလ်မြို့၌ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအား အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် မိုရိုအမျိုးသားလွတ်လပ်ရေး သူပုန်တပ်ဖွဲ့ဆီသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေးသည် ဩဂုတ်လက အဆိုပါအဖွဲ့အား ပြန်ပေးငွေအမြောက်အမြား ပေးအပ်ရန် ညွှန်ကြားခဲ့ပြီး ဖြစ်သော်လည်း ဂျီဟတ်စစ်သွေးကြွအဖွဲ့က မစ္စတာ ဆတ်ကင်စတက်ဒ်အား ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ စစ်သွေးကြွများအား အဆက်မပြတ်တိုက်ခိုက်မှုများကြောင့် ဆတ်ကင်စတက်ဒ်အား ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်မှ ပြောခဲ့သည်။ **(ဘီဘီစီ)**

# ဥရောပသမဂ္ဂနှင့်အမေရိကန်ကုန်သွယ်ရေးစာချုပ်ကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြစုဝေးမှုပြုလုပ်




**မြူးနစ် စက်တင်ဘာ ၁၈**

ဥရောပသမဂ္ဂနှင့်အမေရိကန် နှစ်နိုင်ငံကြား အတ္တလန္တိတ်သမုဒ္ဒရာကျော်ဖြတ်သည့် ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုမှုကို ကန့်ကွက်ဆန့်ကျင်သည့်အနေဖြင့် ဂျာမနီတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် ထောင်နှင့်ချီသော လူအုပ်ကြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သမုဒ္ဒရာဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးတွဲဆောင်ရွက်မှုစာချုပ် (TTIP ) သည် ဥရောပရှိ စားသောက်ကုန်များ၏ အရည်အသွေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အဆင့်အတန်းကို နိမ့်ကျစေပြီး ပစ္စည်းဝန်ဆောင်မှုများကို ပြည်ပသို့ ကန်ထရိုက်ဖြင့် အပ်နှံရယူခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုတို့ ဖြစ်လာစေမည်ဟု ဆန္ဒထုတ်ဖော်သူများက ပြောသည်။

စာချုပ်ကို ထောက်ခံသူများကမူ အဆိုပါ ကုန်သွယ်မှုစာချုပ်က အခွန်အခ ပေးဆောင်ရမှုကို လျှော့ကျစေမည်ဖြစ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည်ဟုပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံရှိ ဘာလင်၊ မြူးနစ်၊ ဟမ်းဘာ့ဂ်နှင့် ဖရန့်ဖာတ်အပါအဝင်မြို့ကြီးခုနစ်ခုတို့တွင် များပြားလှစွာသော လူအုပ်ကြီးသည် အလံများနှင့်ကြွေးကြော်ဆောင်ပုဒ်များ ကိုင်ဆောင်ကာ အေးမြသောရာသီဥတုကို အန်တုလျက် ဆန္ဒပြစုဝေးခဲ့ကြသည်။
**(ဘီဘီစီ)**

# စစ်ပြေငြိမ်းရေးစာချုပ်မပျက်ပြယ်ရန် အမေရိကန်၌အပြည့်အဝတာဝန်ရှိကြောင်း ရုရှားအာဏာပိုင်များပြောကြား

**မော်စကို စက်တင်ဘာ ၁၈**

ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီထားခြင်းနှင့်အတူ အဆိုပါသဘောတူညီမှုပျက်ပြယ်သွားလျှင် အမေရိကန်ကတာဝန်ယူရမည်ဟု တိုက်တွန်းထားသော်လည်း သူပုန်အုပ်စုများက ဆီးရီးယား၌ ပိုမိုတိုက်ခိုက်မှုပြုလုပ်လာသည်ဟု ရုရှားတပ်မတော်က ပြောကြားသည်။

ရုရှားစစ်ဘက်ဆိုင်ရာအာဏာပိုင်များက အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် အုပ်စုအပါအဝင်သူပုန်များသည်ပြီးခဲ့သည့် တစ်ရက်အကြာတွင် အရှိန်မြှင့်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောခဲ့သည်။

တိုက်ခိုက်မှုများပြန်လည်မဖြစ်ပွားမီမှာပင် ရုရှားသမ္မတဗလာဒီမာပူတင်သည် သူပုန်များသည် အုပ်စုပြန်ဖွဲ့ရေးအတွက် အပစ်အခတ်ရပ်စဲရေးကို အသုံးချနေခြင်းဖြစ်ကြောင်းစွပ်စွဲခဲ့သည်။ ဆီးရီးယားရှိအခြေအနေများမှာ လွန်စွာဆိုးရွားလျက်ရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း တိုက်ခိုက်မှု ၅၅ ခုရှိခဲ့ကာ ပြည်သူ ၁၂ ဦးသေဆုံးခဲ့ရကြောင်း ရုရှားတပ်မတော်မှဗိုလ်ချုပ် ဗလာဒီမာဆာ့ဗ်ချန်ကိုက ပြောခဲ့သည်။ ဗိုလ်ချုပ်ပိုဇနီခါက ဆီးရီးယားအစိုးရ၏ မဟာမိတ်ဖြစ်သည့်ရုရှားသည် ဆီးရီးယားတပ်ဖွဲ့ဝင်များအား ထိန်းချုပ်နိုင်ရေးကို ကိုယ်စွမ်းရှိသမျှ လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။ စာချုပ်ပါအချက်များအတိုင်းအမေရိကန်အနေဖြင့် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ မပြုလုပ်ပါက အပစ်အခတ်ရပ်စဲရေးပျက်ပြယ်မှုသည် အမေရိကန်၏ခေါင်းပေါ်သို့ ကျရောက်လိမ့်မည်သာဖြစ်ကြောင်း ၎င်းက ပြောသည်။ **(ရိုက်တာ)**

# ကက်ရှ်မီးယားဒေသရှိ အိန္ဒိယစစ်ဌာနချုပ်ကို စစ်သွေးကြွများဝင်ရောက်တိုက်ခိုက် တပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၈**

တနင်္ဂနွေနေ့က ပါကစ္စတန်နယ်စပ်အနီးရှိ အိန္ဒိယတပ်မဟာ၏ အစိတ်အပိုင်းဌာနချုပ်ကို စစ်သွေးကြွများကဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် တပ်သား ၁၇ ဦး ထက်မနည်း သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ၂၀၁၄ ခုနှစ်က မြောက်ပိုင်းကက်ရှ်မီးယားဒေသ၌ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကဲ့သို့ အပြင်းထန်ဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း သတင်းရင်းမြစ်များ ဖော်ပြခဲ့သည်။

ကွန်မန်ဒိုတပ်ဖွဲ့ဝင်များဖြစ်ဟန်ရှိသည့် သေနတ်သမားလေးဦးတို့သည် အသေအကျေတိုက်ခိုက်ရန် ပါကစ္စတန်နယ်စပ်မျဉ်းအနီးရှိ စစ်ဌာနချုပ်ကို ထိုးဖောက်ဝင်ရောက်ခဲ့သည်ဟု ယူဆရကြောင်းအိန္ဒိယတပ်မတော်သတင်းရင်းမြစ်များက ပြောသည်။

တိုက်ပွဲမှာဆက်လက်ဖြစ်ပွားလျက်ရှိရာ တပ်မတော်က အရဏ်ဦးအချိန်ထိ ဒဏ်ရာရရှိခဲ့သည့် တပ်သား ၂၀ ကို ကယ်ဆယ်ရန် ရဟတ်ယာဉ်များ ဖြန့်ကြက်ထားခဲ့ကြောင်းသိရသည်။ သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်းခန့်မှန်းထားသည်။ ဒေသအတွင်းရှိ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များနှင့် အာဏာပိုင်များက အခြေအနေတည်ငြိမ်အောင် ထိန်းချုပ်ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးရာ့ဂျ်နတ်ဆင်းက တွစ်တာ၌ ဖော်ပြခဲ့သည်။
**(ရိုက်တာ)**

# နယူးယောက်၌ပေါက်ကွဲမှုကြောင့် ၂၉ ဦးဒဏ်ရာရရှိ

**နယူးယောက် စက်တင်ဘာ ၁၈**

စနေနေ့ညက ချယ်ဆီရာ အိမ်နီးချင်းဒေသဖြစ်သည့် မန်ဟတ်တန်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာလူ ၂၉ ဦးထက်မနည်းထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုခုဖြင့် ဆက်နွှယ်မှု ရှိမရှိဆိုသည့်အချက်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မြို့တော်ကို အကြီးအကျယ်ခြိမ်းခြောက်လိုသော အထောက်အထားမျိုး မတွေ့ရကြောင်း မြို့တော်ဝန် ဘီလ်ဒီဘာစီယိုက ၎င်းကထပ်မံပြောခဲ့သည်။

နယူးယောက်ရဲဌာနချုပ် အထူးစစ်ဆင်ရေးအဖွဲ့အကြီးအကဲက အဆိုပါနယ်မြေတစ်ခုတည်း၌ ဒုတိယမြောက်ပေါက်ကွဲမှုဖြစ်ပွားရန်ပစ်မှတ်ထားလာနိုင်ဖွယ်ရာရှိကြောင်း တွစ်တာ၌ ဖော်ပြခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ အကျိုးအကြောင်းကို မသိရသေးသော်လည်း စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

(ရိုက်တာ)



**ထိုင်း** နိုင်ငံမှာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ဇန်နဝါရီလကစပြီးရေတွက်ရင် ၂၀၀ ခန့်ရှိတယ်လို့ စက်တင်ဘာ ၁၃ ရက်မှာ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာခဲ့ပါတယ်။ အဲဒီအရေအတွက်ကို ကြည့်ရင် ဒေသအတွင်းမှာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှုပမာဏ မြင့်တယ်လို့လည်းပြောလို့ရပါတယ်။

# ဇီကာဗိုင်းရပ်စ်ကြောင့် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းထိခိုက်မည်ကိုစိုးရိမ်လျက်ရှိ

**ချြူးစန္ဒီနွေး • • • • • • •**



ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဟာ အစောပိုင်းကာလတွေတုန်းက ဇီကာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး တိတိကျကျ ကြေညာတာမျိုး မလုပ်ခဲ့ပါဘူး။ အခုလိုကြေညာလိုက်တာဟာ ယခုနှစ်အတွင်းမှာ ပထမဦးဆုံးကြေညာလိုက်တာပါပဲ။ ဇီကာဗိုင်းရပ်စ်ကြောင့် မွေးဖွားလာတဲ့ ကလေးမှာ ချို့ယွင်းချက်တွေ ရှိလာနိုင်လို့ လူတွေဟာ စိုးရိမ်ထိတ်လန့်နေကြပါတယ်။ ထိုင်းနိုင်ငံရဲ့ကျန်းမာ ရေးအာဏာပိုင်အဖွဲ့အစည်းကတော့ ဇီကာဗိုင်းရပ်စ်ကြောင့် ထိုင်းနိုင်ငံရဲ့ခရီးသွားလုပ်ငန်းကို ထိခိုက်လာမှာ စိုးထိတ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ အောင်မြင်နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ခြင်မှတစ်ဆင့်ကူးစက်တဲ့ ဇီကာဗိုင်းရပ်စ်ကို ကူးစက်ခံရမှာကြောက်တာကြောင့် ထိုင်းနိုင်ငံအတွင်းကို ကမ္ဘာလှည့်ခရီးသွားတွေ မလာတော့မှာ စိတ်ပူကြတယ်။ ဇီကာဗိုင်းရပ်စ်ရဲ့ အကျိုးသက်ရောက်မှုကြောင့် အောင်မြင်နေတဲ့ ခရီးသွားလုပ်ငန်းကို ရိုက်ခတ်လာမှာ ပူပန်ကြတယ်။ ဒါကြောင့် အစောပိုင်းကာလတွေတုန်းက ဇီကာနဲ့ပတ်သက်ပြီး အတိအကျသတင်းထုတ်ပြန်တာမျိုးတွေမလုပ်ခဲ့တာဘဲဖြစ်တယ်။ ဒါပေမယ့် ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာကတော့ ထိုင်းနိုင်ငံအတွင်းမှာ ဇီကာဗိုင်းရပ်စ်ပြန့်ပွားနေပြီး ဇီကာကြောင့် ဦးခေါင်းသေးပြီး ဦးနှောက်ဖွံ့ဖြိုးမှုချို့ယွင်းတဲ့ ကလေးငယ်တွေ မွေးဖွားလာနိုင်တယ်လို့ သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခုဆိုရင် ဇီကာဗိုင်းရပ်စ်ကိုနှိမ်နင်းဖို့ ခြင်ပေါက်ပွားကူးစက်တဲ့နေရာတွေမှာ ဆေးဖျန်း၊ ဆေးမှုတ်တာတွေ လုပ်ဆောင်လျက်ရှိပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကပ်ရောဂါဗေဒပညာရှင် Anuttarasakdi Patchatatat က ပြောပါတယ်။ “ဇန်နဝါရီလကစပြီး လူပေါင်း ၂၀၀ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရပါတယ်။ လွန်ခဲ့တဲ့သီတင်းသုံးပတ်ကစပြီး တစ်ပတ်မှာလူ ၂၀ ကူးစက်ခံနေရပါတယ်” လို့ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ ဒီလိုမျိုးအတိအကျ ထုတ်ဖော်ပြောဆို လာတာဟာဆိုရင် ကျန်းမာရေးပညာရှင်တွေရဲ့တောင်းဆိုချက်တွေကြောင့်လည်း ပါပါတယ်။

ကျွန်းနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံမှာတော့ ဩဂုတ် ၂၇ ရက်မှာ ဇီကာကူးစက်ခံရသူ အရေအတွက်ကို ပထမဦးဆုံးအကြိမ် ကြေညာခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကူးစက်ခံရသူအရေအတွက်ဟာ ၃၀၀ အထိတဖြည်းဖြည်းမြင့်တက်လာခဲ့ပါတယ်။ စင်ကာပူနိုင်ငံကဲ့သို့ပဲ မလေးရှားနဲ့ ဖိလစ်ပိုင်တို့ဟာလည်း ဇီကာကူးစက်ခံရမှု အရေအတွက်ကို အသီးသီးထုတ်ပြန်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံဟာ ဩဂုတ်လအတွင်း ဇီကာစတင် ကူးစက်ခံရပြီဆိုကတည်းက ကာကွယ်ရေးလှုပ်ရှားမှုတွေကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာ လွန်ခဲ့တဲ့သီတင်းပတ်အတွင်းက ဇီကာကူးစက်ခံရတဲ့လူ ၂၂ ယောက်ကတော့ ဗန်ကောက်မြို့ရဲ့စီးပွားရေးအချက်အချာနေရာဖြစ်တဲ့ ဆက်သွန်မှာ ကူးစက်ခံရတာပဲဖြစ်ပါတယ်။ အဲဒီအထဲမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကတော့ ထိုင်းပြည်သူတွေကို ဇီကာနဲ့ပတ်သက်ပြီး အလွန်ကြောက်လန့်ခြင်းမရှိဖို့၊ ထိတွေ့ရုံမျှဖြင့် မကူးစက်နိုင်ပေမယ့် လိင်ဆက်ဆံမှုမှတစ်ဆင့်တော့ ကူးစက်နိုင်ကြောင်း သတိပေးထားပါတယ်။ အဲဒီအတွက်ကြောင့်လည်း ခရီးသွားလုပ်ငန်းကို အဟန့်အတားတစ်ခုဖြစ်လာမှာမဟုတ်ဘူးလို့လည်း ကပ်ရောဂါဗေဒပညာရှင်က ပြောပါတယ်။



“ဇီကာနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကတော့ ထိလွယ်ရှလွယ်ပါပဲ။ တကယ်လို့ ဇီကာဖြစ်ပွားနေတဲ့ ပြည်နယ်ဟာ ခရီးသွားတွေ အများဆုံးလာရောက်လည်ပတ်တဲ့ ပြည်နယ်ဖြစ်နေရင် ခရီးသွားလုပ်ငန်းကို သက်ရောက်မှုတွေရှိလာနိုင်တယ်”လို့လည်း သူကဆက်ပြောပါတယ်။ ဒါကြောင့်မို့အလွန်အမင်း သတိပေးမှုတွေ ထုတ်ပြန်တာမျိုး မလုပ်ချင်တာပါလို့ သူကဆက်ပြောပါတယ်။“ထိုင်းနိုင်ငံရဲ့ ကျန်းမာရေးအာဏာပိုင်တွေက ဇီကာကို တုပ်ကွေးရောဂါလောက်ပင် အလေးပေးလုပ်ဆောင်မှုမျိုးမရှိပါဘူး။ “တုပ်ကွေးကတော့ တစ်နိုင်ငံလုံးအနှံ့ဖြစ်ပွားနေတာပါလို့” မဟီဒေါတက္ကသိုလ်မှ တွဲဖက်ပါမောက္ခတစ်ဦးက ပြောပါတယ်။ တုပ်ကွေးရောဂါဟာ ပိုပြီးတော့ ပြင်းထန်ပါတယ်။ အသက်တောင်သေနိုင်တယ်။ ဒါကြောင့် ဇီကာထက်တုပ်ကွေးကို ပိုပြီးအလေးထား ဆောင်ရွက်တာပါလို့ သူကဆက်ပြောပါတယ်။ ဇီကာရဲ့ရောဂါလက္ခဏာတွေရှာဖို့က ပိုပြီးတော့ ကုန်ကျစရိတ်များပါတယ်။ ဇီကာကို အချိန်ရှစ်နာရီကြာ စမ်းသပ်ရပါတယ်။ တုပ်ကွေးကတော့ ၁၅ မိနစ်နဲ့တင် စစ်ဆေးလို့ရပါတယ်လို့လည်း သူကဆက်ပြောပါတယ်။ ယခုနှစ်ဩဂုတ် ၁၉ ရက်အထိ တုပ်ကွေးဖြစ်ပွားသူ ၃၁၀၀၀ ကျော် ရှိပါတယ်။ အဲဒီထဲက ၂၅ ဦးကတော့ အသက်ဆုံးရှုံးနိုင်တဲ့အထိ ပြင်းထန်ခဲ့ပါတယ်လို့ အပြည်ပြည်ဆိုင်ရာ ရောဂါကူးစက်မှုကာကွယ်ရေးအဖွဲ့အစည်းက ပြောပါတယ်။

အရှေ့တောင်အာရှနိုင်ငံအချို့ဟာ ဇီကာကူးစက်ခံရမှုနဲ့ ပတ်သက်ပြီး ဖော်ပြတဲ့ အရေအတွက်ဟာ တဖြည်းဖြည်းမြင့်တက်လာပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံကတော့ အရေအတွက်အများဆုံးထဲကတစ်ခုလို့ ပြောလို့ရပါတယ်။ ဇီကာကူးစက်ခံထားရတဲ့ ကိုယ်ဝန်ဆောင်ပေါင်း ၃၀ ခန့်ကို စောင့်ကြည့်မှုတွေ လုပ်နေရပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ စင်ကာပူနိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးကလည်း နိုင်ငံအတွင်း ဇီကာဗိုင်းရပ်စ် ပြန့်ပွားမှုကို ဖြေရှင်းနိုင်ရေးအတွက် ပြင်ဆင်မှုတွေ၊ တုံ့ပြန်ဖြေရှင်းမှုတွေနဲ့ ရေရှည်စီမံမှုတွေကို စက်တင်ဘာ ၁၃ ရက်က အလေးပေးဖော်ပြသွားခဲ့ပါတယ်။ ဇန်နဝါရီလက စတင်ပြီးတော့ တစ်လမှာလူ ၅၀၀ နှုန်းစမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဖေဖော်ဝါရီလနဲ့ ဩဂုတ်လအတွင်းမှာ ၄၀၀၀ နီးပါးစစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ ယခုလက်ရှိမှာတော့ စင်ကာပူနိုင်ငံမှာ ဇီကာကူးစက်ခံရသူ ကိုယ်ဝန်ဆောင်အမျိုးသမီး ရှစ်ဦး အပါအဝင် ၃၃၃ ဦး ရှိပြီလို့ အတည်ပြုထားပါတယ်။ ဇီကာဗိုင်းရပ်စ်ဟာလက်တင်အမေရိကနဲ့ ကာရေဗီယန်တို့မှာ ကူးစက်ပြန့်ပွားခဲ့ပြီး အာရှတိုက်မှာလည်း ဖြစ်ပွားခဲ့ပါတယ်။ မိုးများတဲ့ အပူပိုင်းဒေသတွေမှာ ခြင်ပေါက်ပွားမှုနှုန်းမြင့်ပြီး ဇီကာဗိုင်းရပ်စ်ပြန့်ပွားဖို့ ပိုပြီးလွယ်ကူပါတယ်။ ထိုင်းနိုင်ငံဟာ ၂၀၁၅ ခုနှစ်အတွင်းမှာပဲ ကမ္ဘာ့လှည့်ခရီးသွားသန်း ၃၀ နီးပါး လာရောက်လည်ပတ်တဲ့ နိုင်ငံဖြစ်ပြီး ခရီးသွားအများစု စိတ်ဝင်စားတဲ့ နိုင်ငံတွေထဲကလည်း တစ်ခုပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ခရီးသွားလုပ်ငန်းကို ထိခိုက်လာမှာ စိုးရိမ်ကြတာပဲဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီးမှာ ဒေသတွင်းညွှန်ကြားရေးမှူးအဖြစ်ဆောင်ရွက်ခဲ့တဲ့ ဆမ်လီပလိုင်ဘန်ကတော့ ထိုင်းနိုင်ငံဟာဇီကာနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေ ထုတ်ပြန်တဲ့အခါ ဒီထက်ပိုပြီးပွင့်လင်းမြင်သာမှု ရှိသင့်တယ်။ စင်ကာပူနိုင်ငံကို နမူနာယူသင့်တယ်လို့ သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

**ကိုးကား-ရိုက်တာ၊ (၁၃-၉-၂၀၁၆)**

**ဇီကာနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကတော့ ထိလွယ်ရှလွယ်ပါပဲ။ တကယ်လို့ ဇီကာဖြစ်ပွားနေတဲ့ပြည်နယ်ဟာ ခရီးသွားတွေ အများဆုံးလာရောက်လည်ပတ်တဲ့ ပြည်နယ်ဖြစ်နေရင် ခရီးသွားလုပ်ငန်းကို သက်ရောက်မှုတွေရှိလာနိုင် . . .**

# ရီယိုမသန်စွမ်းအားကစားပြိုင်ပွဲယှဉ်ပြိုင်စဉ် အီရန်စက်ဘီးသမားသေဆုံး




**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁၈**

ရီယိုမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူအီရန်စက်ဘီးသမားတစ်ဦးသည် C4-5 လမ်းကြောင်းပေါ် စီးနင်းယှဉ်ပြိုင်နေစဉ် မတော်တဆဖြစ်ကာ သေဆုံးသွားကြောင်း သိရသည်။

နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲကော်မတီက အီရန်ကစားသမားဘာဟမ်ဂိုဘာနီဇက် (၄၈ နှစ်)သည် ၎င်းစီးနင်းခဲ့သည့် တောင်ဆင်းတောင်တက်သဖွယ်ပြေးလမ်းပေါ်တွင် မတော်တဆဖြစ်ပြီး နှလုံးရပ်သွားခဲ့သည်ဟု ပြောကြားခဲ့သည်။

အရေးပေါ်လူနာတင်ကားရောက်ရှိလာကာ ဘာရာရှိ Unimed Rio အနီးဆုံးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဂိုဘာနီဇက်သည် ၂၀၁၂ ခုနှစ်က လန်ဒန်၌ကျင်းပသည့် မသန်စွမ်းအားကစားပြိုင်ပွဲ၌လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မတော်တဆဖြစ်ပွားခဲ့သည့်အကြောင်းကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း ကြေညာခဲ့သည်။ တနင်္ဂနွေနေ့က ပြုလုပ်သည့် အခမ်းအနားပိတ်ပွဲတွင် အီရန်အလံကို နှိမ့်ချခဲ့ပြီး ငြိမ်သက်တိတ်ဆိတ်စွာ ဝမ်းနည်းခြင်းဖော်ပြခဲ့ကြကြောင်း သိရသည်။ ဂိုဘာနီဇက်သည် စက်ဘီးစီးသက်တမ်း ၁၂ နှစ်ရှိပြီး အိမ်ထောင်ရှိသူဖြစ်ကာ သားတစ်ယောက်ရှိကြောင်း သိရသည်။

**(ဘီဘီစီ)**

# ကျေးရွာများမှ အုပ်စုလိုက်ဖျားနာသူများအား ဆေးကုသမှုများဆောင်ရွက်ပေး

**ထန်တလန် စက်တင်ဘာ ၁၈**
ချင်းပြည်နယ် ထန်တလန်မြို့နယ် ဗန်ဘိုင်းကျေးရွာနှင့် သီကီရ်ကျေးရွာများတွင် ကျောင်းသားလူငယ်များ ဖျားနာကြပြီး ကျောင်းမတက်နိုင်သူ များပြားနေကြောင်း သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်အရ ထန်တလန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒွေ့လှေ့ဇိန်းတို့ဦးဆောင်၍ စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်က ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖျားနာသူအများစုမှာ သာမန်ဖျားနာခြင်းသာဖြစ်ပြီး စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် ဗန်ဘိုင်းကျေးရွာသို့လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် သီကီရ်ကျေးရွာသို့လည်းကောင်း သွားရောက်၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ထူးခြားသည့် စိုးရိမ်စရာရောဂါမျိုးမဟုတ်ဘဲ သာမန်အအေးမိ၊ နှာစေး၊ ချောင်းဆိုးပြီး ဖျားနာနေခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။



မြို့နယ် ဆေးကုသရေးအဖွဲ့သည် ကျေးရွာများသို့ရောက်ရောက်ချင်း သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကျန်းမာရေးစစ်ဆေးမှုနှင့် ကုသမှုများဆောင်ရွက်ပေးခဲ့ရာ ဗန်ဘိုင်းကျေးရွာတွင် လာရောက်ပြသသူ ၁၆၈ ဦးရှိသည့်အနက် ၁၀၇ ဦးမှာ သာမန်အအေးမိ နှာစေးချောင်းဆိုးရောဂါဖြစ်ပြီး ကျန် ၆၁ ဦးမှာလည်း သာမန်အခြားရောဂါများဖြစ်ကြောင်း၊ ထို့အတူ သီကီရ်ကျေးရွာတွင် လာရောက်ပြသသူ ၁၀၅ ဦးရှိသည့်အနက် အများစုမှာ သာမန်နှာစေးချောင်းဆိုးခြင်းသာဖြစ်ပြီး အဆုတ်ရောင်ရောဂါ ခြောက်ဦး၊ အဖျားရှိသူ ၂၄ ဦး၊ ဝမ်းပျက်ဝမ်းလျှောရောဂါရှိသူ လေးဦးနှင့် သာမန် အခြားရောဂါ ၁၆ ဦးတို့ဖြစ်ကြောင်း၊ ထန်တလန်မြို့သို့ ပို့ဆောင်ကုသရန်လိုအပ်သည့် စိုးရိမ်စရာလူနာများမရှိကြောင်း သိရှိရသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရေးအဖွဲ့တွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အခြားကျန်းမာရေးဝန်ထမ်းများနှင့် မြို့မရဲစခန်းမှ စခန်းမှူးတို့ကလည်း လိုက်ပါသွား၍ လိုအပ်သည်များ ကူညီပံ့ပိုးကြပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးပြီးနောက် စက်တင်ဘာ ၁၇ ရက်တွင် ထန်တလန်မြို့သို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရမည်းသင်းမြို့၌ စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဖွင့်

**ရမည်းသင်း စက်တင်ဘာ ၁၈**
ရမည်းသင်းမြို့၌ ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များ ရေရှည်အောင်မြင်နိုင်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာရန်ရည်ရွယ်၍ စွန့်ဦးတီထွင် စီးပွားရေးသင်တန်းကို ဂျာမဏီနိုင်ငံ GIZ အဖွဲ့နှင့် ILO အသိအမှတ်ပြု သင်တန်းကျောင်း တစ်ခုဖြစ်သော စိန်လသာစီးပွားရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ မန်နေဂျာများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၂ ဦး တက်ရောက်ပြီး သင်တန်းတွင် နိုင်ငံပေါင်း ၁၀၀ ၌ ထင်ပေါ်ကျော်ကြားသည့်သင်ရိုးဖြစ်သော SYIB နှင့် CEFE method များကို သင်ကြားခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားသည့်တိုင် သင်ရိုးအတိုင်းလုပ်ဆောင်ရာတွင် အဆင်ပြေမှုရှိ/မရှိ စသည်တို့ကို ပေါင်းစပ်ကူညီသွားမည့် သင်တန်းဖြစ်ကာ သင်တန်းတွင် ILO မှ လိုင်စင်ရနည်းပြ ဦးဇော်မင်းစိုးက သင်ကြားပို့ချကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွေ့အကြုံဗဟုသုတ မျှဝေဟောပြော

**မကွေး စက်တင်ဘာ ၁၈**
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အတွေ့အကြုံ ဗဟုသုတ မျှဝေဟောပြောပွဲကို ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း (ECCDI) ၏ စီစဉ်မှုဖြင့် မကွေးမြို့နန်းထိုက်သူဟိုတယ်၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ရာသီဥတုပြောင်းလဲခြင်းမှာ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်အဖြစ် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုဆိုးရွားသည့်ဒဏ်ကို တွေ့ကြုံခံစားနေရသည့်နိုင်ငံများအနက် အပါအဝင်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသော ဆိုးကျိုးများကို ကြုံတွေ့နေရကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံအတွက် စီးပွားရေးနှောင့်နှေးမှုများနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနှင့် ရင်ဆိုင်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးသန်းထွန်းက ရာသီဥတုပြောင်းလဲမှုကို ဆိုးဆိုးရွားရွားခံရမည့် ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံက ဒုတိယအဆင့်တွင်ရှိနေပြီး ရာသီဥတုပြောင်းလဲမှု ဆိုးဆိုးရွားရွားခံရမည့် မြို့ကြီး ၅၀ စာရင်းတွင် ရန်ကုန်မြို့မှာ စတုတ္ထအဆင့်တွင်ရှိနေကြောင်း ဟောပြောကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု၊ ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ၊ ရောဝတီမြစ်ကြောင်း ကျန်းမာရေးနှင့် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုများစသည့် ခေါင်းစဉ်သုံးခုဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲ စီစဉ်ကျင်းပသော ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း(ECCDI)သည် အကျိုးအမြတ်မယူ နိုင်ငံရေးကင်းရှင်းသော အသင်းဝင် အခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သစ်တောကဏ္ဍ၊ ဂေဟစနစ်စီမံခန့်ခွဲမှု စသည့်နယ်ပယ်များမှ အတွေ့အကြုံရင့် အငြိမ်းစားသစ်တောအရာရှိများဦးစီး၍ ထူထောင်ထားခြင်းဖြစ်ကာ အသင်းဝင်အင်အား ၂၇၉ ဦးရှိကြောင်း၊ အသင်း စတင်တည်ထောင်ချိန်မှ ယနေ့အထိ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲ စီမံကိန်း ၃၆ ခုရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ယာဉ်စည်းကမ်း စစ်ဆေးပညာပေးမှုများ ဆောင်ရွက်

**မိုင်းခတ် စက်တင်ဘာ ၁၈**
ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့မှ လူစည်ကားရာနေရာများဖြစ်သော မြို့မဈေးနှင့် မြို့လယ်ပန်းခြံအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း စစ်ဆေးမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မင်းဟန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လေးတို့ ဦးဆောင်သော အဖွဲ့က ဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းသူများအား လိုက်နာရမည့်အချက်များနှင့် မော်တော်ယာဉ်ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ဒေသခံပြည်သူများ၊ ယာဉ်မောင်းသူများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


**အမည်မှန်**
ဦးသန်းဦး၏ သား အထက(၃) ကြည့်မြင်တိုင်၊ ပဥ္စမတန်း(က)မှ မောင်အောင်ခန့်မော်၏ အမည်မှန်မှာ မောင်လင်းထက်ဦး ဖြစ်ပါကြောင်း။ **မောင်လင်းထက်ဦး**

**မွေးသက္ကရာဇ်အမှန်**
ဦးကျော်တင်၏ သား ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ထန်းပင်စု ၅လမ်း၊ အမှတ် ၆နေ မောင်အောင်ကိုလတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၁၉၈၇ ဖြစ်ပါကြောင်း။




**ဖခင်အမည်မှန်**
အထက(၆) အလုံမှ မောင်အောင်မျိုးထွန်းနှင့် မအိဖြူဖြူထွန်း အဋ္ဌမတန်း(C)၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြည် ၈/မမန(နိုင်)၁၆၆၆၈၇ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြင်းခြံမြို့၊ အလက-၂(ခွဲ) အဋ္ဌမတန်းမှ ကျောင်းဝင်အမှတ်-၀၁၁၃ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးကောင်းညွန့် ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ စံပြချောင်းကောက်ကျေးရွာနေ မယွန်းမြတ်နိုး၏ ဖခင် ဦးဝင်းကြိုင်နှင့် ဦးဘိုဝင်း ၈/ဆပဝ(နိုင်)၀၁၄၉၀၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အမည်မှန်**
မြင်းခြံမြို့နယ်၊ သဲဖြူဝကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာမှ ဦးရာမြင့်၏သမီး အမည်မှန်မှာ မယဉ်မွန်ထွေး ၉/မခန(နိုင်)၂၈၃၀၂၀ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ တင်းထက် အထက တက္ကသိုလ်ဝင်တန်း(E)မှ မလှမွန်၏ ဖခင်အမည်မှန်မှာ ခွန်မောင်လန်း ၁၃/ပလန(နိုင်)၀၉၆၆၇၇ ဖြစ်ပါကြောင်း။ **ခွန်မောင်လန်း**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ တင်းထက် အထက တက္ကသိုလ်ဝင်တန်း(E)မှ နန်းခိုင်ခင်ဦး၏ ဖခင်အမည်မှန်မှာ မောင်အောင်သိန်းဝင်း ၁၃/ပလန(နိုင်)၀၅၈၆၁၆ ဖြစ်ပါကြောင်း။ **မောင်အောင်သိန်းဝင်း**




**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ တင်းထက် အထက တက္ကသိုလ်ဝင်တန်း(C)မှ မနန်းဝင်းချို၏ ဖခင်အမည်မှန်မှာ ခွန်သိန်း ၁၃/ပလန(နိုင်)၀၄၉၉၈၄ ဖြစ်ပါကြောင်း။ **ခွန်သိန်း**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မယမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင် ၁၃/ပလန(နိုင်)၀၅၆၆၁၁ ဖြစ်ပါကြောင်း။ **ဦးတင်လှိုင်**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အထက(အထောင်)၊ တက္ကသိုလ်ဝင်တန်း(ခ)မှမခိုင်သဇင်မြင့် ၁၄/ကပန(နိုင်) ၂၂၇၃၉၀ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၃/ကခန(နိုင်)၀၇၆၆၈၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက်ကော်၊ တက္ကသိုလ်ဝင်တန်း(A)မှ မကေသီခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေမင်း ၁၀/သထန(နိုင်)၀၂၃၉၈၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
အထက(၁)မုဒုံ၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်မင်းအောင်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးဉာဏ် ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
အထက(၂)ညောင်ရွှေ တက္ကသိုလ်ဝင်တန်း(ဃ)မှ မဖြူဖွေးအား ယနေ့မှစ၍ မဖြူထွေးဟု ပြောင်းလဲခေါ်ပါရန်။ **မဖြူထွေး**

**ဖခင်အမည်မှန်**
အထက(၂)ညောင်ရွှေ တက္ကသိုလ်ဝင်တန်း(ဃ)မှ မဖြူထွေး၏ဖခင်အမည်မှန်မှာဦးတင်မောင် ၁၃/ညရန(နိုင်)၀၀၈၁၇၂ ဖြစ်ပါကြောင်း။ **ဦးတင်မောင်**

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက်ကော်၊ အဋ္ဌမတန်း (C) မှ မစုစုဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၁၀/သထန(နိုင်)၁၈၄၃၉၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက်ကော်၊ တက္ကသိုလ်ဝင်တန်း(B)မှ မပန်းရနံ့ခင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၁၀/ဘအန(နိုင်)၁၂၆၀၇၉ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဝင်းလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးညို ဖြစ်ပါကြောင်း။
**ဦးညို ၁၀/မဒန(နိုင်)၀၇၉၇၅၅**

# မောင်တောမြို့၌ ကျပ်သိန်းပေါင်း ၁၃၆၅၀ ရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စစ်တွေ စက်တင်ဘာ ၁၈

**မောင်တောမြို့နယ် သုံးမိုင်ကျေးရွာရှိ ကျောက်ခွဲစက်ဝင်းအတွင်း သဲများတင်ဆောင်လာသည့် ကားပေါ်မှ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး ကြီးကြပ်မှုဖြင့် မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်မြဝင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် သုံးမိုင်ကျေးရွာ အနီး မောင်တော-ဘူးသီးတောင်ကားလမ်းဘေးရှိ ညီချစ် ပိုင်ဆိုင်သည့် အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေးလုပ်ငန်း ကျောက်ခွဲစက်အတွင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ SKAT အမျိုးအစား ယာဉ်အမှတ် TNI 4K /---- ပေါ်တွင် တင်ထားသောသဲများကို သွန်မှောက်စစ်ဆေးရာ သဲများအတွင်းမှ အဝါရောင် ပီနံအိတ် သုံးအိတ်အား တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ အထုပ်တစ်ထုပ်လျှင် အပြာရောင်ကပ်ခွာအိတ်ဖြင့် ထုပ်ပိုးထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀၀၊ ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၃၆၅၀ ရှိ ဆေးပြားများ တွေ့ရှိသိမ်းဆည်းရမိသဖြင့် ယာဉ်မောင်း မိုးဇော်ဦး(၂၈နှစ်)နှင့် ကျောက်ခွဲစက်လုပ်ငန်းစာရေး ရှောင်ရှုဇ္ဇဟာရ်(၃၂နှစ်) တို့အား **(ဓါတ်ပုံ)** ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင် နေသော ပိုင်ရှင်ဖြစ်သူ ဦးညီချစ်အား ဖမ်းဆီးရမိရေး သက်ဆိုင်ရာက ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြတ်ဇေ**

# ရဲတပ်ဖွဲ့ လှည့်ကင်းဆောင်ရွက်စဉ် ကြေးဘုရားဆင်းတုတော် ခိုးယူလာသူအား ဖမ်းဆီးရမိ

မိုးကုတ် စက်တင်ဘာ ၁၈

**မိုးကုတ်မြို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ရဲစခန်းမှူးများ ကြီးကြပ်ကာ ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရဲတပ်ဖွဲ့စုတစ်ခုမှ လှည့်ကင်းဆောင်ရွက်စဉ် ကြေးဘုရားဆင်းတုတော် ခိုးယူလာသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ရဲအုပ်ဆန်းလွင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲခန့်က လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ပိတ်ဆွယ်ရပ် တောင်နီကွေ့ရဲကင်းရှေ့တွင် ပီနံအိတ်အထုပ်တစ်ထုပ် ထမ်းလာသူတစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ ၎င်းမှာ အောက်လယ်ဦး ရပ်နေ မောင်စိန်ဝင်းဖြစ်ကြောင်းနှင့် အထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ ဉာဏ်တော်အမြင့် တစ်ပေ ခြောက်လက်မ ကြေးဆင်းတု ဘုရားတစ်ဆူအား တွေ့ရှိပြီး ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြသ ပြောဆိုနိုင်ခြင်းမရှိသဖြင့် မြို့မ ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူလာကြောင်း



စစ်ဆေး ပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ ဘုရားဆင်းတုခိုးယူလာသူ စိန်ဝင်းအား မိုးကုတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

# တောင်တွင်းကြီးမြို့နယ်၌ ပုပ်ပွအမျိုးသမီးအလောင်းတွေ့ရှိ

**တောင်တွင်းကြီး စက်တင်ဘာ ၁၈**

တောင်တွင်းကြီးမြို့နယ် အောင်ခိုင်ကျေးရွာအနီး ရန်ပယ်ချောင်းနံဘေး၌ စက်တင်ဘာ ၁၆ ရက် ညပိုင်းက ပုပ်ပွအမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း ကုက္ကိုကုန်းနယ်မြေရဲစခန်းမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် အောင်ခိုင်ကျေးရွာ၏အနောက်ဘက်ရှိ ရန်ပယ်ချောင်းနံဘေး သဲခုံပေါ်တွင် စက်တင်ဘာ ၁၆ ရက် ည ၈ နာရီက အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ကုက္ကိုကုန်းနယ်မြေရဲစခန်းမှ ရဲအုပ်အောင်မောင်းနှင့် အဖွဲ့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မဝါဝါခိုင်(၄၅နှစ်) ကုက္ကိုကုန်းကျေးရွာ တောင်တွင်းကြီးမြို့နယ်နေသူဖြစ်ပြီး ပုပ်ပွလျက် ပြင်ပဒဏ်ရာမရှိ ရေနစ်သေဆုံးနေသည်ကိုတွေ့ရှိခဲ့သဖြင့် စုံစမ်းစစ်ဆေးခဲ့ရာ မဝါဝါခိုင်မှာ စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲက အောင်ခိုင်ကျေးရွာ အနောက်ဘက်ရှိ ရန်ပယ်ချောင်းအား ဖြတ်ကူးစဉ် ရေစီးနှင့်မျောပါပြီး ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကုက္ကိုကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# လားရှိုးမြို့၌ ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

**လားရှိုး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၈)၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီ ၅ မိနစ် ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ဖြစ်စဉ်မှာ လားရှိုးမြို့ အမှတ်(၃) ရပ်ကွက် နယ်မြေ(၈) ကြာနီလမ်းနေ ဦးကီရန်ကူးမားရ် (၆၁နှစ်) မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၀၈၅၀၇၇ ၏ နေအိမ်၌ ဘုရားစင်မီးပူဇော်ရာမှ စတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာတွင် ကနဦး မီးသတ်ဆေးဘူး သုံးဘူးဖြင့် ငြိမ်းသတ်ခဲ့သော်လည်း သွပ်မိုး ထရံကာ ကွန်ကရစ်ခင်း ပေ(၆၀×၃၀) ရှိ နေအိမ်မှာ အခန်းတံခါး၊ ထပ်ခိုး၊ ခုတင်၊ မွေ့ရာနှင့် မျက်နှာကြက်များ မီးလောင်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ လားရှိုးမှ သန္ဓေ မီးသတ်ယာဉ် လေးစီး၊ အရန်မီးငြိမ်းသတ်ယာဉ် ငါးစီး၊ သန္ဓေမီးသတ် ၃၅ ဦး၊ အရန်မီးသတ် ၄၅ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ ထို့ကြောင့် နေအိမ်ပိုင်ရှင် ဦးကီရန်ကူးမားရ်အား အရေးယူထားရှိကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



# ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် သုံးစွဲသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ကော့သောင်း စက်တင်ဘာ ၁၈**

ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ကမ်းနီး ငါးအဝယ်ဒိုင်အနီး သားကြီး(ခ) မျိုးမင်းလှိုင်နှင့် မျိုးကိုကိုတို့ နေထိုင်ရာ နေအိမ်ခန်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ စက်တင်ဘာ ၁၇ ရက် ညပိုင်းက ရဲအုပ်အောင်ဇော်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့ ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ နေအိမ်ရှေ့တွင် ထိုင်နေသူ နေလင်းဆိုသူက အထုပ်တစ်ထုပ်ကို လွှင့်ပစ်လိုက်သဖြင့် အဆိုပါအထုပ်အား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြား တွေ့ရှိရ၍ နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်နောက်ခန်းတွင် မူးယစ်ဆေးဝါးသုံးစွဲရန် အသင့်ပြုလုပ်ထားကာ ဝိုင်းဖွဲ့ထိုင်လျက် အနေအထားဖြင့် မျိုးမင်းလှိုင်(ခ) သားကြီး၊ မျိုးကိုကိုနှင့် ထွန်းကောင်းစံ(ခ) အံချွန်တို့အား တွေ့ရှိရပြီး နေအိမ်ခန်းအတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၅၄ ပြား၊ ဆေးရှူကိရိယာနှစ်ခု၊ အပ်တပ်ဆင်ထားသည့် ဂက်စ်မီးခြစ်နှစ်လုံး၊ ရိုးရိုး ဂက်စ်မီးခြစ် သုံးလုံးအပါအဝင် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မျိုးမင်းလှိုင်၊ မျိုးကိုကို၊ ထွန်းကောင်းစံနှင့် နေလင်းတို့အား မူးယစ်ဆေးဝါးဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၅၊ ၁၈၊ ၁၄၊ ၁၀၊ ၅) စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

### ဖခင်အမည်မှန်
ကသာမြို့၊ အထက(၃)၊ န၀မတန်း(A)မှ မောင်ဇော်ဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအားယုံ(ခ) ဦးအန်းကြည်(ခ) ဦးအန်းယုံ ၅/ကသန(ဧည့်)၀၀၀၀၄၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မြင့်နိုင်ဦး၏ ဖခင် အမည်မှန်မှာ ဦးသောင်းထီ ၅/တဆန(နိုင်) ၀၀၁၁၇၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ရှိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွေး ၅/ကလတ(နိုင်) ၀၇၀၃၀၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
လားရှိုးမြို့၊ ဦးဌေးသိန်း (UHT)ကပက တက္ကသိုလ်ဝင်တန်းမှ စိုင်းအိုက်သန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်အုန်းဖြစ်သည်။

### ဖခင်အမည်မှန်
လှိုင်သာယာမြို့နယ်၊ အထက (၈)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇေယျာအောင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ၁၂/ဒဂဆ(နိုင်) ၀၀၀၁၉၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက (ကက်သာ) တက္ကသိုလ်ဝင်တန်း(c) မှ မစန်းစန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးထွေးဗိုလ် ဖြစ်ပါကြောင်း။
**ဦးထွေးဗိုလ်**

အခမဲ့ကုပေးမည်
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သစ္စာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

### ဖခင်အမည်မှန်
ကသာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မမွန်မွန်ထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်(ခ)ဦးဝင်းအောင် ၅/ကသန(နိုင်) ၀၁၁၉၁၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မိုးကုတ်မြို့၊ ကျပ်ပြင်အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မသီတာအေးညွန့် (က-၈၉၁၇)၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထွန်း၉/မကန(နိုင်)၀၉၀၇၂၃ဖြစ်ပါကြောင်း။
**ဦးဇင်မင်းထွန်း**

### ဖခင်အမည်မှန်
တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ)တက္ကသိုလ်ဝင်တန်း(B)မှ မဒါဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစိန်မြ ၅/တဆန(နိုင်)၀၁၁၅၈၅ဖြစ်ပါသည်။

### ဖခင်အမည်မှန်
လားရှိုးမြို့၊ ဦးဌေးသိန်း (UHT)ကပက တက္ကသိုလ်ဝင်တန်းမှ မခိုင်ခင်စိုး၏ ဖခင်အမည်မှန်မှာ ဦးထန်ချိန်ဆီးဖြစ်သည်။

### ဖခင်အမည်မှန်
နေပြည်တော် လယ်ဝေးမြို့နယ်၊ အေလာ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သောသောထူး၏ ဖခင်အမည်မှန်မှာ (ဦးစောထူးကေး) အစား (ဦးစောထူးဂေး)ဟု ပြောင်းလဲခေါ်ပါရန်။ **(ဦးစောထူးဂေး)**

### ဖခင်အမည်မှန်
နေပြည်တော်လယ်ဝေးမြို့နယ်၊ အေလာ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B)မှ မထွေးစုလှိုင်၏ ဖခင်အမည်မှန်မှာ (ဦးဘိုတုပ်)အစား (ဦးဖိုးတုပ်)ဟု ပြောင်းလဲခေါ်ပါရန်။
**(ဦးဖိုးတုပ်)**

### ဖခင်အမည်မှန်
အထက(၁) ဟုမ္မလင်း (G-11) (B) မှ ကျောင်းဝင်အမှတ် (၁၀၈၀၉) မဒီစီဖိုင်းသေး၏ ဖခင်အမည်မှန်မှာ ဦးသီယိုင်ပေါ့ ၅/လရန(နိုင်) ၀၀၃၄၆၇ ဖြစ်ပါကြောင်း။
**ဦးသီယိုင်ပေါ့**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မနီနီထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၇/အတန(နိုင်) ၀၉၇၁၆၀ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဝင်း**

### ဖခင်အမည်မှန်
တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(B) မှ မောင်ဇော်ဝင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်း ၅/တဆန(နိုင်)၀၁၂၉၅၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
လားရှိုးမြို့၊ ဦးဌေးသိန်း (UHT) ကပက တက္ကသိုလ်ဝင်တန်းမှ မမိုးမိုးလင်း၊ မမိုးမိုးဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးစိုင်းယီထွမ်း ဖြစ်သည်။

### ဖခင်အမည်မှန်
လားရှိုးမြို့၊ ဦးဌေးသိန်း (UHT)ကပက တက္ကသိုလ်ဝင်တန်းမှ မတင်တင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဖုံချောက်ရှင်း ဖြစ်သည်။

### ဖခင်အမည်မှန်
မိုးကုတ်မြို့၊ အထက ကျပ်ပြင်၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သန့်ဇင်ကို(က-၈၉၆၅)၏ဖခင်ဦးကျော်စိုး၏ အမည်မှန်မှာ ဦးမင်းသက်နိုင် ၉/မကန(နိုင်)၀၀၉၃၁၆ဖြစ်ပါကြောင်း။
**ဦးမင်းသက်နိုင်**

### ဖခင်အမည်မှန်
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၂၀)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဇော်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအေး ၉/မနမ(နိုင်)၀၃၆၈၇၅ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းအေး**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မစန်းသီရိနှင့် ဆဋ္ဌမတန်း(F)မှ မဇင်မာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ၇/အတန(နိုင်)၀၉၂၄၈၉ ဖြစ်ပါကြောင်း။ **ဦးအောင်တင်ဝင်း**

### ဖခင်အမည်မှန်
တန့်ဆည်မြို့နယ်၊ သစ္စေးကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ပိုင်ဖြိုးဦးနှင့် မူလွန်သဲစားမှ မဝင်းသီရိကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၅/တဆန(နိုင်)၀၈၁၅၁၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
လားရှိုးမြို့၊ ဦးဌေးသိန်း (UHT)ကပက တက္ကသိုလ်ဝင်တန်းမှ မခိုင်ခိုင်မော်၏ ဖခင်အမည်မှန်မှာ ဦးဖုန်ဝမ်းချန်း ဖြစ်သည်။

### မိဘအမည်မှန်
တန့်ယန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (B)မှ နန်းမြစိန်၏ မိဘအမည်မှန်မှာ ဦးစိုင်းဆန်စိန်နှင့် ဒေါ်အေးအမ် ဖြစ်ပါသည်။

### အမည်မှန်
ဦးလောပူး၏သား မိုးကုတ်မြို့၊ ကျပ်ပြင်အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်သူ က-၇၆၇၀၏အမည်မှန်မှာ မောင်ရင်ကျုံး ဖြစ်ပါကြောင်း။
**မောင်ရင်ကျုံး**

### အမည်မှန်
ဦးရှီခိုင်၏သား လားရှိုးမြို့၊ ဦးဌေးသိန်း (UHT)ကပက န၀မတန်းမှ မောင်ရန်အင်ရှန်း၏ အမည်မှန်မှာ မောင်ရန်အင်ရှုန်းဖြစ်၍ မွေးသက္ကရာဇ်မှာ ၈-၁၀-၂၀၀၀ ဖြစ်သည်။

### မိခင်အမည်မှန်
တန့်ယန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ညွန့်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခမ်းအောင် ၁၃/တယန(နိုင်)၀၂၂၆၇၉ ဖြစ်ပါသည်။




အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား အသင်းယှဉ်ပြိုင်နေစဉ်

# မြန်မာ ယူ-၁၉ ကမ္ဘောဒီးယားကို ဂိုးပြတ်နိုင်

**ဟနွိုင်း စက်တင်ဘာ ၁၈**

၂၀၁၆ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကိုသုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် ယခုပွဲတွင် နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့် မျှော်လင့်ချက်ရှိနေဆဲဖြစ်ပြီး နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် အမှားနည်းခဲ့သောကြောင့် ပေးဂိုးမရှိဘဲ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် လာအိုအသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ လာအိုနှင့်ပွဲတွင် အမှားများခဲ့သည့် မြန်မာအသင်းသည် ယခုပွဲကို အာရုံစိုက်ကစားခဲ့ပြီး မိနစ် ၂၀ တွင် ဦးဆောင်ဂိုး ရခဲ့သည်။ ရှေ့ကို ကန်တင်သည့် ထောင့်ကန်ဘောကို ကမ္ဘောဒီးယား နောက်ခံလူ ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ဝင်သွားခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၂၉ မိနစ်တွင် ဇွဲသက်ပိုင်က အဝေးမှကန်သွင်းကာ ဒုတိယဂိုးရယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ဂိုးထပ်ရခဲ့ပြီး ကမ္ဘောဒီးယား နောက်ခံလူအမှားမှတစ်ဆင့် အောင်နိုင်ဝင်းက တတိယ ဂိုးသွင်းယူခဲ့သည်။ သုံးဂိုးပြတ်အနိုင်ရရှိပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ကာ ဂိုးရနိုင်သည့်အခွင့် အရေးရခဲ့သော်လည်း ရှေ့ကို အသုံးမချနိုင်ခဲ့သောကြောင့် ဂိုးထပ်မရခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

## မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုအသင်းအား ဂုဏ်ပြု

**မန္တလေး စက်တင်ဘာ ၁၈**

၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲတွင် ရွှေ ငါးဆု၊ ငွေ လေးဆု၊ ကြေး ခြောက်ဆု စုစုပေါင်း ၁၅ ဆုရရှိကာ စုပေါင်းတံခွန်စိုက် ဒိုင်းဆုနှင့် အမျိုးသမီး တံခွန်စိုက်ဒိုင်း၊ အမျိုးသမီး အကောင်းဆုံးအားကစားဆုတို့ဖြင့် အောင်ပွဲရရှိခဲ့သော တိုင်းဒေသကြီး ကရာတေးဒိုအသင်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးမြို့ ၃၅ လမ်းနှင့် ၅၅ လမ်းထောင့်ရှိ The Palace ရွှေဘဲခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် အောင်ပွဲရ ကရာတေးဒိုအသင်းက စုပေါင်းတံခွန်စိုက် ဒိုင်းဆုကြီး၊ အမျိုးသမီး တံခွန်စိုက် ဒိုင်းဆုနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံအပ်နှံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်ပွဲရ ကရာတေးဒိုအသင်းအား ဂုဏ်ပြုငွေကျပ် ငါးသိန်းချီးမြှင့်သည်။

ဆက်လက်၍ အောင်ပွဲရ ကရာတေးဒိုအသင်းအား အလှူရှင် ဦးဇော်နိုင် (CEPSA) က ငွေကျပ် ၁၁ သိန်း၊ ဒေါက်တာ သိန်းသန်းထွန်းက ငွေကျပ်ခြောက်သိန်း၊ ဦးမင်းသိန်း (All Mobile) က ငွေကျပ် ငါးသိန်းနှစ်သောင်း၊ KMCကိုယ်ပိုင်ကျောင်းမှ ဆရာဦးခင်မောင်ချိုက ငွေကျပ် သုံးသိန်း၊ NAGATA Myanmar SKATE Park 58 Fortune Int.Ltd နှင့် ကိုဟန်ဝင်းအောင် (JKA MDY IT) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဆရာသက်ဆွေဇော် ယူနိုက်တက်ကရာတေးကလပ်နှင့် ဆရာမင်းရာဇာတို့က ငွေကျပ်တစ်သိန်းစီနှင့် ဆရာမျိုးမင်းစိုး ယူနိုက်တက်ကရာတေးကလပ်က ငွေကျပ် ငါးသောင်းတို့ကို ဂုဏ်ပြုလှူဒါန်းပြီး လှူဒါန်းမှုစုစုပေါင်း ၃၆ သိန်း ခုနစ်သောင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပရီမီယာလိဂ်ပွဲစဉ်(၅) မန်ယူတို့ အဝေးကွင်း၌ ဝက်ဖို့ဒ်ကို ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၅)အဖြစ် စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ဝက်ဖို့ဒ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားရာ ဝက်ဖို့ဒ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မော်ရင်ဟို ကိုင်တွယ်သော မန်ယူတို့ပြီးခဲ့သည့်ပွဲစဉ်က မန်စီးတီးကို ရှုံးနိမ့်ပြီး ယူရိုပါလိဂ်ပွဲစဉ်၌လည်း ဖီယင်နုဒ်ကို ရှုံးနိမ့်ခဲ့သည်။ ယခုဝက်ဖို့ဒ်ကိုလည်း ထပ်မံရှုံးနိမ့်သဖြင့် သုံးပွဲဆက်တိုက် အရှုံးဖြစ်ခဲ့သည်။

မန်ယူတို့အနေဖြင့် ယခုပွဲ အနိုင်ရရေးအတွက် ရှေ့တန်းတွင် မိုဇစ်၊ မာရှယ်နှင့် ရက်ရှ်ဖို့ဒ်တို့ကို ထည့်သွင်းကစားသော်လည်း ဝက်ဖို့ဒ်ခံစစ်ကြောင်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ပေ။ ဝက်ဖို့ဒ်အတွက် အဖွင့်ဂိုးကို ပထမပိုင်း ပွဲချိန် ၃၄ မိနစ်တွင် ကာပူးက သွင်းယူပေးသည်။ **(အောက်ပုံ)** ဒုတိယပိုင်း ၆၂ မိနစ်တွင် ရက်ရှ်ဖို့ဒ်က မန်ယူအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။




တစ်ဂိုးစီ သရေဖြစ်အပြီး နှစ်သင်းစလုံးအနိုင်ရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး ၈၄ မိနစ်တွင် ဝက်ဖို့ဒ်မှ ဇူနီကာက ဒုတိယဂိုး သွင်းယူခဲ့သည်။ ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဝက်ဖို့ဒ်တို့ ပယ်နယ်တီကန်ခွင့်ရရာ ဒီနေးက သွင်းယူပေးပြီး ပွဲအပြီးတွင် ဝက်ဖို့ဒ်တို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် ပဲလေ့စ်နှင့် စတုတ်တို့ပွဲတွင် ပဲလေ့စ်က လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။ ဆောက်သမ်တန်နှင့် ဆွမ်ဆီးတို့ပွဲတွင် ဆောက်သမ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အီတလီစီးရီးအေပွဲစဉ်(၄) ပွဲများကို စက်တင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားရာ ဗီရိုနာက အူဒီးနိစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ကက်ဂလီယာရီက အတ္တလန္တာကို သုံးဂိုး-ဂိုးမရှိ၊ ဆက်ဆူအိုလိုက ဂျီနိုအာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ခရိုတုန်းနှင့်ပါလာမိုက တစ်ဂိုးစီ သရေ၊ တိုရီနိုနှင့် အမ်ပိုလီတို့ ဂိုးမရှိ သရေဖြစ်ခဲ့သည်။

**သီဟ**

ကုန်စည်ပြပွဲ နှင့် ကားပြပွဲကြီး
(တောင်ကြီး-မြို့တော်ခန်းမ) (၂၃-၉-၂၀၁၆ မှ ၂၇-၉-၂၀၁၆)
(လွိုင်ကော်-မြို့နယ်ခန်းမ) (၂-၁၀-၂၀၁၆ မှ ၆-၁၀-၂၀၁၆)
(လားရှိုး-မြို့တော်ခန်းမ) (၂၉-၁၀-၂၀၁၆ မှ ၂-၁၁-၂၀၁၆)
WINNER Ph : 09 5173076, 09 454091163, 09 250660119




**ပဲခူးမြို့၊ ကမ္ဘောဇသာဒီနန်းတော် အထွေထွေပြုပြင်မွမ်းမံခြင်းလုပ်ငန်း(၃)ရပ်အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာ ခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် အထွေထွေပြုပြင်မွမ်းမံခြင်း လုပ်ငန်း(၃)ရပ်အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာများ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့် အချိန်** - ၁၈-၁၀-၂၀၁၆ရက်ညနေ ၄း၃၀နာရီ

၂။ တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ်စည်းကမ်းချက်များ၊ အသေးစိတ်အချက် အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
ပဲခူးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၂၂၁၉၂

**ဖခင်အမည်မှန်**

အထက (၁) မုဒုံမြို့ တက္ကသိုလ်ဝင်တန်း(H)မှ မစန္ဒာဒေဝီ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးညိမ်းဟန် ဖြစ်ပါကြောင်း။

**ဦးညိမ်းဟန် ၁၀/မဒန(နိုင်)၁၀၆၄၈၁**

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့ အထက(၆) ဒသမတန်း(ဂ) မှ မသီရိနွယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (AEC)ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မမေနှင်းဆွေးနှင့် မြဝတီမြို့ အထက(၁) အဋ္ဌမတန်း(ဘီ) မှ မောင်အောင်သက်ပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်ထွေးညွန့် (၃/မဝတ(နိုင်)၀၁၃၂၈၀) ဖြစ်ပါကြောင်း။ ဦးခင်ထွေးညွန့်

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မောင်မျိုးဇာနည်နှင့် တက္ကသိုလ်ဝင်တန်း(D)မှ မောင်မင်းဇာနည်တို့၏ဖခင် အမည်မှန်မှာ ဦးထွန်းလှိုင်(ခ)ဦးကြူးကျိန်ယွ ၁၃/မကန(နိုင်)၀၁၆၄၁၉ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးအိုက်မောင် ၁၃/သပန(နိုင်)၁၀၁၁၂၀၏သား လားရှိုးမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(E)မှ မောင်အိုက်ပိုအား မောင်အိုက်ကားဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

လားရှိုး တက္ကသိုလ်(ရူပဗေဒ)မှ မသန္တာအောင်၊ အထက(၈)မှ မအိအိဖြိုးနှင့် အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှစိုး ၈/မသန(နိုင်)၀၂၆၆၅၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

တန့်ယန်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(B)မှ မောင်အိုက်ညီး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ရွှေ ၁၃/တယန(နိုင်)၀၀၃၂၀၄ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၁၃၆၄၆ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၁၄/ကကန(နိုင်)၀၈၅၃၅၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၅၄၇၉၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေမီဝင်း ၁၄/တခန(နိုင်)၀၅၀၄၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၂၉၀၃၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၁၄/ကကန(နိုင်)၀၀၁၂၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၈

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။**

**ကိုယ်စားလှယ်များဖတ်ကြားသွားသည့် စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

*ယမန်နေ့မှအဆက်*

## လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ကိုယ်စားလှယ် ဦးအာမိုးဆီ ဖတ်ကြားသည့်စာတမ်း



အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် စာတမ်းကိုဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာကျေးဇူး

တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "အားလုံးပူးပေါင်း ပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့" "Democracy 2030" နှင့်အညီ မိဘပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားကို လက်တွေ့အကောင်အထည်ဖော်နေသည့်အတွက် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားဖို့ ဦးစွာပြောကြားလိုပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ လက်တွေ့ပင်ဖြစ်ပါသည်။ ဒီမိုကရေစီဖြစ်ထွန်းရှင်သန်နိုင်ရန် အစိုးရ၏ကြိုးပမ်းမှု၊ လွှတ်တော်၏ ကြိုးပမ်းမှုနှင့်အတူပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါသည်။ စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။

ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံတိုင်းကိုကြည့်ပါက လူတစ်မျိုးတည်းဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဟူ၍မရှိသည်ကိုတွေ့ရှိရပါသည်။ လူမျိုးများစွာနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ တိုင်းပြည်ကြီးတွေသာရှိပါတယ်။ ခေတ်အချိန်အခါနဲ့ ကြည့်ရင် လူတိုင်းမှာ မိမိ၏ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လိုသည်။ တူညီတဲ့အခြားလူမျိုးစုတွေနဲ့ နေချင်၊ ပေါင်းချင်ကြတာပါပဲ။ လူမျိုးချင်းခွဲခြားတာ၊ လွှမ်းမိုး ချုပ်ချယ်တာ၊ ခြယ်လှယ်အုပ်ချုပ်တာတွေကို ဘယ်လူမျိုးမဆိုမကြိုက်မနှစ်သက်ကြပါ။ လူမျိုးစုတစ်စုလုံး၏အကျိုးကို ဆုံးရှုံးနစ်နာအောင် လုပ်တာဟာ လူသားဝါဒမဟုတ်ပါဘူး။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

ဒီမိုကရေစီစနစ်မှာ အရေးကြီးတဲ့ အခြေခံမှုများစွာရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ တန်းတူညီမျှမှု၊ ပြည်သူလူထုပါဝင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လွတ်လပ်သောတရားမျှတပြီး ပုံမှန်ကျင်းပတဲ့ရွေးကောက်ပွဲရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံနိုင်မှု၊ ပါတီစုံဒီမိုကရေစီကို ကျင့်သုံးနိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ အာဏာကိုအလွဲသုံးစားမှုအပေါ် ထိန်းချုပ်ကာကွယ်နိုင်မှုတွေပါပဲ။

တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေကတင်မြှောက်တဲ့ ပြည်သူတွေရဲ့အစိုးရ ဖြစ်ရုံနဲ့မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ယနေ့ ၂၁ ရာစုမှာ တိုင်းပြည်တစ်ပြည်ရဲ့တိုးတက်မှုကိုတိုင်းတာရာမှာ ပြည်သူလူထုရဲ့ပျော်ရွှင်မှုကို ထည့်သွင်းတွက်ချက်လာတယ်။

ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ရွေးကောက်ပွဲများကျင်းပပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အုပ်ချုပ်ရေးအသီးသီး၊ ဥပဒေပြုပေးသောလွှတ်တော်ကိုယ်စားလှယ်၊ တရားစီရင်ရေးမဏ္ဍိုင်အသီးသီး ရွေးချယ်တင်မြှောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ထိုရွေးကောက်ပွဲတိုင်းတွင် ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီနည်းလမ်း၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုရှိရန် အလွန်အရေးကြီးပါသည်။ ဒီမိုကရေစီဆိုတာ ပြည်သူကအုပ်ချုပ်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ပြည်သူကရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်များကလည်း မိမိမဲဆန္ဒရှင်ပြည်သူများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် ၂၀၀၇ ခုနှစ်၊ (၆၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက သတ်မှတ်ပြဋ္ဌာန်းပေးလိုက်သည့် ဒီမိုကရေစီနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် "အားလုံးပူးပေါင်းပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့" "Democracy 2030" ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူတစ်ရပ်လုံး၏ ပူပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ကြပါစို့လို့ ဆန္ဒပြုရင်း အလေးအနက်ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ဦးခမ်ခန့်ထန် ဖတ်ကြားသည့်စာတမ်း

ဒီမိုကရေစီဆိုသော ဝေါဟာရမှာ ဂရိဘာသာစကားဖြစ်ပြီးနောက်မှ အင်္ဂလိပ်စကား၊ မြန်မာအသုံးအနှုန်းအဖြစ် အဆင့်ဆင့်သုံးစွဲလာခဲ့ရပါသည်။ ဒီမိုကရေစီဟူသော စကားသည် နိုင်ငံရေးနည်းစနစ်တစ်မျိုးဖြစ်ပြီး နိုင်ငံအုပ်ချုပ်ရာတွင် အကောင်းဆုံးသောစနစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ ခံယူထားပါသည်။ အကြောင်းအရင်းမှာ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ထက် ကောင်းမွန်သော နိုင်ငံရေးနည်းစနစ် မပေါ်ထွန်းသေးသောကြောင့် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်သည် လူလူချင်းတူညီသောမှုကို လက်ခံထားသဖြင့် လူတိုင်းသည် ဥပဒေအမြင်တွင်တူညီစေပါသည်။ ယင်းတူညီသော အခွင့်အရေးတို့မှာ အသက်ရှင်နေထိုင်နိုင်



သောအခွင့်အရေး၊ လွတ်လပ်စွာ တွေးဆတီထွင်နိုင်သောအခွင့်အရေး၊ လွတ်လပ်စွာပြောဆိုရေးသား ဝေဖန်စည်းရုံးပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် ပျော်မွေ့ချမ်းမြေ့မှုကိုလွတ်လပ်စွာရှာဖွေနိုင်ခွင့် အပြည့်အဝရရှိနိုင်မည်ဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံနဲ့လည်း အသင့်လျော်ဆုံးသော နိုင်ငံရေးစနစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ပါတီမှ သုံးသပ်ပါသည်။

ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ဆိုသလို ပြည်သူ့အကျိုးအလို့ငှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်ခြင်းကိုဆိုလိုပါသည်။ ပြည်သူ့ထံမှ အုပ်ချုပ်ရေးအာဏာတောင်းခံ၍လည်းကောင်း၊ ပြည်သူပြည်သားများမှလည်း မိမိတို့အားအုပ်ချုပ်မည့်ပုဂ္ဂိုလ်များကို လွတ်လွတ်လပ်လပ်ရွေးချယ်ဆုံးဖြတ်၍ ပေးအပ်သောအာဏာသည် ပြည်သူ့အာဏာ (သို့)ပြည်သူ့အစိုးရ(သို့)ဒီမိုကရေစီအစိုးရဖြစ်သဖြင့် ကျွန်ုပ်တို့ပါတီအနေဖြင့် ဒီမိုကရေစီစနစ်ကိုလိုလားလျက်ရှိပါတယ်။

ယနေ့ကမ္ဘာတွင် အာဏာရှင်စနစ်လိုလားသော အစိုးရ၊ အဖွဲ့အစည်းအသီးသီးတို့မှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ တိုက်ရိုက် ဒီမိုကရေစီစသော ဒီမိုကရေစီကို နာမဝိသေသန အမျိုးမျိုးဖြည့်စွက်သုံးနှုန်းထားကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ကျင့်သုံးရမည်ဖြစ်ကြောင်း ကျွန်တော်တို့ တိုက်တွန်း လိုပါသည်။

သို့သော် ကျွန်တော်တို့နိုင်ငံတွင် ယနေ့ထက်တိုင် ဒီမိုကရေစီနည်းလမ်းအရ မှန်ကန်စွာကျင့်သုံးနိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်နိုင်သရွေ့ ငြိမ်းချမ်းရေး၊ စစ်မှန်သောဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်ပြည်ထောင်စုမှုကို ရရှိလိမ့်မည်ဟု ကျွန်ုပ်တို့မယုံကြည်ပါ။ သို့ဖြစ်ပါ၍ ယခုလိုအပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် တိုင်းရင်းသားညီအစ်ကိုပါတီများ စုပေါင်းလက်တွဲ၍ ဒီမိုကရေစီမူနဲ့မကိုက်ညီသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့ မရောက်ရောက်အောင် ချီတက်ကြပါစို့ဟု လေးလေးနက်နက်တိုက်တွန်းလိုက်ပါသည်။

# ဒီမိုကရေစီစနစ်တွင် အားလုံးပါဝင်နိုင်မှ တိုးတက်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ဒီမိုကရေစီစနစ်တွင် အားလုံးပါဝင်ဆောင်ရွက်လာနိုင်မှ ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

"ကျွန်တော်တို့နိုင်ငံဟာ ဆယ်စုနှစ်သုံးခုကြာ ဒီမိုကရေစီရေးတိုက်ပွဲအတွင်း ရုန်းကန်ခဲ့ကြရပါတယ်။ ဒီကနေ့ရရှိနေတဲ့ ဒီမိုကရေစီ ရောင်ခြည်ဟာ ပေးဆပ်မှုတွေ အမျိုးမျိုးပေးဆပ်ခဲ့ရတာပါ။ လွတ်လပ်မှုဆိုတာ လွယ်လွယ်ရခဲ့တာမဟုတ်ပါဘူး။ အသက်တွေပေးဆပ်ခဲ့ရသလို ထောင်တွေထဲမှာ ဘဝတွေပေးဆပ်ခဲ့ရမှုတွေလည်း အများအပြားရှိခဲ့ပါတယ်။ ဒီမိုကရေစီပန်းတိုင်ရောက်ဖို့ ကျွန်တော်တို့ ရုန်းကန်ကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ လူတိုင်းလွတ်လပ်စွာ ပါဝင်ခွင့်ရှိပါမှ ဒီမိုကရေစီစနစ်ဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်" ဟု ဦးဖြိုးမင်းသိန်းက စက်တင်ဘာ ၁၅ရက်ညပိုင်းတွင် ဆန်းမစ်ပတ်(ခ်)ဗျူးဟိုတယ်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဒီမိုကရေစီနေ့အခမ်းအနားတွင် အိန္ဒိယရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဒေါက်တာ S.Y Qura-ishiမှ ရွေးကောက်ပွဲများတွင် မတူကွဲပြားမှုများကို စီမံခန့်ခွဲခြင်း၏ အရေးပါမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံ၏ ဒီမိုကရေစီတည်မြဲရေးအတွက် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုကို ထိန်းသိမ်းရန်မှာ လွှတ်တော်၏အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ကြောင်းကို ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှု လွှတ်တော်ကိုယ်စားလှယ် Shazia Jannatmarri က လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခိုင်မာရန် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၏အရေးပါမှုကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီမိုကရေစီနေ့အခမ်းအနားသို့ ပြည်တွင်းပြည်ပဒီမိုကရေစီချစ်မြတ်နိုးသူများ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ခဲ့ပြီး STEP Democracy (ရှေ့သို့မြန်မာ)နှင့် အီးယူတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# National Trade Portal and Repository Website မိတ်ဆက်

**မန္တလေး စက်တင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် USAID တို့ ပူးပေါင်း၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား National Trde Portal and Trade Repository Website မိတ်ဆက်သည့် အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက National Trade Portal and Trade Repository website ကို မေ ၂၆ ရက်က ဒုတိယသမ္မတတက်ရောက်ပြီး တရားဝင်လွှင့်တင်ပွဲအခမ်းအနားဖြင့် စတင်ထုတ်ဝေခဲ့ပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်မိတ်ဆက်သည့် အခမ်းအနားအား ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ Website တည်ထောင်ရသည့်ရည်ရွယ်ချက်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များကို လွယ်လွယ်ကူကူသိရှိစေရန်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် အချိန်နှင့်ကုန်ကျစရိတ်တို့ကို သက်သာစေရန်တို့ဖြစ်ကြောင်း၊ ကုန်စည်များတင်သွင်း၊ တင်ပို့လိုသည့် လုပ်ငန်းရှင်များအတွက် လွယ်လွယ်ကူကူ သတင်းအချက်အလက်များ ရရှိနိုင်မှာဖြစ်ကြောင်း၊ ဒီ Website ကို အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပြုလုပ်သူများသာမက ရင်းနှီးမြှုပ်နှံသူတွေ၊ သုတေသနပညာရှင်တွေ စတဲ့နယ်ပယ်စုံကလူတွေအနေနဲ့ ကုန်သွယ်မှုအချက် အလက်တွေကို အချိန်တိုအတွင်းမှာ ရှာဖွေသိရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍမှာ နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် ကုန်သည်လုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တင်မောင်-မန်းကိုယ်ပွား**

# ဇီကာဗိုင်းရပ်ရောဂါကာကွယ်ရေး အသိပညာပေး

**မလှိုင် စက်တင်ဘာ ၁၈**

ဇီကာဗိုင်းရပ်ရောဂါ ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ဒုတိယပတ်က မလှိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ဇီကာဗိုင်းရပ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်သိန်းကျော်က ဇီကာဗိုင်းရပ်ရောဂါအကြောင်း၊ ရောဂါကူးစက်ခံရသူ၏ လက္ခဏာ၊ ရောဂါဖြစ်ပွားနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်ရောဂါသည် ရောဂါပိုးသယ်ဆောင်လာသော အေးဒီးစ်(Aedes) ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့သော ရောဂါတစ်မျိုးဖြစ်ကြောင်း၊ ဇီကာဗိုင်းရပ်ရောဂါသယ်ဆောင်သော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင်သာပေါက်ပွားပြီး ဇီကာဗိုင်းရပ်ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေးမရှိသေးကြောင်း၊ ရောဂါလက္ခဏာသက်သာရန်အတွက်သာ ကုသပေးနိုင်ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျား၊ ပိုးလောက်လမ်း မပေါက်ပွားနိုင်အောင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မပြတ်ဆောင်ရွက်ရန်နှင့် ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ခြင်းဖြင့် ဇီကာဗိုင်းရပ်ရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ငွေး (မလှိုင်)**

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNOပါတီ) ကိုယ်စားလှယ် ဦးခွန်အောင်ကျော် ဖတ်ကြားသည့်စာတမ်း



မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ နိုင်ငံအများအပြားတွင် တိုင်းသူပြည်သားများ လူမှုအကျိုးစီးပွားကို အကျိုးရှိရှိ ထိထိရောက်ရောက် ဖော်ဆောင်ပေးလျက်ရှိသော ဒီမိုကရေစီနိုင်ငံရေးစနစ် ကျင့်သုံးဖို့ တိုက်တွန်း၊ နှိုးဆော်၊ တောင်းဆိုနေကြတာ တွေ့မြင်နေရပါတယ်။

ဒါဟာဘာကိုပြသလဲလို့ဆိုရင် ဒီမိုကရေစီစနစ်သည် မတူကွဲပြားမှုများပြားလှသော လူသားများအတွက် အကောင်းဆုံး နိုင်ငံရေးစနစ်ဖြစ်ကြောင်း သက်သေထူခြင်းဖြစ်ပါတယ်။ သို့ပေမယ့် ပြီးပြည့်စုံသောစနစ်ဆိုတာမရှိနိုင်ပါ။ အားနည်းချက်အချို့ ရှိကောင်းရှိမှာဖြစ်ပါတယ်။ ရှိလာတဲ့အခက်အခဲမပြေလည်မှုများကို အပြန်အလှန်ညှိနှိုင်းဖြေလျှော့မှုပြုလုပ်မည်ဆိုပါက ပိုမိုပြည့်စုံလုံခြုံသော လူမှုအဝန်းအဝိုင်းကို ရောက်ရှိနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter Parliamentary Union-IPU) မှ "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"ဆောင်ပုဒ်ဟာ တစ်ကမ္ဘာလုံးရှိ ဒီမိုကရေစီနိုင်ငံများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းလျက်ရှိတဲ့ နိုင်ငံများ၊ ဒီမိုကရေစီစနစ်ကိုလှမ်းမျှော်ကြည့်လျက်ရှိတဲ့ နိုင်ငံများအဖို့ အကောင်းဆုံးလမ်းပြရောင်နီဖြစ်လိမ့်မယ်လို့ တင်စားပြောချင်ပါတယ်။

ဒီမိုကရေစီနိုင်ငံရေးစနစ်အနှစ်သာရရှိစွာ ကျင့်သုံးနိုင်ရန်အတွက် လျှောက်လှမ်းရမည့်လမ်းခရီးဟာ စဉ်ဆက်မပြတ်ဖြစ်ထွန်းနေမှာဖြစ်တယ်။ နိုင်ငံကိုဦးဆောင်သော ခေါင်းဆောင်ကောင်း၊ အစိုးရကောင်း၊ ကောင်းမွန်သောပြည်သူလူထုအားလုံးက မုန်ကန်တဲ့စေတနာ၊ မေတ္တာကိုအရင်းခံ၍ တွေးတောကြံဆခြင်း၊ ပြောဆိုခြင်း၊ ကျင့်ကြံအားထုတ်လုပ်ကိုင်ကြခြင်းဟာ ဒီမိုကရေစီအုတ်မြစ်ကောင်းများ ဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဖွံ့ဖြိုးခြင်း၊ ပညာရည်မြင့်မားခြင်းကလည်း ဒီမိုကရေစီကျင့်စဉ်တွင် အလွန်အရေးကြီးလှပါသည်။

"ယနေ့လူငယ်နောင်ဝယ်လူကြီး"ဆိုသလို စဉ်ဆက်မပြတ်ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များကို နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (National Building)များတွင် စနစ်တကျပြုစုပျိုးထောင်ပါဝင်စေခြင်းအတွက် ခိုင်မာတိကျသော ပြုလွယ်ပြင်လွယ်သော မူဝါဒချမှတ်ဖို့ရာကလည်း အလွန်အရေးကြီးလှပါသည်။ မိမိနှင့်ပြည်သူပြည်သားများ အကျိုးစီးပွားကိုမျှတစွာဦးတည်အကောင်အထည်ဖော်မှုကလည်း အဓိကကျနေပြန်ပါသည်။

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သော မညီမျှမှုများကြောင့် တိုင်းရင်းသားပေါင်းစုံ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှစ်ပေါင်း ၇၀ နီးပါး ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံသူ၊ နိုင်ငံသားများဟာ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူမှုစီးပွားတိုးတက်ခြင်းနဲ့ ကင်းဝေးခဲ့ရသည့်အပြင် နောက်ဆုံးကမ္ဘာမှာအဆင်းရဲဆုံးတိုင်းပြည်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများ ချမ်းသာကြွယ်ဝမှုကိုမြင်တွေ့ရသည့်အခါ မြန်မာနိုင်ငံကလည်း ဒီမိုကရေစီကျင့်သုံးနိုင်ရန် လူထုအုံကြွမှုမှ တွန်းပေးမှုကြောင့် ၁၉၈၈ အရေးတော်ပုံတွင် လူထုတစ်ရပ်လုံးနီးပါးက တစိုက်မတ်မတ် တောင်းဆိုမှုအရ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှ အစပြုပြောင်းလဲနိုင်ခဲ့သလို ၂၀၁၅ ဒုတိယအကြိမ်ရွေးကောက်ပွဲ၌ အရပ်သားဦးဆောင်သောအစိုးရကို မှတ်ကျောက်တင် ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်။

သမိုင်းကြောင်းတောင်းဆိုမှုနှင့် နိုင်ငံခေါင်းဆောင်အလှည့်အပြောင်းကြောင့် ၃၁-၈-၂၀၁၆ မှ ၃-၉-၂၀၁၆ နေ့အထိ ကျင်းပနိုင်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ ကောင်းမွန်သောအစပျိုးရလဒ်ကြောင့် တည်ငြိမ်အေးချမ်းမှုဖြစ်လာသည်နှင့်အညီ မြန်မာ့ဒီမိုကရေစီရောင်နီ ပိုမိုတောက်ပလာပြီးတော့ ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များလည်း ရရှိလာနိုင်တော့မယ်လို့ ကိုးစားမျှော်လင့်လျက်ရှိသည်နှင့်အညီ စည်းလုံးညီညွတ်သော၊ မှန်ကန်မျှတသော မူဝါဒနှင့်အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံး ကြီးသည်၊ ငယ်သည် မခွဲခြားဘဲ မျှတသောအပေးအယူ၊ အပြန်အလှန်လေးစားမှုကို လက်ကိုင်ထားကြမယ်ဆိုရင်တော့ အကောင်းဆုံးအနာဂတ်ကို ဆုပ်ကိုင်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအနေနဲ့ မှန်ကန်မျှတသောအမြင်၊ ကျင့်ကြံလေးစားမှုနှင့် ကြိုးစားအားထုတ်မှုတို့ကို လက်ကိုင်ထားပြီး ပြည်ထောင်စုဖွားလူမျိုးများနှင့်အတူ ခိုင်မြဲသောတွဲလက်ဖြင့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုမှသည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ၏ "အားလုံးပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"ဆောင်ပုဒ်နှင့်အတူ စည်းလုံးညီညွတ်သောအားဖြင့် တက်ကြွစွာပါဝင်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

## တအာင်း(ပလောင်)အမျိုးသားပါတီ ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖတ်ကြားသည့်စာတမ်း



ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများစုကိုကြည့်လျှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြကြောင်းတွေ့ရှိနိုင်ပါသည်။ ဒီမိုကရေစီသည် ပြည်သူကိုအခြေပြုပြီး ပြည်သူ့အကျိုးစီးပွားကို ပြည်သူအများစု၏ဆန္ဒနှင့်အညီ ဖော်ဆောင်ရခြင်းဖြစ်ပါသည်။ တူညီသောရည်မှန်းချက်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားအလို့ငှာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ဒီမိုကရေစီ၏ အသက်ဝိညာဉ်သည် လွှတ်တော်များဖြစ်သည်ဆိုသကဲ့သို့ လွှတ်တော်မရှိပါက ဒီမိုကရေစီမရှိဟုဆိုကြသည်။

**"ဒီမိုကရေစီ ၂၀၃၀ သို့"** မျှော်မှန်းချက်မှာ ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးအတွက် လွှတ်တော်များအားကောင်းခိုင်မာစေရန်နှင့် အရည်အသွေးပြည့်မီစေရန်တို့ဖြစ်ပါသည်။ လွှတ်တော်များအနေဖြင့် နိုင်ငံရေးဆိုင်ရာပွင့်လင်းမြင်သာမှုနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပြည်သူများပူးပေါင်းပါဝင်လာမှုကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ ပွင့်လင်းမြင်သာမှုမရရှိသေးသည့်တိုင်ဥပဒေ၊ နည်းဥပဒေအရ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အထောက်အကူပြုနိုင်ရမည်ဖြစ်သည်။

လွှတ်တော်၏ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုကဏ္ဍနှင့် ပြည်သူလူထုများ ပိုမိုထိတွေ့လာနိုင်မှုကို မိုဘိုင်းကွန်ရက်များဖြင့် ပေါင်းစပ်ခြင်းဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ လူမှုကွန်ရက်များသည်လည်း သတင်းများဖြန့်ဖြူးရာ၌ စွမ်းရည်အပြည့်အသုံးပြုသောစနစ်တစ်ခုဖြစ်လာပြီဖြစ်၍ ပြည်သူလူထုနှင့်ပိုမိုထိတွေ့လာနိုင်မှုကို အထောက်အကူပြုနိုင်ပါသည်။

ပြည်သူလူထု၏ သတင်းအချက်အလက်လိုအပ်ချက်များ၊ အသိအမြင်များပေါ်မူတည်၍ မူဝါဒများချမှတ်ဆောင်ရွက်နိုင်ရန်မှာ လူမှုကွန်ရက်များသည်လည်း အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုတို့က လွယ်ကူလျင်မြန်စွာသိစေရန် ဖော်ဆောင်ပေးခြင်းဖြင့် ပြည်သူများ၏ယုံကြည်အလေးထားမှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

လွှတ်တော်ဆိုသည်မှာ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများရွေးချယ်ထားသည့် ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ဥပဒေပြုမဏ္ဍိုင်ဖြင့် တာဝန်ထမ်းဆောင်နေရသော နေရာတစ်ခုဖြစ်သကဲ့သို့ ဒီမိုကရေစီ ကူးပြောင်းရေးဖြစ်စဉ်တွင် တည်ရှိနေရမည်ဖြစ်သည်။

လူမှုကွန်ရက်များသည် လွှတ်တော်ကိုယ်စားလှယ်ကၓင်းတို့၏ မဲဆန္ဒရှင်ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်သည့်စနစ်တစ်ခုဖြစ်ပြီး ပြည်သူ့အသံကို တိုက်ရိုက်နားထောင်နိုင်ကြ၍ အကျိုးရှိစွာအသုံးပြုနိုင်ပါသည်။ လိုအပ်ချက်များကို ပိုမိုကောင်းမွန်အောင်မြင်စေရေး ဖြည့်ဆည်းဆောင်ရွက်၍ ပြည်သူကိုလွှတ်တော်ရေးရာကိစ္စရပ်များ ပိုမိုသိရှိနိုင်စေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်၊ ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပိုမိုပါဝင်နိုင်စေရန် တိုးတက်သော မိုဘိုင်းကွန်ရက်နှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောစိန်ခေါ်မှုဖြစ်၍ လွှတ်တော်၏အခန်းကဏ္ဍသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကဏ္ဍတွင် အဓိကကျသည့်ကဏ္ဍလည်း ဖြစ်ပါသည်။

နှစ်ပေါင်း (၅၀)ကျော်ကာလအတွင်း ပြည်သူလူထု၏ လွတ်လပ်သော မဲဆန္ဒအပေါ်အခြေခံ၍ ဖွဲ့စည်းသော လူထုအစိုးရသစ်အနေဖြင့် တိုင်းပြည်၏ဒီမိုကရေစီအုတ်မြစ်ခိုင်မာတောင့်တင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မလွဲမသွေ ရယူရမည်ဖြစ်သည်။ ဒီမိုကရေစီ ၂၀၃၀ သို့ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပြည်သူတို့၏စွမ်းပကားကို ရယူရမည်ဖြစ်သည်။ ပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအလိုအပ်ဆုံးအချက်ကြီးများတွင် အရေးအကြီးဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝမြင့်တင်ရေးပင်ဖြစ်သည်။

အနာဂတ်ပြုပြင်ပြောင်းလဲရေးအတွက် ခေါင်းဆောင်များကိုပြုစုပျိုးထောင်ခြင်း၊ ပြည်သူလူထုအားကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများကိုဖြည့်ဆည်းပေးခြင်း၊ တက်သစ်စခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းပင်ဖြစ်သည်။

နိုင်ငံများ၏အနာဂတ်သည် လူငယ်မျိုးဆက်သစ်များ၏ ပစ္စုပ္ပန်ကာလလေ့လာသင်ယူမှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ နိုင်ငံတော်တည်ဆောက်ရေးမဟာဗျူဟာနှင့် ဆက်စပ်လျက်ရှိနေပါ၍ နိုင်ငံတော်တည်ဆောက်ရေး မဟာဗျူဟာနှင့် မျှော်မှန်းချက်များချမှတ်ရာတွင်လည်း လူငယ်မျိုးဆက်သစ်တို့၏ အနာဂတ်မျှော်မှန်းချက်များနှင့် ဆက်စပ်လျက်ချမှတ်ရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်၏ကြီးမားသော စွမ်းအားအရင်းအမြစ်ဖြစ်သည်။ (၂၁)ရာစုအသိပညာစိန်ခေါ်မှုများကို အသိပညာလူမှုအဖွဲ့အစည်းဖြင့် ရင်ဆိုင်ကျော်လွှားရမည်။ သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိကိုယ်ကို အားကိုးအားထားပြုမှုများရှိနေစေရန် မပြတ်မလပ်သော လေ့လာဆည်းပူးခြင်းဖြင့် ကြုံတွေ့လာနိုင်သည့်အရာရာအတွက် အဆင်သင့်ဖြစ်ရပေမည်။

ယခုအချိန်တွင် မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာခြင်းနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများကို ဖော်ဆောင်လာနိုင်ပြီဖြစ်သည်။ ဤအခွင့်အရေးကို အမိအရဆွဲကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည့် အခွင့်အခါကောင်းရရှိနေပြီဖြစ်သည်။ ဒီမိုကရေစီ ၂၀၃၀ သို့ မျှော်မှန်းနိုင်ပြီဖြစ်၍ ယခုအချိန်ကစပြီး နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားလုံးပူးပေါင်းပါဝင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။ ။

(ဆက်လက်ဖော်ပြပါမည်)

# စစ်တွေမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**စစ်တွေ စက်တင်ဘာ ၁၈**

စစ်တွေမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်အထိ ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis) JE ကာကွယ်ဆေးကို စက်တင်ဘာ ၁၅ ရက်မှ ၂၆ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ရာ စက်တင်ဘာ ၁၆ ရက်က စတင်ထိုးနှံပေးကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၃၂ ခု၊ ကျေးရွာပေါင်း ၉၇ ရွာ၊ ကယ်ဆယ်ရေးစခန်းပေါင်း ၁၄ ခု ရှိ၍ ရည်မှန်းကလေးဦးရေ ၉၉၀၀၀ ခန့်ကို ဆေးတိုက်အဖွဲ့များက စုရပ်များသတ်မှတ်ကာ ထိုးနှံပေးမည်ဖြစ်ပြီး ဆေးထိုးရမည့်နေ့ကို ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကတစ်ဆင့် ကြိုတင်အကြောင်းကြားပေးမည် ဖြစ်သည်။ စစ်တွေမြို့နယ်တွင် ယခင်နှစ်ကလည်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ရောဂါဖြစ်ပွားသော ကျေးရွာ၊ ရပ်ကွက်များတွင် ထိုးနှံပေးခဲ့သည်။

"ကျွန်မတို့က ဒီဆေးကို ယခင်နှစ်ကလည်း ထိုးပေးခဲ့ပါတယ်။ ဒါပေမယ့် တစ်မြို့နယ်လုံးမဟုတ်ပါဘူး။ ရောဂါဖြစ်ပွားတဲ့နေရာတွေမှာပဲ ထိုးပေးခဲ့တာပါ။ ခုက တစ်မြို့နယ်လုံး လွှမ်းခြုံမှုရအောင်ဆိုပြီးတော့ ထိုးပေးမှာဖြစ်ပါတယ်။ စစ်တွေမှာ ဒီနှစ်လည်း အချို့နေရာတွေမှာ ဖြစ်ပွားခဲ့ပါတယ်။ အနီးအနားက မြို့နယ်တွေမှာလည်း ဖြစ်ပွားတယ်လို့သိရပါတယ်။ ဆေးက ပြည်နယ်မှာ လုံလောက်မှုမရှိတာကြောင့် တစ်မြို့နယ်ကိုပဲ ထိုးပေးရတာပါ။ နောက်နှစ် ၂၀၁၇ မှာဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ထိုးနှံပေးသွားမှာပါ" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာက ပြောသည်။

ယခုနှစ်တွင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်မြို့နယ်ရှိ ဒေသအချို့တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနေသော်လည်း ကာကွယ်ဆေး မလုံလောက်မှုကြောင့် စစ်တွေတစ်မြို့နယ်ကိုသာ ထိုးပေးနိုင်သဖြင့် အခြားမြို့နယ်များကိုလည်း ထိုးပေးစေလိုကြောင်း ဒေသခံပြည်သူများက လိုလားကြသည်။

"ကျွန်တော်တို့ရခိုင်မှာ ယခင်နှစ်က ခုနစ်မြို့နယ်ဖြစ်ခဲ့တယ်။ ဒီနှစ်လေး မြို့နယ်မှာဖြစ်နေတယ်လို့ သိရတယ်။ ဒီအထဲက စစ်တွေမြို့နယ် တစ်ခုတည်းကိုသာ ထိုးမယ်ဆိုတော့ တခြားမြို့နယ်တွေက ကလေးတွေအတွက် စိုးရိမ်မိပါတယ်။ ထိုးမယ်ဆိုရင်တော့ ရခိုင်ပြည်နယ်တစ်ခုလုံးကိုမတတ်နိုင်ရင်တောင် ဖြစ်နေတဲ့ လေးမြို့နယ်ကိုတော့ ထိုးပေးသင့်ပါတယ်"ဟု စစ်တွေမြို့မှ ဦးထွန်းလင်းကျော်က ပြောသည်။

ယခင်နှစ်က ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသော ဒေသများတွင် ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ရောဂါမဖြစ်ပွားသော ဒေသများမှ လူများကလည်း ငွေကြေးပေးကာထိုးနှံကြကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများကလည်း မသမာမှုများပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် ယခုနှစ်တွင် ထိုကဲ့သို့မဖြစ်ကြရန် တာဝန်ရှိသူများက စနစ်တကျကြီးကြပ်မှုပေးရန် လိုအပ်နေကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ဖရုံကာသား**



# စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရန် ပြည်ပဈေးကွက်ရှာဖွေနိုင်မည့် ခေါင်းဆောင်များ ရွေးချယ်သင့်ဟု စိုက်ပျိုးရေးထွက်ကုန် လုပ်ငန်းရှင်များပြော



ဦးကျော်သီဟ

● ကေဇူး (AMIA)

**နေပြည်တော် စက်တင်ဘာ ၁၈**

မကြာမီ အသစ်ဖွဲ့စည်းတော့မည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေမည့် အဖွဲ့ဝင်များ ပါဝင်ရန် တိုက်တွန်းထားသည်ဟု လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့က သတင်းရရှိသည်။

စိုက်ပျိုးရေးထွက်ကုန်တွေကို ပြည်ပဈေးကွက်ရှာဖွေရန်၊ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့သည့် အသေးစား၊ အလတ်စား တင်ပို့ထုတ်လုပ်သူများကို ပံ့ပိုးမှုတွေပေးရန် စိတ်အားထက်သန်သူများကို ရွေးချယ်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းဥက္ကဋ္ဌ ဦးကျော်သီဟက ပြောကြားသည်။

"စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာအဆက်အသွယ်တွေ လမ်းဖွင့်နိုင်မယ့် အသင်းအဖွဲ့မျိုး ဖြစ်စေချင်တယ်။ ဒါကိုလည်း တင်ပြထားတယ်" ဟု ဦးကျော်သီဟက ဆက်လက်ပြောသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)တွင် အမှုဆောင်ရွေးချယ်ပွဲကို ပြုလုပ်မည်ဖြစ်ပြီး ညီနောင်အသင်းများဖြစ်သည့် အသင်း ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ထို့ပြင် ပြင်ပမှ လည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်ဖို့ စာရင်းပေးထားသူတစ်ရာကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ပဲနှမ်းအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက "အသင်းချုပ်ကရွေးတာက သိပ်တော့ အောက်ခြေနဲ့ မဆိုင်ပါဘူး။ ညီနောင်အသင်းတွေက သပ်သပ်ရှိပါတယ်။ ကိုယ့်ဈေးကွက်ကို ကိုယ်ရှာကြရတာပေါ့"ဟု ပြောသည်။

UMFCCI က ရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်ခံရသည့် ဗဟိုအလုပ်မှုဆောင် ၅၈ ဦး အနက်မှ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ ခုနစ်ဦးပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ရွေးချယ်မည်ဖြစ်သည်။



ဓာတ်ပုံ - ဟန်စော

# အင်း ခရမ်းချဉ်သီး ဈေးနှုန်းများ ကျဆင်းနေ

● ကေဇူး (AMIA)

**နေပြည်တော် စက်တင်ဘာ ၁၈**

အင်းလေးဒေသထွက် ခရမ်းချဉ်သီးဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသည့်အတွက် စိုက်ပျိုးသူများ အရှုံးပေါ်နေကြကြောင်း အင်းလေးဒေသ ခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။

အင်းလေးဒေသတွင် ယခုအချိန် ခရမ်းချဉ်သီးပေါ်ချိန်ဖြစ်ပြီး အထွက်ခရမ်းချဉ်သီးဈေးနှုန်းများ ကျဆင်းနေသည့်အတွက် တောင်သူများ စိုးရိမ်လျက်ရှိနေသည်။

"တစ်ခင်းကို မကုန်ဘူးဆိုရင် ၁၉ သိန်း ကုန်ထားတာလေ။ ဈေးက မနှစ်ကနဲ့စာရင် ထက်ဝက်ကျော်လောက်ကျနေတော့ အရင်းမရမှာစိုးတယ်"ဟု အင်းခရမ်းချဉ်စိုက်တောင်သူ မဝါဝါမြင့်က ပြောသည်။

အင်းလေးကန်အတွင်း ခရမ်းချဉ်စိုက်ပျိုးသည့် ကျေးရွာ ၁၀၀ ကျော်ရှိပြီး ခရမ်းချဉ်ခင်းအများစု ခူးဆွတ်နေကြပြီဖြစ်သည်။

မဝါဝါမြင့်က "ဈေးကမငြိမ်တော့ မြန်မြန်ရောင်း မြန်မြန်ဝယ်လုပ်ရတယ်။ ကုန်စိမ်းလည်းဖြစ်တော့ မြန်မြန်လုပ်မှ ရှုံးစရာရှိလည်း အရှုံးနည်းတာပေါ့"ဟု ပြောသည်။ အင်းလေးဒေသခရမ်းချဉ်သီးများကို ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးများကို တင်ပို့နေခြင်းဖြစ်သည်။



ဓာတ်ပုံ - ကေဇူး

# ပြည်ပဝယ်လက်မရှိ၍ မြန်မာ့ပဲကုန်သည်များ အခက်တွေ့

● ကေဇူး (AMIA)

**နေပြည်တော် စက်တင်ဘာ ၁၈**

အိန္ဒိယဝယ်လက်ကို အဓိကအားထားနေရသည့် မြန်မာ့မတ်ပဲဈေးကွက်မှာ ယခုလအတွင်း အိန္ဒိယဘက်က မတ်ပဲပေါ်ချိန်ဖြစ်လာသဖြင့် သိုလှောင်ထားသည့်ပဲများ ပြန်လည်ရောင်းချရန် အခက်အခဲဖြစ်နေသည်ဟု ပဲနှမ်းသိုလှောင်ထားသူများထံက သိရသည်။

ယခုလအတွင်း အိန္ဒိယနိုင်ငံတွင် ပဲပေါ်ချိန်ဖြစ်ပြီး မြန်မာ့ကုန်သည်များထံတွင် ပဲသိုလှောင်ထားမှု များပြားနေသည်ဟု ပဲကုန်သည်များက ပြောသည်။ မြန်မာနိုင်ငံ ပဲကုန်သည် ဦးမြတ်စိုးက "ဈေးကောင်းပေးထားရတယ်။ တစ်ခေါက်ပဲ ပို့ရသေးတယ်။ ဈေးကျသွားတယ်။ နောက်ထပ် ဝယ်ရင်တောင် ဈေးကတော်တော် ချိန်ဆပြီးဝယ်ရတယ်"ဟု ပြောသည်။ မြန်မာ့ ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့် ပဲမျိုးစုံကို ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ တင်ပို့ပြီး ကျန် ၂၀ ရာခိုင်နှုန်းကို အာဆီယံနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ပဲထွက်ချိန်ပြီး၍ တောင်သူအများစုက ရောင်းချပြီးဖြစ်သော်လည်း အချို့တောင်သူများက သိုလှောင်ထားဆဲဖြစ်သည်။ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တောင်သူတစ်ဦးက "အတက်ကို မျှော်တုန်းပဲ သယ်စရိတ်နဲ့ ဘာနဲ့ဆိုတော့ အရင်းမရသေးလို့ မထုတ်နိုင်သေးဘူး"ဟု ပြောသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ကိုးသောင်းကျော် ထပ်ဝယ်ရန်ရှိကြောင်း အိန္ဒိယနိုင်ငံထုတ်သတင်းများတွင် ဖော်ပြထားသည်။

# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

● ကေဇူး (AMIA)

ယခု တစ်ပတ်အတွင်းမှာ ဆန်ကြမ်းဈေးတွေ ကျဆင်းနေပါတယ်။ ပေါ်ဆန်းဆန် အမျိုးအစားတွေကတော့ ပုံမှန်ဈေးဖြစ်ပါတယ်။ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) ကတော့ ဒီတစ်ပတ်မှာတော့ ဈေးအတက်အကျ လှုပ်ခတ်လာပါတယ်။ မတ်ပဲ(FAQ/RC) ကလည်း ဒီတစ်ပတ်အတွင်းမှာ အနည်းငယ်ပြန်တက်လာပေမယ့် ပြီးခဲ့တဲ့ အပတ်ကထက် ဈေးကျနေပါသေးတယ်။

အလားတူ နှမ်းရောင်စုံဈေးတွေလည်း ဈေးပြန်တက်လာပြီး နှမ်းဖြူတစ်မျိုးတည်းသာ ဈေးကျဆင်းနေပါတယ်။ ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှာလည်း ဈေးနှုန်းအနည်းငယ်ကျဆင်းနေရာက ပြန်တက်လာပါတယ်။ သီးနှံအသီးသီးမှာ တစ်ပတ်အတွင်း တနင်္လာကနေ့ သောကြာအထိ ဈေးအနည်းငယ်စီတက်လာကြတာကိုတွေ့ရပေမယ့် ပြီးခဲ့တဲ့အပတ်က ပေါက်ဈေးတွေနဲ့စာရင် ကျဆင်းနေတာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC) ဈေးလှုပ်ခတ်**

ပြီးခဲ့တဲ့ အပတ်က ဈေးကျနေတဲ့ ပဲစင်းငုံနီ (RC) ဟာ ဈေးဆက်လက်ကျဆင်းခဲ့ပြီး ယခုတစ်ပတ် တနင်္လာအထိ ငွေကျပ် ဆယ်သိန်း ခြောက်သောင်းထိ ဈေးကျနေတုန်းဖြစ်ပါတယ်။ ဗုဒ္ဓဟူးနေ့မှာတော့ ဆယ့်တစ်သိန်း ကိုးသောင်းထိ တစ်သိန်းကျော် ဈေးတက်ခဲ့ပါတယ်။ သောကြာနေ့မှာတော့ ဆယ်သိန်း ကိုးသောင်းငါးထောင်ထိ ဈေးပြန်ကျသွားတာကို တွေ့တဲ့အတွက် ဒီတစ်ပတ်အတွက် ပဲစင်းငုံနီ (RC) ဈေးနှုန်းတွေကတော့ အတက်အကျ မငြိမ်သက်ဖြစ်နေပါတယ်။ ဒီနှစ်အတွင်းမှာတော့ ဇူလိုင်လ၌ တစ်တန်ကို ဆယ့်ငါးသိန်းထိ မြင့်တက်ခဲ့ပြီး အခုပြန်ကျနေတာပါ။

**မတ်ပဲ (FAQ/RC) ဈေးဆက်ကျ**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ မတ်ပဲ (FAQ/RC) ကတော့ ပြီးခဲ့တဲ့ အပတ်ကထက် တစ်တန်ကို သုံးသိန်းကျော်အထိ ဈေးကျသွားတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ အပတ်သောကြာနေ့က ဆယ့်ခြောက်သိန်း လေးသောင်း နှစ်ထောင်ရှိခဲ့ပြီး ဒီတစ်ပတ်မှာ အမြင့်ဆုံး ဆယ့်သုံးသိန်း ရှစ်သောင်းထိသာ ရှိပါတယ်။ တနင်္လာနေ့ ပေါက်ဈေးက တစ်တန်ကို ဆယ့်သုံးသိန်း နှစ်သောင်းရှိခဲ့ရက သောကြာနေ့မှာ ဆယ့်သုံးသိန်း ရှစ်သောင်းထိ ဈေးတက်ခဲ့ပါတယ်။

**ပဲတီစိမ်း ဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ကိုးသောင်းရှစ်ထောင်နဲ့ တစ်သိန်း ငါးထောင်ကြားတွင် အရောင်းအဝယ်ဖြစ်နေပါတယ်။

**နှမ်းရောင်စုံ အနည်းငယ်ကျ**

နှမ်းရောင်စုံ ဈေးတွေကလည်း ပြီးခဲ့တဲ့အပတ်ကထက် ဈေးကျနေပါတယ်။ ပြီးခဲ့တဲ့အပတ်က စမုန်နှမ်းနက် တစ်အိတ်ကို တစ်သိန်း ငါးသောင်း သုံးထောင် အနိမ့်ဆုံးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အမြင့်ဆုံးဈေးက တစ်သိန်း လေးသောင်းခွဲသာ ပေါက်ဈေးရှိနေပါတယ်။

တနင်္လာနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုန်) တစ်အိတ်ကို တစ်သိန်း လေးသောင်းနှစ်ထောင် ရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ တစ်သိန်း လေးသောင်းငါးထောင်ထိသာ ရှိပါတယ်။ နှမ်းညိုကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို ခုနစ်သောင်းသုံးထောင်နဲ့ ခုနစ်သောင်း ငါးထောင်ကြားမှာ ရှိနေပါတယ်။ နှမ်းဖြူကတော့ တနင်္လာနေ့ကနေ သောကြာနေ့ထိ ရှစ်သောင်းနှစ်ထောင်ကနေ ကိုးသောင်းခွဲထိ ရှိပါတယ်။ ပန်းနှမ်းကတော့ တစ်အိတ်လျှင် ငွေကျပ် ရှစ်သောင်း ကိုးထောင်လောက် ဈေးရှိပါတယ်။

**ဆန်ဈေးနှုန်းတည်ငြိမ်**

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်ကို အမြင့်ဆုံး လေးသောင်းလေးထောင်ငါးရာ၊ ညှော့မထဆန် တစ်အိတ် နှစ်သောင်းရှစ်ရာ၊ ငစိန်ဆန် တစ်အိတ် နှစ်သောင်းတစ်ထောင်၊ မြီးတိုးဆန်တစ်အိတ် နှစ်သောင်း ခုနစ်ထောင့်ငါးရာ၊ မိုးသုခ ဆန်တစ်အိတ် နှစ်သောင်းခုနစ်ထောင်၊ နွေသီးထပ်ဆန် တစ်အိတ် နှစ်သောင်းသုံးရာနဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီ ဈေးအနည်းငယ်ကျ**

လက်ရှိ ဘုရင့်နောင် ကြက်သွန်နီ ဈေးကွက်မှာ ကြက်သွန်နီဈေးတွေ အနည်းငယ်ကျဆင်းသွားတာကို တွေ့ရပါတယ်။ ယခုအပတ် တနင်္လာနေ့က ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူးနယ်ဘက်တွေက ထွက်တဲ့ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံး ၂၇၅ မှ အမြင့်ဆုံး ၆၇၅ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ၂၂၅ ကနေ အမြင့်ဆုံးဈေး ၆၅၀ ဈေးနှုန်းဝန်းကျင်နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီ တစ်ပိဿာကို ၅၀ ကျပ်ခန့် ဈေးကျဆင်းသွားတာ ဖြစ်ပါတယ် ။

# ဆန်စပါးများ အရည်အသွေးမီထုတ်လုပ်နိုင်ရေး FAO မှ နည်းပညာများပေး

**သတင်းဆောင်းပါး-ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စပါးစိုက်လယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် စပါးအထွက်နှုန်း မြင့်မားရေးနှင့်အရည်အသွေးမြင့်မားသော စပါးများရရှိရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းကို တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာနှင့် နွယ်ရစ်ကျေးရွာတို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းတွင် အမှန်တကယ် စပါးစိုက်တောင်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှု အလေ့အထကောင်းများ၊ အရည်အသွေးပြည့်မီသော မျိုးစေ့များထုတ်လုပ်စိုက်ပျိုးတတ်စေရန် အရည်အသွေးလျော့နည်းဆုံးရှုံးမှုကို လျှော့ချနိုင်ရန်ကောင်းသော ရိတ်သိမ်းချိန်လွန်လုပ်ငန်းဆောင်တာများ လုပ်ဆောင်တတ်စေရန် သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ဆန်စပါးများသည် အရည်အသွေးမပြည့်မီသောကြောင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်မှုနည်းပြီး အိမ်နီးချင်း ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည် အရည်အသွေးမီဆန်စပါးများ နိုင်ငံတကာဈေးကွက်များသို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း၊ မြန်မာနိုင်ငံမှ ဆန်စပါးများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရန်အတွက် လယ်သမားဆီအရောက် ပညာပေးသင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း FAO မှ အကြံပေး ဦးခင်မောင်ဝင်းပြောပြချက်အရ သိရသည်။

"ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO က မြန်မာနိုင်ငံမှာရှိတဲ့ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ သစ်တောကဏ္ဍတွေမှာ ဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး နည်းပညာနဲ့ငွေကြေးပံ့ပိုးမှုများပြုလုပ်နေပါတယ်။ အခုကျွန်တော်တို့က စိုက်ပျိုးရေးကဏ္ဍမှာ အဓိကသီးနှံဖြစ်တဲ့ဆန်စပါးတွေကို ပြည်ပတင်ပို့နိုင်ရေးအတွက်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေးကို အဓိကသင်ကြားတာပါ။ မျိုးရွေးချယ်ပြီး စတင်စိုက်ပျိုးချိန်မှ အရည်အသွေးမီတဲ့ ဆန်အဖြစ်ရောက်ရှိတဲ့အထိ သင်ကြားပေးတာပါ။ ကျွန်တော်တို့ဆီက လယ်သမားတွေဟာ မျိုးရွေးချယ်မှု၊ ထယ်စားပြင်မှု၊ စိုက်ပျိုးမြေဩဇာကျွေးမှုနဲ့ နည်းစနစ်မကျတဲ့အတွက် အထွက်နှုန်းလျော့ပြီး လေလွင့်ဆုံးရှုံးမှုတွေဖြစ်ပေါ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းများကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များနှင့် နေပြည်တော်ရှိ မြို့နယ်ငါးမြို့နယ်တွင် လာရောက် သင်ကြားပြသပေးသည့်အပြင် နေပြည်တော်ငါးမြို့နယ်ရှိ အဓိကကျေးရွာ ၁၀ ရွာကို သင်ကြားခြင်းဖြစ်သည်။ သင်တန်းတက်ရောက်သည့်တောင်သူ များအား နေ့တွက်စရိတ်အဖြစ် တစ်ရက်တစ်သောင်းနှုန်းဖြင့် တစ်ရွာလျှင် နှစ်ရက်ဖြစ်၍ တောင်သူတစ်ဦးလျှင် နှစ်သောင်းစီပေးအပ်ခဲ့ပြီး သင်တန်းတက် တောင်သူများအား နေ့လယ်စာဖြင့်ပါ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ညောင်လွန့်ကျေးရွာမှ သင်တန်းတက်ရောက်သည့် တောင်သူ ဦးရွှေအေးက" ဒီသင်တန်းတက်ရလို့ မသိသေးတဲ့ အရာတွေသိရှိခဲ့ရပါတယ်။ စပါးကို မောင်းညိုချိန်မှာ ရိတ်ရမယ်။ ရိတ်ပြီး တစ်ရက်နှစ်ရက်အတွင်း ခြွေလှေ့စက်နဲ့ခြွေပြီး ခြောက်သွေ့အောင်လှန်းဖို့လိုပါတယ်။ လေးငါးရက်လှန်းပြီး ၁၄ ဒီဂရီ အပူချိန်ထားကာ သိုလှောင်သင့်ကြောင်း သင်ကြားပေးပါတယ်။ မသင်ကြားပေးခင်က သူများမျိုးကောင်းတယ်ထင်ရင် တောင်သူအချင်းချင်းလဲတယ်ဝယ်တယ်။ အဲဒီလိုစနစ်နဲ့သွားခဲ့တယ်။ အခုတော့ တောင်သူတစ်ပိုင်တစ်နိုင် မျိုးထုတ်လုပ်ဖို့ နည်းပညာလည်းသင်ပေးတယ်။ နောက် ဓာတ်မြေဩဇာက ကျွေးပုံကျွေးနည်းနဲ့ ပိုးသတ်ဆေးသုံးစွဲနည်းတွေပါ သင်ပေးပါတယ်"ဟု ပြောသည်။

ထို့နောက် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦးက "ကျွန်တော်တို့နိုင်ငံဟာ ယခင်က စပါးတင်ပို့နိုင်မှု အမြင့်ဆုံးဖြစ်ခဲ့ပေမယ့် အခုအခါ ထိုင်း၊ ဗီယက်နမ်က တင်ပို့မှု အများဆုံးဖြစ်နေပါတယ်။ ဒါကြောင့် ပြန်လည်တင်ပို့မှုစံချိန်မီနိုင်ရေးအတွက် အခုလို ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းတွေ သင်ကြားပို့ချပေးနေခြင်း ဖြစ်ပါတယ်။ ရိတ်သိမ်းချိန်လွန်ဆိုတာ စပါးတွေ မောင်းညိုချိန် ရိတ်ဖို့ဖြစ်ပါတယ်။ မောင်းညိုချိန်ဆိုတာကလည်း ဆန်မရဲ့ ၈၅ နဲ့ အဝါရောင်သန်းချိန်ရိတ်ပြီး ခြွေလှေ့ဖို့နဲ့ Combine ခြွေလှေ့စက်နဲ့ခြွေလှေ့နိုင်ရင် ဆန်အရည်အသွေး ပိုပြီးကောင်းမွန်ပါတယ်။ အလေအလွင့်လည်းနည်းပါတယ်။ နိုင်ငံတကာဆန်တင်ပို့မှုမှာလည်း များများအထောက်အကူဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကလည်း တပ်ကုန်းမြို့နယ်က ကျေးရွာ ၁၀ ရွာမှာ မျိုးကောင်းမျိုးသန့်တွေ ထုတ်ပါတယ်" ဟု ပြောသည်။



ရိတ်သိမ်းချိန် နောက်ပိုင်းတွင် ရိတ်သိမ်းချိန်မမှန်ခြင်း၊ ချက်ချင်း မခြွေလှေ့နိုင်ခြင်း၊ အခြောက်လှန်းနည်းစနစ်၊ သိုလှောင်မှုနည်းစနစ်များ စနစ်မကျခြင်းတို့ကြောင့် ဆန်အရည်အသွေးမမီ၍ နိုင်ငံတကာဈေးကွက် မထိုးဖောက်နိုင်ခြင်းဖြစ်သည်။ ယခုဆန်အရည်အသွေးမီတင်ပို့နိုင်သော နိုင်ငံများတွင် တောင်သူသည် မြေယာထွန်ယက်စိုက်ပျိုးခြင်းသာ ပြုလုပ်ရပြီး ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းအဖွဲ့၊ ခြွေလှေ့ရာတွင် ခြွေလှေ့ပေးသည့်အဖွဲ့၊ သိုလှောင်ပေးသည့်အဖွဲ့ စသည်ဖြင့် အဆင့်ဆင့် အစုအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်နိုင်မှုများကြောင့် အရည်အသွေးမီဆန်များ ထွက်ရှိတင်ပို့နိုင်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ဆန်စပါး အရည်အသွေးမီ တင်ပို့နိုင်ရေးအတွက် နည်းစနစ်မှန်ကန်ရေးအပြင် စက်ကိရိယာအားနည်းမှုများလည်း အဓိကဖြစ်နေကြောင်း၊ အခြားအိမ်နီးချင်း နိုင်ငံများကဲ့သို့ လယ်ယာလုပ်ငန်းခွင်တွင် စတင်စိုက်ပျိုးချိန်မှ နောက်ဆုံးကြိတ်ခွဲသည်အထိ အဆင့်တိုင်းတွင် ကျွမ်းကျင်လုပ်သားများနှင့် ခေတ်မီစက်ကိရိယာများဖြင့် ပြုလုပ်နေကြောင်း၊ ကြိတ်ခွဲရာတွင်လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုပါမှ အကျိုးအကြေနည်းပါးပြီး ပြည်ပတန်းဝင် အရည်အသွေးမီဆန်စပါးများ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း ပညာရှင်တစ်ဦးက သုံးသပ်ပြောသည်။

# လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာအသုံးပြုတတ်စေရန် အခမဲ့သင်တန်းများဖွင့်လှစ်လျက်ရှိ



စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း မိတ္ထီလာတွင် သင်တန်းသားများ လက်တွေ့သင်ယူနေစဉ် (ဓာတ်ပုံ-စက်မှု)

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော သမားရိုးကျလယ်ယာစိုက်ပျိုးရေးနည်းစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ မိမိတို့ ပိုင်ဆိုင်အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းတတ်စေရန်အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကာလတိုသင်တန်းများအဖြစ် ၁၂ ရက်ကြာဖြင့်လည်းကောင်း၊ ဗဟိုသင်တန်းကျောင်းများဖြစ်သည့် မိတ္ထီလာနှင့်ဘုရားကြီးမြို့တို့တွင် ရက်ရှည်သင်တန်းများအဖြစ် ၁၂ပတ်ကြာဖြင့်လည်းကောင်း လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းအဖြစ် တောင်သူများအတွက် သီးသန့်အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စီမံကိန်း(၁)မှ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးဝေထံမှ သိရသည်။

"ဒီသင်တန်းမှာ တက်ချင်တဲ့ တောင်သူတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနကနေ သင်တန်းသား ခေါ်ယူတာဖြစ်ပါတယ်။ သင်တန်းတက်ရောက်ပြီးတဲ့ တောင်သူတွေအနေနဲ့ ကိုယ်ပိုင်စက်လေးတွေကို ကိုယ့်ဘာသာမောင်းနှင်တတ်၊ ပြုပြင်ထိန်းသိမ်းတတ်အောင်လို့ မောင်းနှင်နည်း၊ ပြုပြင်ထိန်းသိမ်းနည်းတွေကို စာတွေ့ရော၊ လက်တွေ့ပါသင်ကြားပေးပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုနောက်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းမှုသင်တန်းပါ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာနအောက်မှာရှိသည့် ပင်မစက်ပြင် အလုပ်ရုံ(၁) ကျိုက္ကလို့ (ရန်ကုန်)၊ ပင်မစက်ပြင်အလုပ် အလုပ်ရုံ(၂)အင်းကုန်း(ကျောက်ဆည်)အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိသည့် အလတ်စားစက်ပြင်အလုပ်ရုံရှစ်ရုံ၌ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာ မောင်းနှင်မှုနှင့် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများသို့ တက်ရောက်လိုသည့် တောင်သူများအနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ အနိမ့်ဆုံးအဋ္ဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ ကျန်းမာရေးကောင်းမွန်၍ သင်တန်းကိုစိတ်ပါဝင်စားသူ၊ သင်တန်းကာလပြီးဆုံးသည်အထိ တက်ရောက်နိုင်သူမည်သူမဆို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုလယ်ယာစခန်းများနှင့် စက်ပြင်အလုပ်ရုံများတွင် စုံစမ်းနိုင်ပြီး သင်တန်းကာလအတွင်း စားစရိတ်ငြိမ်းအခမဲ့ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ခြွေလှေ့စက်ဖြင့် ပြောင်းရိတ်သိမ်းနည်း သရုပ်ပြ

**လားရှိုး စက်တင်ဘာ ၁၈**

စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေသခံပြောင်းစိုက်တောင်သူများ ပြောင်းရိတ်သိမ်းချိန်တွင် တွေ့ကြုံနေရသော လုပ်သားရှားပါးမှုအခက်အခဲကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ လားရှိုးမြို့နယ် ကောင်းကဲ့အီကျေးရွာအုပ်စု ဖာလျံကျေးရွာ ဒေါ်ခွန်ဆမ် ပြောင်းစိုက်ခင်း ၂ ဧကတွင် တောင်သူပညာပေး ပြောင်းရိတ်သိမ်းခြွေလှေ့စက်ဖြင့် ပြောင်းရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြပွဲနှင့်လုပ်ငန်းမိတ်ဆက်ပွဲကို စက်တင်ဘာလဒုတိယပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က ခြွေလှေ့စက်ဖြင့် ပြောင်းရိတ်သိမ်း ခြွေလှေ့ခြင်း အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မိုးစပါးစိုက်ခင်းများတွင် နှံစုတ်ငှက်များကြောင့် ထွက်နှုန်းကျဆင်းမည်ကို စိုးရိမ်နေ

**ရေတာရှည် စက်တင်ဘာ ၁၈-** ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများသည် ယခုအချိန်၌ အနှံများထွက်လျက်ရှိရာ စပါးနှံစုတ်စာလေးငှက်အုပ်များကြောင့် ထွက်နှုန်းထိခိုက်မည်ကို တောင်သူများအနေဖြင့် စိုးရိမ်မှုများလည်းရှိနေသည်။ ကျေးလက်တောရွာများတွင် အများဆုံးကျက်စားနေထိုင်သည့် စာလေးငှက်အုပ်များသည် ပေါက်ပွားနှုန်းမြင့်မားကာ စပါးစိုက်ခင်းများရှိရာသို့ ကောင်ရေရာနှင့်ချီကာရောက်ရှိလာလေ့ရှိပြီး ငှက်အုပ်များကိုခြောက်လှန့်ရန် တောင်သူများအနေဖြင့် နည်းလမ်းမရှိအောင်ဖြစ်ကြရကြောင်း ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ တောင်သူဦးဝင်းမြင့်က ပြောသည်။

"ကျွန်တော့် လယ်စပါးခင်းတွေဆို မနက်ပိုင်းကျရင် စာလေးအုပ်အကောင် ၃၀၀ ကျော်လိမ့်မယ်ထင်တယ်။ ဒီဘက်ကမောင်း ဟိုဘက်ကပြန်ကျတာပဲ။ စပါးထွက်နှုန်းတောင် လျော့မယ့်သဘောဖြစ်နေတယ်" ဟု ၎င်းက ဆက်၍ပြောသည်။ အချို့သော တောင်သူများသည် နှံစုတ်ငှက်များကို ကာကွယ်ရန်ပိုးသတ်ဆေးများ ပက်ဖျန်းလျက်ရှိပြီး ပိုးသတ်ဆေးပက်ဖျန်းထားသည့် စပါးခင်းများသို့ ငှက်အုပ်ဝင်ရောက်မှုသိသာစွာနည်းပါးသွားကြောင်း အင်ကျင်းကုန်းကျေးရွာနေတောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ပြောင်းလဲချိန်အလွန် မြန်မာ့လယ်ယာကဏ္ဍမှာ ဘာတွေလိုအပ်နေလဲ

## ဖြိုးလွင်အောင်(AMIA)

**ဖြစ်စဉ် (၁)**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ရွာတွင် အဆက်မပြတ်ရွာနေသော မိုးနှင့် မြစ်ရေနစ်မြုပ်မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် လယ်ယာများကို ပြန်လည်စိုက်ပျိုးရန် လယ်သမားများ ပျိုးထောင်နေကြပြီဖြစ်သည်။ ပျိုးမထောင်ရသေးသော လယ်သမားအများစုကလည်း ယခုနှစ် မိုးစပါးအမီ ပျိုးထောင်နိုင်ရန် ပြင်ဆင်နေကြသည်။ မိုးရာသီကုန်ဆုံးတော့မည် ဖြစ်သော်လည်း အဆက်မပြတ်ရွာနေသော မိုးက ၎င်းတို့အတွက် အစိုးမရဘဲ ပျိုးပင်တွေ ရေနစ်နေသဖြင့် ယခုနှစ် မိုးစပါးကောင်းများ ထွက်မှထွက်ပါ့မလားဟု လယ် ၄၅ ဧက ကျော် ပိုင်ဆိုင်ထားသည့် ဦးမြင့်လွင်ရင်ထဲတွင် စိုးရိမ်မှုတွေ ရှိနေသေးသည်။

**ဖြစ်စဉ် (၂)**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဇီးကန်ကျေးရွာတွင် လမသာသော ညများက သုံးလေးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ ဇီးကန်ကျေးရွာအတွင်း စပါးစိုက်တောင်သူများ ညဘက်စုဖွဲ့ထိုင်လေ့ရှိသော လက်ဖက်ရည်ကြမ်း စကားဝိုင်းကလည်း အရင်တစ်ပတ်ကလောက် လူမစည်ကားတော့ဘဲ နှစ်ဦး၊ သုံးဦးသာ ရှိတော့သည်။

"ချေးငွေက အဓိက မဟုတ်ဘူးဗျ။ အဆင့်မြင့်လယ်ယာတွေ ဖော်ဆောင်ဖို့ပဲ" ဟု ဇီးကန်ကျေးရွာနေ လယ်စိုက်တောင်သူ ဦးအောင်မြင့်သောင်းက စကားစလိုက်သည်။

**ဖြစ်စဉ် (၃)**

မြန်မာ့စပါးကျီဟု တင်စားခေါ်ဝေါ်သော ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျွဲ၊ နွားရှားပါးမှုက တစ်နေ့ထက် တစ်နေ့ ပိုမိုဆိုးရွားလာသည်။ စက်မှုလယ်ယာဟု ဆိုနေသော်လည်း သိန်းဆယ်ဂဏန်းနီးပါးရှိသော အဆိုပါစက်များကို ဝယ်နိုင်ရေး မလွယ်သေး။ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဝါးတောကျေးရွာအုပ်စု ရေနံချောင်းကျေးရွာနေ တောင်သူ ဦးလှဌေးတွင် လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ အရစ်ကျဝယ်နိုင်ရေးအတွက် လုံးလည်ချာလည် လိုက်နေသည်။ "တစ်နှစ်တစ်ရာသီမှာ သီးနှံတစ်ကြိမ်သာပေါ်တဲ့ တောင်သူတွေအနေနဲ့ ဒီစက်တစ်လုံးအတွက် ငွေအကျေပေးလိုက်ရသလို ဖြစ်နေတယ်"ဟု လယ်သမား ဦးလှဌေးက ညည်းညူရင်း ပြောသည်။

အထက်တွင် ဖော်ပြခဲ့သော ဖြစ်စဉ်သုံးခုလုံးမှာ စိုက်ပျိုးရေးကို အဓိက အားထားသော မြန်မာနိုင်ငံ၏ အရေးပါသော ဒေသကြီးသုံးခုမှ တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၏ ပဏာမဖြစ်သည်။

အခြားအခက်အခဲများလည်း ရှိနေသေးသည်။ ဖောက်ပြန်လေ့ရှိသော ရာသီဥတုက အစိုးမရခြင်း၊ အစဉ်အဆက် ခိုင်မာမှုမရှိခဲ့သော ဆည်ပြဿနာများ၊ စိုက်ပျိုးရေး နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများနှင့် နှစ်ရှည် စိုက်စရိတ် ထုတ်ချေးခွင့်မရခြင်းတို့ကလည်း စိန်ခေါ်မှုများ ဖြစ်နေသည်။ အဆိုပါ စိန်ခေါ်မှုများထဲတွင် ကျွဲ၊ နွားများအတွက် အစာရေစာ လုံလောက်မှု မရှိခြင်း၊ တစ်ဆက်တည်းဆိုရလျှင် စက်ကိရိယာပိုင်းများအတွက် ငွေကြေးခက်ခဲခြင်းများကလည်း အခြား မျက်နှာစာ တစ်ဖက်တွင် ရှိနေပြန်သေးသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ပြီး အများစုမှာ တောင်သူလယ်သမားများ ဖြစ်သည်။ အစိုးရသစ် လက်ထက်တွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် အစိုးရသစ်က ဘာလုပ်ပေးနိုင်မည်နည်းဟု စိတ်ဝင်တစား မေးခွန်းထုတ်မှုများလည်း ရှိနေကြသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသစ်က မြန်မာလယ်ယာမြေများကို မည်သို့မည်ပုံ မူဝါဒသစ်များ ထားရှိပေးမလဲဟု လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်နေသော တောင်သူအားလုံးက မျှော်လင့်ချက်ကြီးကြီး ထားနေကြသည်။

အစိုးရသစ်တက်လာပြီး ပထမ ရက် ၁၀၀ စီမံကိန်းကာလ ကျော်ပြီးနောက်ပိုင်း ပြောင်းလဲချိန်လွန်ကာလ မြန်မာ့လယ်ယာကဏ္ဍ ဘယ်လောက်အထိ ပြောင်းလဲရန် လိုအပ်နေပြီး မည်သည့်ကဏ္ဍများတွင် အပြောင်းအလဲများ စတင်နေပြီလဲဆိုသည့် အချက်မှာ စိတ်ဝင်စားစရာ ကောင်းနေသည်။

အစိုးရသစ်တက်ပြီး လယ်သမားများအတွက် ဖွဲ့ဆော်ဦး အပြောင်းအလဲအနေဖြင့် စတင်လိုက်သည့်ကိစ္စမှာ လယ်တစ်ဧကကို ယခင်က စိုက်ပျိုးစရိတ် ငွေကျပ်တစ်သိန်း ချေးငွေပေးနေရာက တစ်သိန်းငါးသောင်းထိ တိုးမြှင့်ချေးပေးခဲ့သည်။

သို့သော် အဆိုပါ ဆောင်ရွက်မှုမှာ ကန့်သတ်ချက်များစွာ ရှိနေခြင်းကလည်း အခက်အခဲများ ဆက်လက်ရှိနေဆဲဖြစ်သည်ဟု တောင်သူများက ဖွင့်ဟကြသည်။

အစိုးရက ထုတ်ချေးပေးသော ငွေကျပ် တစ်သိန်းငါးသောင်းမှာ အများဆုံး လယ် ၁၀ ဧက အတွက်သာ ချေးပေးခြင်းဖြစ်ပြီး ၁၀ ဧကကျော် လယ်များအတွက် အကျုံးဝင်မှု မရှိချေ။ ထို့အပြင် ယခင်နှစ်က ဝိုင်းကြီးချုပ် ချေးငွေရယူခဲ့သူများ အစုအဖွဲ့မှ တစ်ဦး၊ တစ်ယောက်က ချေးငွေပြန်မဆပ်လျှင် အဆိုပါ တစ်ဖွဲ့လုံးကို ချေးငွေမပေးရန် သတ်မှတ်ထားသည်။

"ချေးငွေကလည်း ၁၀ ဧကအထိပဲ ရကြတာလေ။ ရတာက ၁၅ သိန်း၊ ကျန်တာက ကိုယ့်ရှိလည်း ကိုယ့်ဟာကို ထည့်ပေါ့။ မရှိတော့လည်း ချေးငှားထည့်ရတာပေါ့။ ကျွန်တော်ဆို ဧက ၄၀ ရှိတယ်။ ဧက ၄၀ ဆို အားလုံးအပြီးအစီး သိန်း ၈၀ လောက်ကုန်တယ်"ဟု ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ရွာနေ လယ်သမား ဦးမင်းလွင်က ဖွင့်ဟသည်။

စိုက်စရိတ် ကြီးမားလာသည့် ပြဿနာ အပါအဝင်၊ စိုက်ပျိုးရေး သွင်းအားစုအတွက် အသုံးပြုရသော ကုန်ကျစရိတ် ပြန်လည်ထည့်ဝင်ရသည့် အခြေအနေများကလည်း စိုက်စရိတ် တစ်ဧက တစ်သိန်းငါးသောင်းက လယ်သမားများအတွက် မလုံလောက်သည့် အခြေအနေဖြစ်နေပြန်သည်။

"အခုအစိုးရကပေးတဲ့ ချေးငွေကျပ် တစ်သိန်းခွဲဆိုတာက ဘာဖြစ်လို့လဲဆိုတော့ ကောက်စိုက်စရိတ်တင်ပဲ တစ်ဧက ငါးသောင်း လောက်ကုန်မယ်၊ လယ်ထွန်ယက်စရိတ်က အနည်းဆုံး လေးသောင်း၊ ငါးသောင်း လောက်ကုန်မယ်၊ အဲ့ဒီမှာပဲ တစ်သိန်း လောက်ကုန်သွားပြီ။ နောက် မျိုးစပါးနဲ့ ဒီ့ပြင် ဘာညာနဲ့ဆို အဲ့ဒီတစ်သိန်းခွဲက မလောက်ဘူး"ဟု ဦးမင်းလွင်က ဆက်ပြောသည်။

ပြုပြင်ပြောင်းလဲမှုများဖြင့် အစပြုနေသည့် အစိုးရသစ်အနေဖြင့် နှစ်တိုစိုက်စရိတ်များ ပေးနေခြင်းထက် ကာလရှည်၊ နှစ်ရှည်စိုက်စရိတ်များ ထုတ်ချေးပေးနိုင်ရေးကို လယ်သမားအများစုက မျှော်လင့်ချက်ထားနေကြသည်။

"အခုလို ကာလတိုချေးတာက လယ်သမားတွေအတွက် သိပ်အဆင်မပြေဘူး။ ဖြစ်နိုင်ရင်တော့ နှစ်အလိုက် ချေးပေးစေချင်တယ်။ အနည်းဆုံး နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် ချေးပေးနိုင်ရင်တော့ အဆင်ပြေတယ်"ဟု ဦးမင်းလွင်က ပြောသည်။

အဆိုပါအချက်ကို ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မအူပင်လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက ထောက်ခံသည်။

"စိုက်ပျိုးစရိတ် ငွေကျပ် တစ်သိန်းခွဲဆိုတာ တကယ်တော့ မလောက်ပါဘူး။ တကယ်တမ်း ဘာသီးနှံစိုက်စိုက် အနည်းဆုံး ငွေကျပ် နှစ်သိန်းလောက် ကုန်တယ်။ အခုချေးငွေပေးတာကလည်း စပါးကိုပဲပေးမယ်။ တခြားသီးနှံမပေးဘူးဆိုတော့ အခြားဆီထွက်သီးနှံ ဆီကမစားတော့ဘူးလားပေါ့။ ကျွန်တော်ဖြစ်စေချင်တာကတော့ ဘယ်သီးနှံပဲစိုက်စိုက် အမှန်တကယ်သီးနှံစိုက်တယ်ဆို ချေးပေးစေချင်တယ်။ ဒါမှလည်း တောင်သူလယ်သမားတွေက စိုက်စရိတ်မရှိတာကို ကျော်လွှားနိုင်မယ်"ဟု ပြောသည်။

**ဖောက်ပြန်လေ့ရှိသော ရာသီဥတုက အစိုးမရခြင်း၊ အစဉ်အဆက်ခိုင်မာမှုမရှိခဲ့သော ဆည်ပြဿနာများ၊ စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ အခက်အခဲများနှင့် နှစ်ရှည် စိုက်စရိတ်ထုတ်ချေးခွင့် မရခြင်းတို့ကလည်း စိန်ခေါ်မှုများ ဖြစ်နေသည်။ အဆိုပါ စိန်ခေါ်မှုများ ထဲတွင် ကျွဲ၊ နွားများအတွက် အစာရေစာလုံလောက်မှု မရှိခြင်း၊ တစ်ဆက်တည်းဆိုရလျှင် စက်ကိရိယာ ပိုင်းများအတွက် ငွေကြေးခက်ခဲခြင်းများကလည်း အခြားမျက်နှာစာ တစ်ဖက်တွင်ရှိနေ**

နောက်ထပ် စိန်ခေါ်မှုတစ်ခုက အစိုးရအဆက်ဆက် အားနည်းခဲ့သည့် ဆည်တည်ဆောက်ရေးပိုင်းများ ဖြစ်နေသည်။

"နွေစပါးဖြစ်စေ၊ မိုးစပါးဖြစ်စေ ဒီတူးမြောင်းတွေက အဆင်ကို မပြေတော့တာ။ နွေရာသီ ရေရှားတဲ့အခါ ရေမရဘူး၊ မိုးရာသီရေများတော့ အဲ့ဒီဆည်တွေက ဖောက်ချတဲ့ရေတွေ လယ်ထဲဝင်တော့ စပါးတွေရေမြုပ်ပြီး ဒုက္ခရောက်ကုန်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဇီးကန်ကျေးရွာနေ ဦးအောင်မြင့်သောင်းက ၎င်း၏အခက်အခဲကို ထုတ်ဖော်ပြောကြားသည်။

ရာသီဥတု အစိုးမရသည့် မြန်မာနိုင်ငံတွင် ဆည်မြောင်းပြဿနာကို စနစ်တကျ ဖြေရှင်းရန် လွှတ်တော်ဘက်ကလည်း ဆန္ဒရှိနေသည်။

"အောက်မြန်မာပြည်မှာ ကောနေတဲ့မြောင်းတွေ တူးရမယ်၊ ရေတံခါးတွေ၊ ရေထိန်းတံခါးတွေ ပြန်စိစစ်ရမယ်။ ဒီလို Application စနစ်တွေကို ကောင်းအောင်လုပ်မှ လူတွေရော၊ လယ်ယာသီးနှံတွေပါ ရေကြီးနစ်မြုပ်မှုဒဏ်က သက်သာမယ်၊ ခံနိုင်ရည်ရှိမယ်"ဟု မအူပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက ပြောသည်။

၎င်းက အစိုးရသစ်အနေဖြင့် အဆိုပါ ဆည်ပြဿနာများကို ဦးစားပေးဖြေရှင်းရန် လိုအပ်ကြောင်း လက်ခံထားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းကတော့ "တချို့ဆည်တွေဟာ သက်တမ်းကြာမြင့်လာပြီ ဖြစ်တဲ့အတွက် မြောင်းစနစ်ပျက်စီးတာတွေ ရှိပါတယ်။ ရေရှားချိန်မှာ ရေမရတာဟာ မြောင်းစနစ်မကောင်းလို့လည်း ဖြစ်နိုင်သလို ရေအဝင်နည်းလို့ ရေမပေးနိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ဆည်ရေသောက်စနစ်မှာ မြောင်းတွေကောင်းဖို့ အရေးကြီးတာကြောင့် နိုင်ငံတော်ဘဏ္ဍာငွေအပါအဝင် အခြားရရှိနိုင်မယ့် နည်းလမ်းတွေ ရှာဖွေပြီး ပြင်ဆင်ထိန်းသိမ်းဖို့ ရှိပါတယ်"ဟု ပြောသည်။

မြန်မာ့လယ်ယာလုပ်ငန်းအတွက် မူဝါဒအချို့ထားပြီး ဆောင်ရွက်မှုများတွင် တောင်သူပညာပေးလုပ်ငန်းများကို ပိုမိုအာရုံစိုက်ပေးရန်အတွက် လယ်ယာ စိုက်ပျိုးရေးပညာရှင်များကလည်း လိုလားနေကြသည်။

"စိုက်ပျိုးရေးဝန်ထမ်းအင်အား အလုံအလောက်နဲ့ နည်းပညာမှန်ကန်တဲ့ စိုက်ပျိုးရေး ပညာပေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ဝန်ထမ်းတွေ ပိုပြီးတိုးမြှင့် ခန့်ထားရေးနဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်တယ်"ဟု ပြင်ပစိုက်ပျိုးရေးပညာပေးအကြံပေးပညာရှင် ဦးမြင့်လွင်က အကြံပြုထားသည်။

"လယ်သမားတွေအားလုံးမှာ နည်းပညာလိုတယ်။ ဒီနည်းပညာကို လယ်သမားက လုပ်နိုင်ဖို့က နိုင်ငံတော်ရဲ့အားပေး အားမြှောက် ပြုမှုရယ်၊ နည်းပညာပံ့ပိုးမှုရယ်က အများကြီးလိုအပ်တယ်။ အခုက ကျွန်တော်တို့ဘက်မှာ အစိုးရရဲ့ စိုက်ပျိုးရေးဝန်ထမ်းကိုက ဘာမှကို မရှိတာ။ အဲ့ဒီတော့ ကျွန်တော်တို့ လိုတာက နည်းပညာပဲလေ" ဟု ဇီးကန်ကျေးရွာနေ လယ်သမား ဦးအောင်မြင့်သောင်းက ပြောသည်။

တောင်သူ တိုးချဲ့ပညာပေးပိုင်းဆိုင်ရာ ကိစ္စများတွင် အားနည်းချက်ကြီးကြီး ရှိနေသလို တောင်သူများအတွက် နောက်ထပ်ရင်ဆိုင်နေရသည့် အခက်အခဲတစ်ရပ်မှာ စပါးမျိုးကောင်းမျိုးသန့်များရရှိရေး ဖြစ်သည်။

ယခင် အစိုးရ အဆက်ဆက် လက်ထက်က ၎င်းတို့ တိုက်တွန်းသော မျိုးစပါးများကို ဖိအားပေးစိုက်ပျိုးခိုင်းသည်များ ရှိခဲ့သည်။ လက်ရှိအစိုးရသစ်အနေဖြင့် ဒေသနှင့် ကိုက်ညီပြီး တောင်သူများ စိုက်ပျိုးလိုသည့် မျိုးစပါးများကို ဖြန့်ဝေပေးသွားမည်ဟု ပြောထားပြီး အမှန်တကယ် တောင်သူများစိုက်ပျိုးလိုသည့် မျိုးစပါးများကို ရောင်းချပေးနိုင်ဖို့ စီစဉ်ထားရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက အကြံပြုထားသည်။

"စိုက်ပျိုးရေးဆိုတာက ဒီနေရာ ပုလဲသွယ်စိုက်ရမယ်၊ ဟိုနေရာဘာစိုက်ရမယ်လို့ လုပ်လို့မရဘူး။ သူ့နေရာ၊ သူ့ရာသီ၊ သူ့အခြေအနေမှာ သူကြိုက်နှစ်သက်တဲ့ မျိုးစိုက်တာကိုပဲ ဆောင်ရွက်ပေးရမယ်။ အဲ့ဒီကြိုက်တဲ့မျိုးကိုမှ အစိုးရက မျိုးကောင်း မျိုးသန့်တွေဖန်တီးပေးရမယ်။ ပုလဲသွယ်စိုက်ဆိုတိုင်း ဧရာဝတီတိုင်းဒေသကြီးမှာ ပုလဲသွယ်ကို နေရာတကာတိုင်း စိုက်လို့မရဘူး"ဟု ၎င်းက ထောက်ပြပြောဆိုသည်။

ပြီးခဲ့သည့် ဇွန်၊ ဇူလိုင် လများအတွင်းက မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် မြစ်ရေမြင့်တက်မှုကြောင့် လယ်ယာဧကပေါင်း ငါးသိန်းကျော် နစ်မြုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်က ရေနစ်မြုပ်မှုထက် ဧကနှစ်သိန်းကျော် ပိုမိုနစ်မြုပ်ခဲ့သည်။

ရေနစ်မြုပ်မှုကြောင့် ယခုနှစ် မိုးစပါးအထွက်နှုန်း လျော့ကျမသွားစေရန်အတွက် ရက်ပေါင်း ၉၀ အတွင်း ရိတ်သိမ်းနိုင်မည့် သက်တမ်းတို မျိုးစပါးတင်းပေါင်း ခြောက်သောင်းကျော်ကို ရေနစ်မြုပ်သည့်ဒေသများကို ပေးဝေထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသောနိုင်ငံဟု အစိုးရအဆက်ဆက် ကြွေးကြော်ခဲ့သော်လည်း အိမ်နီးချင်း အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့်ယှဉ်လိုက်ပါက နောက်ကောက်ကျနေသည်မှာ အတော်ကြာခဲ့ပြီ ဖြစ်သည်။

ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ကြည့်လျှင် ၂၀၁၄၊ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ စပါးတန်ချိန် ၂၆ သန်းခွဲ၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၇ သန်းနီးပါး၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် သန်း ၇၀ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၄၄ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်ဟု ယခင်နှစ် နိုင်ငံတကာ ဆန်ထုတ်လုပ်ခဲ့သည့် ကိန်းဂဏန်းများကို လေ့လာချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် လယ်သမားတစ်ဦး၏ မိုးစပါးတစ်ရာသီ စိုက်ပျိုးမှုမှ ရရှိသည့် ဝင်ငွေသည် အာဆီယံနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်နေကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ စာရင်းများအရ မြန်မာနိုင်ငံမှ လယ်သမားတစ်ဦး၏ မိုးစပါးတစ်ရာသီ လယ်တစ်ဟက်တာ (၂ဒသမ ၅ ဧကကျော်) စိုက်ပျိုးမှုအတွက် ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁၄ ဒေါ်လာခန့်သာ ရှိသည်။

အာဆီယံနိုင်ငံများထဲမှ မြန်မာကဲ့သို့ ဖွံ့ဖြိုးမှုအားနည်းသည့် ကမ္ဘောဒီးယားနိုင်ငံမှ လယ်သမားတစ်ဦး၏ မိုးစပါးတစ်ရာသီစိုက်ပျိုးမှုမှ ရရှိသည့် ဝင်ငွေမှာပင် အမေရိကန်ဒေါ်လာ ၃၀၀ ကျော်ရရှိသည်ဟု ကမ္ဘာ့ဘဏ်မှ အကြီးတန်း စိုက်ပျိုးစီးပွားရေးပညာရှင် ဒေါက်တာဆာဂျီဇော်ယာ၏ မြန်မာနိုင်ငံစိုက်ပျိုးရေး အခြေအနေ ဖော်ထုတ်ချက်စာတမ်းတွင် ဖော်ပြထားသည်။

လယ်သမားတစ်ဦးချင်းစီ၏ ဝင်ငွေလျော့နည်းရခြင်းမှာ တစ်ဧက အထွက်နှုန်း တိုးအောင် မလုပ်ဆောင်နိုင်ခြင်းကြောင့်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများက ထောက်ပြပြောဆိုထားကြသည်။

လယ်ယာစိုက်ပျိုးရေးကို ဦးစားပေးသောနိုင်ငံဟု အစိုးရအဆက်ဆက် ကြွေးကြော်ခဲ့သော်လည်း မြန်မာ့လယ်ယာကဏ္ဍ ကျန်းမာရေးချူချာခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်သည်။

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲအပြီး ပြည်သူအများ ရွေးချယ်တင်မြှောက်ခဲ့သော အစိုးရသစ်လက်ထက်တွင် ကျန်းမာရေးမကောင်းခဲ့သော မြန်မာ့လယ်ယာကဏ္ဍကို မည်သို့ပြန်လည်ကုစားပေးနိုင်မလဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်ဟု စိုက်ပျိုးရေးပညာရှင်များက တညီတညွတ်တည်း မှတ်ချက်ပြုကြသည်။

အစိုးရသစ်အနေနဲ့ ဆည်ရေသောက်စနစ်များ တိုးချဲ့တည်ဆောက်ပေးမှု၊ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပေးမှု၊ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရန်စီမံမှု၊ စိုက်ပျိုးသီးနှံများ ထိခိုက်မှုအနည်းဆုံးနှင့် ထုတ်လုပ်နိုင်ရန် ဒေသနှင့် ကိုက်ညီသည့် သီးနှံများ ပြောင်းလဲဖော်ဆောင်ရေးကဏ္ဍများကို ဦးစားပေး ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။

အထက်တွင်ဖော်ပြခဲ့သော တောင်သူဦးကြီးများ၏ လယ်တောထဲက အခက်အခဲများစွာကို ပြောင်းလဲချိန်ကာလအတွင်းမှာ မည်မျှအကောင်အထည်ဖော်နိုင်မလဲ ဆိုသည်ကိုတော့ စောင့်ကြည့်ရပေဦးမည်။

# တီကျစ်စာမြေသြဇာ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များတွင် အထောက်အကူပြု

**သတင်း-ဇင်ဦး၊ ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**



**နေပြည်တော် စက်တင်ဘာ ၁၈**

တိုးတက်သော နိုင်ငံအများအပြား၌ စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များကိုဦးစားပေးဖော်ဆောင်လာကြသည်။ အလားတူစိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးကြသည့် မြန်မာနိုင်ငံတွင်လည်း အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးစနစ်ကောင်းများကိုလည်း ဖော်ဆောင်လာလျက်ရှိသည်။

ယခုအခါ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်များတွင်အထောက်အကူဖြစ်စေမည့် ဇီဝဓာတ်မြေသြဇာသုံးစွဲခြင်း၊ သစ်ဆွေး၊ မီးခိုးမှိုင်း၊ သစ်စိမ်းစစ်ရည် စသည်များကို ဇီဝနှိုးဆွအရည်များအဖြစ် အသုံးပြုကြသည်။ ယင်းအဏုဇီဝ နည်းစနစ်ဖြင့် ထုတ်လုပ်သောစိုက်ပျိုးရေး အထောက်အကူပြုဆေးဝါးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် တီကျစ်စာမြေဖြင့် မြေသြဇာထုတ်လုပ်၍ စမ်းသပ်အသုံးပြုခြင်းကိုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းဇီဝမြေသြဇာထုတ်လုပ်နေမှုနှင့် ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလနှင့် သတ္တဗေဒဌာနမှ ပါမောက္ခဒေါက်တာဒေါ်သီတာဦးက "ဌာနအနေနဲ့ တီကောင်လေးတွေကနေ တီကျစ်စာထုတ်ပြီး မြေသြဇာအဖြစ် အသုံးပြုဖို့ ဆောင်ရွက်နေပါတယ်။ တီကောင်တွေဆိုတာက မြေကြီးထဲမှာနေကြတော့ မြေဆီတွေကိုစားတယ်။ သူတို့ကနေပြီး အညစ်အကြေးစွန့်ထုတ်လိုက်တဲ့ တီကျစ်စာ အတောင့်လေးတွေကို မြေသြဇာအဖြစ် အသုံးပြုဖို့က အင်မတန် ကောင်းပါတယ်။ အခုခေတ်က ပိုးသတ်ဆေးအန္တရာယ်ကိုလည်း အတတ်နိုင်ဆုံး လျှော့ချဖို့၊ အန္တရာယ်ကင်းဖို့လုပ်နေတဲ့ အချိန်ဆိုတော့ တီကျစ်စာ မြေဆွေးလေးတွေကို မြေသြဇာအဖြစ် အသုံးပြုပြီး ဓာတုမြေသြဇာအသုံးပြုမှုကို လျှော့ချနိုင်ပါတယ်။ ဓာတုမြေသြဇာကိုမသုံးဘဲ သဘာဝမြေသြဇာကို အသုံးပြုနိုင်ရင် ဘယ်လောက်ကောင်းမလဲဆိုပြီး ကျောင်းမှာ ပထမနှစ်ကလေးတွေကို တီကျစ်စာမြေသြဇာထုတ်နည်းကို သင်ပေးနေပါတယ်" ဟု ပြောသည်။



ဇီဝမြေသြဇာ ထုတ်လုပ်ပုံနည်းစနစ်နှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် "လုပ်နည်းကအင်မတန်လွယ်ပါတယ်။တောင်သူတိုင်း ကိုယ့်အိမ်တစ်နိုင်လုပ်လို့လည်း ရပါတယ်။ ဘာအရင်းအနှီးမှလည်းမလိုပါဘူး။

အိမ်မှာမသုံးတော့တဲ့ ပလတ်စတစ်ပုံးအဟောင်း၊ အိုးအဟောင်းတွေကို အသုံးပြုပြီး တီကျစ်စာ မြေဆွေး ထုတ်လို့ရပါတယ်။ အဲဒီပလတ်စတစ်ပုံး (သို့) အိုးတွေရဲ့ အောက်ခြေမှာ တစ်လက်မအချင်းရှိတဲ့ အပေါက်ကလေး ဖောက်ပေးရပါမယ်။ ပြီးရင် အုတ်ကျိုးအပဲ့ ဒါမှမဟုတ် ကျောက်စရစ်ခဲတွေကို အောက်ခံအလွှာအဖြစ် ထည့်ရမယ်။ ပြီးရင် မြေဆွေး၊ နွားချေးဆွေးတစ်လွှာ ထည့်မယ်။ အဲဒီနောက် သစ်ရွက်ဆွေး တစ်လွှာထည့်မယ်။ ပြီးရင်တော့ တီကောင်ထည့်မယ်၊ တီကောင်ရဲ့ အစာအဖြစ် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်း၊ ငှက်ပျောအူနဲ့ ဗေဒါတို့ကို အသုံးပြုလို့ရပါတယ်။

မီးဖိုချောင်သုံးပစ္စည်းမှာ ဆားတို့၊ ငရုတ်သီးတို့၊ သံပရာသီးခွံတို့တော့ မပါရဘူး။ ခုနက စွန့်ပစ်တဲ့ပစ္စည်းလေးတွေနဲ့ သစ်ရွက်ဆွေးလေးတွေထဲကို တီကောင်လေးတွေ ထည့်မယ်။ နေ့စဉ်ရေကို နှံ့စပ်အောင် နည်းနည်းချင်းပက်ဖျန်းပေးမယ်။ တီကောင်လေးတွေက ကြာလာရင် ပွားလာမယ်။ အဲဒီမှာ တီကျစ်စာတွေ အများကြီးရလာမယ်။ ပြီးတော့ ပုံးရဲ့အောက်ခြေကနေ အရည်တွေ ကျလာမယ်။ အဲဒါတွေကိုစုပြီး သီးနှံပင်တွေပေါ်ကိုလောင်းမယ်။ ဒါကတော့ သဘာဝ တီကျစ်စာကို သုံးပြီး ဓာတုမြေသြဇာတွေကို လျှော့ချဖို့အတွက် အသုံးပြုဖို့ အကောင်းဆုံးနည်းလမ်းပါ" ဟု ၎င်းကဆက်ပြော သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလနှင့် သတ္တဗေဒဘာသာရပ်ကို သင်ကြားလျက်ရှိသည့် ကျောင်းသားများကိုလည်း ယင်းနည်းလမ်းများနှင့် တီကျစ်စာမြေသြဇာကို ထုတ်လုပ်လျက်ရှိပြီး ကျောင်းမှ စိုက်ခင်းများတွင် လက်တွေ့အသုံးပြုလျက်ရှိသည်။ စိုက်ကွင်းထဲတွင်လည်း အုတ်ကန်များ၊ ကွန်ကရစ်ခွေတစ်ရာဖြင့် မွေးမြူထားကြောင်း၊ ဓာတုမြေသြဇာများကို လွန်ကဲစွာ အသုံးပြုမှုကြောင့် လူကိုလည်း အန္တရာယ်ဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင် အတွက်လည်း ဆိုးကျိုးများဖြစ်စေနိုင်ကြောင်း ၎င်းက ပြောသည်။

"ကျောင်းမှာကအနယ်နယ်အရပ်ရပ်ကလာတဲ့ တောင်သူလယ်သမားသားသမီးတွေကများတယ်။ ပထမနှစ်မှာတော့ တစ်ဖွဲ့ချင်း မွေးတဲ့ပုံစံလေးတွေအရင်ပြလိုက်တယ်။ ကြာလာတဲ့အခါကျတော့ စုထားတဲ့ မြေဆွေးလေးတွေစုမယ်။ ကျလာတဲ့အရည်လေးတွေစုမယ်။ သူတို့လိုချင်ရင်လည်းပေးလိုက်တယ်။ သူတို့အိမ် ရောက်သွားတဲ့အခါကျတော့တီကောင်လေးတွေကိုမွေးပြီး အိမ်မှာစိုက်တဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းလေးတွေထဲကိုဖျန်းကြတယ်။ ဒါကတစ်ပိုင်တစ်နိုင်နည်းပေါ့။ ပထမနှစ်မှာက ကျောင်းသား ၄၀၀ ရှိတယ်ထားဦး၊ အဲဒီကျောင်းသား ၄၀၀ က မိသားစု ၄၀၀ ကိုပြန့်သွားမယ်။ အဲဒီမှာ တောင်သူ ၄၀၀ ကို ခေါ်စရာမလိုတော့ဘူး။ အဲဒီလို တစ်နှစ်တစ်နှစ်လုပ်လိုက်တဲ့အခါကျတော့ တောင်သူတွေက အချင်းချင်းပြန်ပြရင်း ပြန့်သွားမယ်။ သူတို့က ကောင်းမှန်းလည်း သိတယ်။ လုပ်တဲ့နည်းက မခက်တဲ့အတွက် တောင်သူတိုင်းလုပ်နိုင်တယ်။ ဆရာမတို့အနေနဲ့ တီကောင်တွေကိုလည်းပွားပေးလို့ရတယ်။ တီကျစ်စာမြေသြဇာကို တောင်သူပညာပေးသင်တန်းတွေလုပ်တဲ့အခါ တောင်သူတွေက ဝယ်ချင်တဲ့အခါမှာ ရောင်းပေးပါတယ်။ ၁ ကီလိုကို ၁၀၀၀ နဲ့ ရောင်းပေးပါတယ်။ ဈေးနည်းနည်းများပေမယ့် အသုံးပြုတဲ့အခါမှာထိရောက်ပြီးတော့ အန္တရာယ်လည်းကင်းစေပါတယ်။ များများဖြန့်ဖို့က အခုတော့မရသေးပါဘူး။ နောက်ကျရင် များများဖြန့်နိုင်ဖို့ လုပ်ဆောင်သွားမှာပါ" ဟု ဒေါက်တာဒေါ်သီတာဦးက ဆက်လက်ပြောသည်။

တီကျစ်စာမြေသြဇာကို ထုတ်လုပ်ပုံနှင့် ရရှိမည့်အကျိုးကျေးဇူးများမှာ တီကျစ်စာမြေသြဇာအား တီကျစ်စာမြေဆွေးစတင်ပြုလုပ်၍ သုံးလတွင် စတင်ရရှိနိုင်ပြီး တီကျစ်စာမြေဆွေးကို သုံးလတစ်ခါ စုဆောင်းရယူနိုင်သည်။ တီကျစ်စာမြေဆွေးရည်ကို တီကျစ်စာမြေဆွေးပြုလုပ်ပြီး တစ်လအကြာတွင် စုဆောင်း ရယူနိုင်သည်။

တီကျစ်စာမြေဆွေးရည် ၁း၁၀ ဆ (မြေဆွေးရည် တစ်လီတာလျှင် ရေ ၁၀ ဆ) ရောပြီးအသုံးပြုနိုင်သည်။ စပါးသီးနှံအတွက် ၁၀၀၀ ကီလိုဂရမ်၊ နေကြာ၊ ပြောင်း၊ ကြံ၊ ဝါ ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီနှင့် အာလူး၊ ခရမ်းချဉ်၊ ကြက်သွန်ဖြူ စသည့် သီးနှံများအတွက် ၁၀၀၀-၁၅၀၀ ကီလိုဂရမ်ဖြင့် အသုံးပြုနိုင်ကြောင်း သိရသည်။

# ရေစကြိုမြို့မှ သီးနှံဈေးနှုန်းမခိုင့်တခိုင်

**ရေစကြို စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ ဒေသခံတောင်သူများ မိုးဦးသီးနှံပေါ်စ ယခုကာလတွင် သီးနှံဈေးနှုန်းများ ကျဆင်းနေမှုကြောင့် အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။

"ဒီနှစ်သီးနှံဈေးနှုန်းတွေကျတာ အတော့်ကိုဆိုးပါတယ်။ သီးနှံတစ်မျိုးစ၊ နှစ်မျိုးစ ဆိုသလိုပဲ ဈေးနှုန်းကျပြီး ကျန်သီးနှံတွေ ဈေးကောင်းတော့ နည်းနည်းခံသာပေမယ့် ဒီနှစ်မှာတော့သီးနှံအားလုံးလိုလို ဈေးနှုန်းတွေကကျနေတာ။ နှမ်းတစ်တင်း ငွေကျပ် ၂၀၀၀၀ ကျော်၊ ပဲတီစိမ်းတစ်တင်း ငွေကျပ် ၁၆၀၀၀ ကျော်၊ စီပီပြောင်းတစ်တင်းငွေကျပ် ၆၀၀၀ ကျော်ဆိုတော့ ကျွန်တော်တို့ တောင်သူတွေမှ တွက်ခြေမကိုက်ဖြစ်နေတယ်။

အရင်နှစ်က သီးနှံတစ်တင်းရောင်းရင် ဆန်တစ်တင်း ဝယ်လို့ရတယ်။ ဒီနှစ်က သီးနှံနှစ်တင်း ရောင်းရင်တောင် ဆန်ကောင်းတစ်တင်းမဝယ်နိုင်ဘူး။ ဒီနှစ်စိုက်ရ၊ ပျိုးရတာ ကလည်း ခါတိုင်းနှစ်နဲ့မတူဘူး။ အလုပ်သမားကရှားတော့ ခါတိုင်းနှစ်ထက်ပိုပြီးပေးရတယ်။ ဒီအတိုင်းဆိုရင် စားဝတ်နေရေးကျပ်တည်းလာမှာကိုတောင် စိုးရိမ်နေရပါတယ်"ဟု ဆင်ခြေယာရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**





# အပင်ဖျက်ပိုးကျ၍ ရေကြည်မြို့မှ တောင်သူများအခက်ကြုံ

**ရေကြည် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ရေကြီးနစ်မြုပ်၍ လယ်မြေများ ရေပြန်ကျသွားသည့်အခါ တချို့လယ်မြေများရှိ စပါးများကို ဓာတ်မြေသြဇာ၊ ပင်သန်ဆေးစသည်ဖြင့် ပြန်လည်ပြုစုရာတွင် စပါးခင်းအချို့မှာ အညွန့်များ၊ အပင်များ ပြန်လည်စိမ်းလန်းလာသော်လည်း စပါးခင်းအချို့မှာ ပျက်စီးခဲ့ရသည်။ သို့သော် ယခုရက်ပိုင်းအတွင်းတွင် အပွင့်စားပိုးများကျရောက်ပြီး ပြန်လည်ဖြစ်ထွန်းစ စပါးခင်းများကို အုပ်စုလိုက်ဖြန့်ကြက်စားသောက်နေသဖြင့် စပါးပင်များ ပြတ်တောက်ဖြုန်ကော ပျက်စီးခဲ့ပြီး ပိုးကျခံနေရသည့် စပါးစိုက်တောင်သူလယ်သမားများမှာ အားပြင်းဆေးများသုံး၍လည်းကောင်း၊ ဆေးမြီးတိုနည်းများဖြင့်လည်းကောင်း တတ်နိုင်သလောက် စုပေါင်းဖြေရှင်းနေကြောင်း သိရသည်။

"ကျွန်တော်တို့ စပါးခင်းတွေ လက်တွေ့ရေမြုပ်ဒဏ်ခံနေရပါတယ်။ စပါးခင်းတွေ အများစုပျက်ပါတယ်။ မပျက်တဲ့စပါးတွေကို ပိုးမွေးသလိုမွေးနေချိန်မှာ ပိုးကကျလာပြီး နေ့ချင်းညချင်း နာလန်ထစပါးတွေ၊ အရင့်ရော၊ အနုရောအစားခံရပါတယ်။ ရေမမြုပ်ခင် တစ်ကေ အရင်းငွေကျပ်နှစ်သိန်းကျော်ကုန်ခဲ့ပါပြီ။ အခုဆေးဖိုးက တစ်ကေ ငွေကျပ် ၅၀၀၀၀ လောက်ကုန်နေပေမယ့် ထိထိရောက်ရောက် မတားဆီးနိုင်သေးပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ရေကြီးပြီးရင် ဖြစ်လာတတ်တဲ့ ဆိုးကျိုးတွေကို ကွင်းဆင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ကြို့ကုန်းရွာမှ လယ်သမားတစ်ဦးဖြစ်သူ ကိုကျော်ဇေယျလွင်က ပြောသည်။

**သိန်းဇော်(ရွှေလီဦး)** ❑

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၇ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့မှ ၃-၁၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

